www.burmeseclassic.com

THOE SAUNG

BURMESE CLASSIC .com



# သိုးဆောင်း

ဆက်သိန်းပိုင်း

THOE SAUNG

# လက်ညှိုးထိုး၍ ပန်းဝေသည်

၂

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

[redacted]

သားသား၊ စိစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၉၂၊(၃၉)လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

ဆောင်း ၈၉၅.၈၃

( လက်ညှိုးထိုး၍ပန်းဝေသည် ကတ်သိမ်းပိုင်း ) သိုးဆောင်း ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃
-စာ၊ ၁၂၅၊ ၁၃.၅ စင်တီ။ (၁) လက်ညှိုးထိုး၍ပန်းဝေသည်

BURMESE CLASSIC .com

# လက်ညှိုးထိုး၍ ပန်းဝေသည်

(ကတ်သိမ်းပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

# လက်ညှိုးထိုး၍ ပန်းဝေသည်

(ဇာတ်သိမ်းပိုင်း)

BURMESE CLASSIC .com

## I

ချစ်သူတွေဖြစ်ပြီးနောက်ပိုင်း၌ ကျွန်တော်တို့နှစ်ဦးအတွက် ညနေချိန်များသည် လွန်စွာလှပ သာယာခဲ့သည်။ တစ်နည်းပြောရလျှင် သူမ၏ မြင်းဖြူလေးသည် ကျွန်တော်တို့အတွက် အကြောင်းပြချက်ကောင်းတစ်ခု ဖြစ်လာခဲ့၏။

မြင်းစီးမည်ဟူသော အကြောင်းပြချက်ဖြင့် ညနေတိုင်းလိုလို သူမ ကျွန်တော့်ဆီ ရောက်လာခဲ့ပါသည်။ ဦးချမ်းသာ၏ အာဏာစက်လွှတ်ရာ ရိုးမတောင်ခြေတစ်ခွင်သည် ကျွန်တော်တို့နှစ်ဦးအတွက် ဧဒင်ဥယျာဉ် ဖြစ်လာခဲ့၏။ ထိုဥယျာဉ်ထဲတွင် ကျွန်တော်တို့နှစ်ဦး မြင်းလျှောက်စီးကြသည်။ စကားတွေ ထိုင်ပြောကြသည်။

ကျွန်တော့်ကို ထပ်ပိုးတင်ဆောင်ပေးရသော်လည်း မြင်းဖြူလေးမှာ ညည်းညူဟန်မပြ။ ခါးကော့၊ လည်မော့စွာဖြင့်ပင် ကျွန်တော်တို့ချစ်သူနှစ်ဦးကို တာဝန်ကျေပေးရှာသည်။

တစ်ခါတစ်ရံတွင်တော့ သူမရော မြင်းဖြူလေးပါ ပျောက်နေတတ်၏။ ခြံထဲမှ အလုပ်သမားများအပေါ် ဦးချမ်းသာ ဒေါသပုန်ထသောင်းကျန်းနေသောအခါမျိုးတွင် သူမ အပြင်မထွက်ရဲ။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မျိုးမှာတော့ ကျွန်တော်တစ်ဦးတည်းသာ တွေ့နေကျ တောင်ကုန်းထက်တွင် အထီးကျန်ဆန်ရလေ့ရှိသည်။ ယိုးမယ်နဲ့ မတွေ့ခဲ့ရသည့်ညမျိုးမှာ ရွှေဂုံသည် ကျွန်တော့်အတွက် အကောင်းဆုံးအဖော်ဖြစ်ခဲ့သည်။ ကျွန်တော် လွမ်းဆွတ်ရင်ဖွင့်သမျှကို မညည်းမညူ နားထောင်ပေးရှာ၏။ တစ်ခါတစ်ရံတွင်လည်း အကြောင်းမဲ့စွာ နှစ်ရက်၊ သုံးရက်လောက် သူမ အပြင်မထွက်တတ်။

ထိုအခါမျိုး၌ ကျွန်တော့်မှာ နေမထိ ထိုင်မသာ။ ယိုးမယ် ကျန်းမာရေးများ မကောင်းလို့လား၊ ကျွန်တော်တို့အကြောင်းတွေပဲ ဦးချမ်းသာသိသွားလို့လား၊ အတိုင်းထက်အလွန် စိုးရိမ်ပူပန်ရပါသေးသည်။

ဒါပေမဲ့ သူမနဲ့ ပြန်တွေ့စဉ်မှာ အကျိုးအကြောင်းမေးမြန်းတော့ ပြန်ဖြေသောစကားက အသည်းယားချင်စရာ။

'ကျွန်တော်နဲ့မတွေ့ဘဲ ဘယ်နှစ်ရက်လောက်နေနိုင်လဲ သူမကိုယ်သူမ စမ်းကြည့်တာပါတဲ့'

ဘယ်လောက် အသည်းယားဖို့ကောင်းလိုက်သလဲ။ ကျွန်တော့်မှာတော့ စိုးရိမ်ပူပန်ရလွန်းသဖြင့် နှလုံးရောဂါ စွဲနေပြီ။ သူမကတော့ အေးအေးလူလူပင် စမ်းသပ်ကာ နေပါသေး၏။

"ဘယ်နှစ်ရက် နေနိုင်လဲ"

စိတ်မရှည်စွာ မေးတော့ 'ဟီး' ခနဲ မျက်နှာချိုသွေးကာ ရယ်သည်။ ပြီး ကလေးငယ်တစ်ဦးလို လက်နှစ်ချောင်းကို ပြောင်စိစိ ထောင်ပြရင်း . . .

"နှစ်ရက် . . ."

"နည်းတာပေါ့။ နှစ်နှစ်လောက်ဆို ပိုကောင်းမယ်ထင်တယ်"

"ဘာရှင့် . . ."

ဆတ်ဆတ်ထိမခံသော အသံလေးကြားရတော့ မျက်နှာတည်လျက်မှပင် ကျွန်တော် ကျိတ်ကြည်နူးရသေးသည်။ စိတ်လိုလက်ရ ရှိ



BURMESE CLASSIC .com

သည့်အခါမျိုးမှာ ကျွန်တော့်ပခုံးကို ခေါင်းမှီ၍ တစ်ဦးတည်းစကားပြောနေတတ်သော သူမအကျင့်။

"ယိုးမယ်လေ . . . ကနောင့်ကို သိပ်ချစ်တာသိလား။ ယိုးမယ်တစ်ခါမှ ချစ်သူမထားဖူးဘူး။ ကနောင်ဟာ ပထမဆုံးပဲ။ ကနောင်ကရောဟင် . . ."

တစ်ဦးတည်းပြောသလိုနှင့် အဆုံးသတ်မှာ ကျွန်တော့်ကို မေးခွန်းထုတ်ပါသည်။ ထိုအခါမျိုးတွင်တော့ ကျွန်တော် တွေဝေငေးမောခြင်းမဲ့စွာ အဖြေပြန်ပေးဖြစ်သည်။

"ကိုယ်တို့ဘဝတွေက ချစ်သူတွေ၊ သံယောဇဉ်တွေကို ဦးစားပေးခွင့်မရတဲ့ ဘဝတွေပါ။ မိဘ၊ ဆွေမျိုး၊ ငွေကြေး၊ သံယောဇဉ်အားလုံးကို စွန့်လွှတ်ထားရတာ။ ကိုယ်တို့ဆီမှာ ခံယူချက်နဲ့ စိတ်ဓာတ်ပဲရှိတယ်။ လိုအပ်ရင် ခန္ဓာကိုယ်နဲ့ အသက်ကိုတောင် လဲဖို့ ဆုံးဖြတ်ထားတယ်။ ဒီလိုလူမျိုးတွေအတွက် ချစ်သူဆိုတာ ဘယ်မှာရှိပါ့မလဲ"

အဖြေဆုံးတော့ သူမမျက်နှာမှာ ပြုံးငွေ့ငွေ့ ကျေနပ်မှုများကို တွေ့ရသည်။ တစ်ခါတလေတော့လည်း ကျွန်တော်တို့ရဲ့ ကျောင်းသားဘဝအတွေ့အကြုံများကို စိတ်ဝင်တစား မေးမြန်းတတ်ပါသည်။ ချစ်သူက မေးလေတော့ စိတ်မပါပေမဲ့လည်း ပြောပြဖြစ်သည်။

အဆောင်နေ ကျောင်းသားဘဝ၏ ပျော်စရာကောင်းပုံ၊ ကျွန်တော်ကိုယ်တိုင် ပါဝင်ခဲ့သည့် ကျောင်းသားလှုပ်ရှားမှုများ၊ တိုင်းပြည်ရဲ့ရင်သွေးများကို ရာဇဝတ်သားတွေနဲ့ မခြား၊ မညှာမတာ ချမှတ်ပစ်ခဲ့သည့် အဆောင်စည်းကမ်းများ။

ကျွန်တော်တို့ရဲ့ အေးချမ်းပျော်ရွှင်ရာ တက္ကသိုလ်ကျောင်းဝင်းကြီးအတွင်း သေနတ်သံများ ဖုံးလွှမ်းခဲ့ပုံ။ အသက်ပေး ကာကွယ်သွားသည့် ခေါင်းဆောင်များ၊ ကျဆုံးခဲ့သည့် အာဇာနည်ကျောင်းသားရဲဘော်များ။



www.burmeseclassic.com

www.burmeseclassic.com

စကားတွေကို တခမ်းတနားပြောပြတော့ ယိုးမယ်လေးမှာ မျက်တောင်မခတ်စတမ်း နားထောင်ရှာပါသည်။ ပြီးတော့ ကျွန်တော့်အား ခြေရခက်စေသော မေးခွန်းတစ်ခုကို လျှပ်တစ်ပြက်မေးသည်။

"အဲဒါတွေကို မလုပ်ပါနဲ့တော့လား ဟင်"

"ဘာဖြစ်လို့လဲ"

"သူ့ကို စိုးရိမ်လို့ပါ"

ကျွန်တော် ခေါင်းကိုယမ်းပြတော့ ယိုးမယ်လေးမှာ အကြောင်သား ငေးသွားပါသည်။ ပြီးတော့ အမှန်တရားနဲ့ ငဲ့ညှာမှု၊ အာဏာပြ ရက်စက်မှုတွေကို ကျွန်တော် သူမအား သေသေချာချာ ပြောပြဖြစ်သည်။ သူမ နားလည်ပါစေတော့ရယ်လို့လည်း စကားတစ်ခု ထပ်ဆိုမိ၏။

"ကိုယ်တို့လက်မှာ သေနတ်ကိုင် မထားပါဘူး။ လက်ထဲမှာ တကယ်တမ်းရှိနေတာက စာအုပ်နဲ့ ဘောပင်လေးတွေပါ ယိုးမယ်ရယ်"

• • •

အဲဒီနေ့နောက်ပိုင်းကစပြီး ငါးရက်တိတိ ယိုးမယ် ကျွန်တော့်ဆီ မလာတော့ပါဘူး။ သူမစကားကို လက်မခံ၍ စိတ်ကောက်သွားသည်ဟု ထင်ပါသည်။ ဒီလိုဆိုတော့လည်း ကျွန်တော်တို့ခြံဆီ သုံးရက်တစ်ခါ လာတတ်သော ကိုကြီးမောင်ကိုပဲ ရှေ့မျက်နှာ နောက်ထားပြီး အကူအညီ တောင်းရတော့သည်။

ထင်မှတ်မထားစွာ ကိုကြီးမောင်က ကျွန်တော်တို့နှစ်ဦး ချစ်သူတွေဖြစ်နေတာကို သိထားပါသတဲ့။ သူ့ညီမအား ကျွန်တော်နှင့်ဆိုသဘောတူပါသတဲ့။ နောက်ပိုင်းတော့ ကိုကြီးမောင်သည် ကျွန်တော်တို့နှစ်ဦး၏ ကြားခံဆက်သွယ်မှုတစ်ခု ဖြစ်ခဲ့ရသည်။



ကျွန်တော် ပြောလိုသည့်စကားအား ယိုးမယ်ထံ သွားတာဖြစ်စေ၊ ယိုးမယ်ပြောလိုသည့် အကြောင်းအရာကို ကျွန်တော့်ထံ ပို့ဆောင်တာဖြစ်စေ ပြုလုပ်ပေးရသည်။ ကျွန်တော်တို့နှစ်ဦး အကြောင်းအား သိထားသူမှာ ကိုကြီးမောင်ပင်မဟုတ်။ နောက်တစ်ဦး ရှိနေပါသေးသည်။ သူက . . .

ဒေါ်အေးမေ။

ဒေါ်အေးမေသည်လည်း ကျွန်တော်တို့နှစ်ဦး ချစ်ကြိုက်နေတာကို သိထားပါသတဲ့။

ကိုကြီးမောင်သည် တာဝန်ကျေသူတစ်ယောက်ဖြစ်ပါ၏။ ခြောက်ရက်မြောက်ညနေပိုင်းမှာ သူကိုယ်တိုင်ပင် ယိုးမယ်ကို ကျွန်တော့်ထံ ခေါ်လာပေးသည်။ ကျွန်တော် ရင်ခုန်ပျော်ရွှင်သွားရသလောက် သူမကတော့ (ငါးရက်လုံးလုံးမတွေ့ရသော ချစ်သူကို ပြန်တွေ့ရပေမဲ့) မျက်နှာတွင် ပျော်ရွှင်မှုကို မတွေ့ရ။

နောက်ပြီး ကျွန်တော်မေ့ထားသော သူမဘဝဇာတ်ကြောင်းကို ပြောပြပါ၏။ ကျွန်တော်သည် ဒီဌာမမှ မြင်တွေ့ဆက်ဆံရသော ပုဂ္ဂိုလ်မှ သူတို့၏ ဘဝနောက်ကြောင်းများကို စိတ်ဝင်စားလေ့ရှိသူတစ်ဦး မဟုတ်ပါ။

ဒါပေမဲ့ ချစ်သူက မှုန်တေတေမျက်နှာဖြင့် သူမ ဘဝဇာတ်ကြောင်းကို ပြောပြသည်။

"ယိုးမယ်မှာ ငယ်ငယ်တည်းက အမေမရှိတော့ဘူး။ ဖေကြီး ပြုစုစောင့်ရှောက်မှုနဲ့ပဲ လူလားမြောက်လာရတာ။ ကျောင်းနေတဲ့အရွယ်ရောက်တော့ ကျေးရွာမူလတန်းကျောင်းမှာပဲ နေရတယ်။ မူလတန်းပြီးတော့ နီးစပ်ရာမြို့မှာပဲ အလယ်တန်းနဲ့ အထက်တန်းကို ဆက်တက်တယ်။

အထက်တန်းပြီးတော့ ဖေကြီးက ယိုးမယ်လို တက္ကသိုလ်ဆက်မထားတော့ဘူး။ အိမ်ကို ပြန်ခေါ်ထားတယ်။ အဲတော့ ကမောင်ပြော



www.burmeseclassic.com

www.burmeseclassic.com

ပြောနေတဲ့ တက္ကသိုလ်ဆိုတာကို ယိုးမယ် မရောက်ဖူးပါဘူး။ သီချင်းတွေ၊ ရုပ်ရှင်တွေ၊ စာအုပ်တွေထဲမှာပဲ မြင်ဖူး၊ ကြားဖူးတာပါ။ တက္ကသိုလ် မရောက်ဖူးတဲ့အတွက် အဆောင်နေကျောင်းသားဘဝ ပျော်ရွှင်လွတ်လပ်မှုတွေလည်း မသိပါဘူး။ ကျောင်းသားလှုပ်ရှားမှုဆိုတာကိုလည်း ကနောင်ပြောပြမှ ကြားဖူးတာပါ။ ယိုးမယ်တို့ကျေးလက်နဲ့ မြို့ကြီးပြကြီးက အရမ်းအလှမ်းဝေးလွန်းတယ်လေ။ တက္ကသိုလ်ကျောင်းသူဘဝကို ယိုးမယ် မစားဖူးဘူး။ ကျောင်းသားတစ်ဦးမှာ ရှိသင့်တဲ့ခံယူချက်၊ စိတ်ဓာတ်တွေ ယိုးမယ် မသိဘူး။ ဒါပေမဲ့ ကနောင်ရယ် . . .”

ချစ်ရသူလေး၏ စကားမှာ တစ်ဖက်တစ်ပျက်နှင့် ရပ်သွားသည်။ ပြီးတော့ မှန်ပျပျတောအုပ်လေးဆီ ငေးငေးရီရီ ကြည့်နေပြီး ယိုးမယ်ပုံစံကို ကြည့်ပြီး ကျွန်တော့်ရင်တွင်းမှာလည်း ဝမ်းနည်းမှုလိုလို စိတ်မကောင်းမှုလိုလိုကို ခံစားသွားရသည်။

ထိုစဉ်မှာပဲ နှုတ်ခမ်းပါးနှစ်လွှာမှာ လှုပ်ခတ်လာပြန်သည်။

“ယိုးမယ်မှာ ဟိုးကလေးဘဝကတည်းက မက်ခဲ့တဲ့ အိပ်မက် တစ်ခုရှိတယ် သိလား။ ယိုးမယ်က မိစုံဖစုံ နေခဲ့ရတာ မဟုတ်ဘူးလေ။ အဲတော့ ယိုးမယ်အိမ်ထောင်ပြုချိန်ရောက်လို့ ဘဝတစ်ခုထူထောင်ရင် လည်း အေးအေးချမ်းချမ်းပဲ ဖြစ်ချင်တယ်။ ယိုးမယ်မွေးလာမဲ့ သားသမီး တွေကိုလည်း မိစုံဖစုံပဲ မြင်စေချင်တယ်။ ယိုးမယ်ရယ်၊ ယိုးမယ်လက်ထပ်မဲ့ အရမ်းချစ်ရတဲ့ ချစ်သူရယ်၊ ယိုးမယ်မွေးလာမဲ့ သား,သမီးတွေရယ် တစ်သက်လုံး ဥမကွဲ သိုက်မပျက် အေးအေးချမ်းချမ်းပေါ့”

တော်တော်တာသွားသည့် စကားလေးပါ။ ချစ်ရသူက ဥမကွဲ သိုက်မပျက် နေချင်ပါသတဲ့။ သူမ မွေးလာမဲ့ ရင်သွေးတွေကို မိစုံ၊ ဖစုံ မြင်စေချင်ပါသတဲ့။

ကျွန်တော် ဆို့နင့်ကာ ကျသွားသည်။



ချစ်သူရယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ယုံကြည်ရာကို မင်း ဥပေက္ခာပြုရက်တယ်ပေါ့။ ကိုယ်ယုံကြည်ရာလုပ်ခွင့်မရှိသည့် ယောကျ်ား တစ်ယောက်ရဲ့ ဘဝကရော မည်မျှအဓိပ္ပာယ်မဲ့သွားပြီလဲ။

ချစ်သူလေးကိုလည်း သနားမိသည်။ မိန်းမသားဖြစ်လေတော့ ဘဝတစ်ခုကို အေးချမ်းစွာ တည်ဆောက်ချင်မှာပေါ့။ ချစ်ရသော ခင်ပွန်း သားသမီးတွေနဲ့ ပျော်ရွှင်လွတ်လပ်စွာ နေလိုမှာပေါ့။

အိမ်ထောင်ဖက်တစ်ဦးအဖြစ် တစ်ဘဝလုံး လက်တွဲဖို့ ရည်ရွယ် ထားသည်ကိုတော့ ကျွန်တော်အတိုင်းထက် အလွန်ကြည်နူးဝမ်းမြောက် ရပါသည်။ သို့ပေမဲ့ ဘဝနှစ်ခုက အစမှအဆုံးတိုင် ကွာခြားနေသလို ခံစားရသည်။

ချစ်သူသည် တစ်သက်တာပတ်လုံး တည်မြဲအေးချမ်းစွာ နေ ထာခဲ့ရ၏။ ကျွန်တော့်မှာကား မတည်မြဲ။

တစ်ချိန်မဟုတ်၊ တစ်ချိန် . . .

ဒါပေမဲ့ . . .

ကျွန်တော် နားလည်ထားသည်ကတော့ ဘဝဆိုတာ ယုံကြည် ရာကို ရဲဝံ့စွာ ဖြတ်သန်းတတ်ဖို့သာလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# II

ထိုနေ့ ညက တစ်မှေးမှ အိမ်မပျော်ခဲ့။

ငှငှကြီးထိုင်ကာ ဆေးလိပ်ဖွာ စဉ်းစားနေသော ကျွန်တော့်ကို ဦးလေးသောင်းက အားလုံးကို သိနေသည့်အလား တစ်ခွန်းမေး၏။

"ဘာလဲကွ . . . ခံယူချက်နဲ့ ချစ်သူ ရွေးရခက်နေပြီလား"

ကျွန်တော့်မှာ အဖြေစကားမရှိ၊ အဖြေမရှိတော့ မေးခွန်းသာ ပြန်မေးဖြစ်သည်။

"ဦးလေးသောင်းဆိုရင်ရော ဘာကိုရွေးမလဲ"

ကျွန်တော့်အမေးကိုကြားတော့ ဦးလေးသောင်းမှာ တဟားဟား အော်ရယ်သည်။ ပြီးတော့ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း . . .

"ငါ့တူက တက္ကသိုလ်ကျောင်းသားဖြစ်ပြီး မိန်းကလေးတွေ အကြောင်းကို သေချာမှ မသိသေးပဲကိုကွ။ မသေမချင်းမှတ်ထား၊ မိန်းကလေးဆိုတာ ရွှံ့နဲ့ အလားသဏ္ဍာန်တူတယ်။ သူ့ကို ဒီအတိုင်း ပုံသွင်းလို့ မရဘူး။ ရေ အရင်ရောရတယ်။ ပြီးရင် ပုံသွင်းလို့ရလောက်တဲ့ ပျော့ပျောင်း ကျစ်လျစ်မှုရအောင် ကြိုးပမ်းရတယ်။ နောက်ပြီးမှ ကိုယ့်စိတ်ကြိုက်ရတဲ့ ပုံရအောင် ပုံသွင်းယူရတဲ့အမျိုးကွ"



ဦးလေးသောင်းစကားက အဓိပ္ပာယ်များစွာကို ကျွန်တော့်အား ပေးသွားခဲ့၏။ သေချာစဉ်းစားကြည့်တော့ အဖြေရေးရေးပေါ်လာသည်။ ထိုခဏမှာပဲ ဦးလေးသောင်းကို ကျွန်တော် လေးစားမိသွားသည်။

အဖြေထွက်သွားခဲ့ပြီ။

• • •

တိုက်ဆိုင်စွာပင် နောက်တစ်နေ့ညနေ၌ ကိုကြီးမောင်က ကျွန်တော့်အတွက် သတင်းကောင်းတစ်ခုကို ယူဆောင်လာသည်။

ထိုနေ့သည် တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်နှင့်ယိုးမယ် ချစ်သူဖြစ်ပြီး တစ်လတိတိ ပြည့်သောနေ့လည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# III

"ဂလောင် . . . ဂလောင် . . . ဂလောင် . . ."

အချက်ပေးသံကြားတော့ သူမ အိပ်ရာမှ နိုးထလိုက်ပါသည်။ နေ့စဉ်နေ့တိုင်း ပြုလုပ်နေကျ ဝတ္တရားပေမို့ ခန္ဓာကိုယ်ကလေးတွဲထုံထိုင်း မနေဘဲ သွက်လက်ကာ နေပါ၏။ နေ့သစ်တစ်ခုကို အားပြည့်အင်ပြည့်ဖြင့် စတင်ရတော့မည်မဟုတ်ပါလား။

ယနေ့မနက်တွင်တော့ ဘုရားခန်း၌ ဖေကြီးနှင့်ဆုံရန် မရှိနိုင်ပါ။ ကြားသိထားသော သတင်းအရကြီးမေနှင့် ခြံစောင့်နှစ်ယောက်မှ လွဲပြီး တစ်အိမ်သားလုံး ဖေကြီးနှင့် ပါသွားကြမည်ဖြစ်ပါသည်။

ယခုချိန်ဆို ခရီးပင် တော်တော်ရောက်နေရော့မည်။ အရုဏ် မတက်ခင် ထွက်ကြမည်ဟု မနေ့ညက ဖေကြီး အမိန့်ပေးသံကို ကြားရ၏။ အိပ်ရာသိမ်းပြီးတော့ မှန်တင်ခုံရှေ့ဝင်ကာ နိုးထစမျက်နှာကို အနည်းငယ်သပ်ရပ်အောင် ပြင်ဆင်သည်။ မိန်းကလေးတစ်ဦး၏ အိပ်ရာထပုံစံကို ဖုံးဖိကာကွယ်ရန် လုံလောက်သွားစဉ်မှာတော့ မှန်တင်ခုံရှေ့မှ ထလိုက်ပါသည်။



ပြီးနောက် အခန်းတံခါးကို ဆွဲဖွင့်လိုက်စဉ်မှာပဲ . . .

"ဟောတော့ . . ."

မြင်ရသော မြင်ကွင်းက သူမစိတ်နဲ့အာရုံကို ခဏတာ မှင်သက်ခံလိုက်တော့သည်။ ဖယောင်းတိုင်လေးများ စီတန်းထားသော လမ်းလေးတစ်သွယ်၊ ထိုလမ်းလေးက သူမ အခန်းထွက်ပေါက်မှစကာ အောက်ဘယ်သို့ဆင်းသည့် လှေကားဆီ သွယ်တန်းထားသည်။

ဖယောင်းတိုင်လေးတွေရဲ့ ထိပ်ပိုင်းမှာ မီးပွင့်တွေ အစီအရီထွန်းညှိလို့။ ပန်းစီလမ်းတော့ မဟုတ်။ ဒါပေမဲ့ . . .

ထိုစဉ်မှာပဲ အိမ်အောက်ထပ်ဆီမှ လွင့်ပျံလာသည့် အသံလေးတစ်ခု။

"အို့ . . ."

နှလုံးနှန်နှုန်းတွေ ကစဉ့်ကလျား လွင့်စင်သွားစဉ် . . .

"ဘုရားရေ . . . ဒီအသံက . . ."

မှားစရာမရှိ။ ဘာဂျာသံ၊ ထွက်လာသည့် သံစဉ်ကလည်း ကြားနေကျသံစဉ်။

ခန္ဓာကိုယ်ရဲ့ ဘယ်ဘက်ထောင့်စွန်းလေးမှာ ပရမ်းပတာ တုန်သွားသည်။

"ကနောင် . . ."

အလိုလိုသိနေသော စိတ်အစဉ်၏ နှုတ်ထွက်စကားကို ကြားပြီးသွားသည့်နောက် ရပ်နေရာမှ သူမ ပြေးထွက်လိုက်ပါတော့၏။ ပြေးသောအရှိန်ကြောင့် လမ်းတစ်လျှောက်ရှိ မီးပွင့်ကလေးတွေ ယိမ်းထိုးသွားသည်။ လှေကားကို အလျင်စလို ဆင်းချလာတော့ မီးသွယ်တန်းများ မဆုံးသေး။



www.burmeseclassic.com

www.burmeseclassic.com

လှေကားမှတစ်ဆင့် ဧည့်ခန်းဆီ ထပ်မံသွယ်တန်းထားပါသည်။ ဧည့်ခန်းရောက်တော့ ထင်ထားသလို ကနောင် ရှိမနေပါ။ စားပွဲတစ်လုံးကို အောက်ခြေမှပတ်ဝိုင်းထားသည့် မီးတိုင်ကလေးများ၊ စားပွဲပေါ်တွင် တည့်မတ်တောက်လောင်နေသော အလုံးတုတ် ဖယောင်းတိုင်တစ်ချောင်း၊ ဒါပဲ ဖြစ်၏။

ကနောင့်ကို မတွေ့ရ။

စားပွဲသားတွင် ရပ်ရင်း အသံထွက်လာရာဆီ ဟိုဟိုဒီဒီရှာကြည့် မိနိုက် . . .

"ဝုန်း . . . "

လေပြင်းတိုက်ခံလိုက်ရသလို သူမတို့ အိမ်အဝင်တံခါးကြီးနှစ်ချပ်မှာ ပွင့်ထွက်သွားသည်။ တုန်လှုပ်စိတ်ဖြင့် ကြည့်မိတော့ တံခါးဝတွင် ရပ်နေသူတစ်ယောက်၊ အဖြူရောင် ထက်အောက်ဝတ်စုံကို ဆင်မြန်းပြီး တစ်လှမ်းချင်း လျှောက်ဝင်လာနေသည်။


"ကနောင် . . ."

သူမနှုတ်မှ တိမ်တိမ်တိုးတိုး ထွက်သွားပြီးနောက်မှာ ဂီတသံစဉ်လေးက နီးသထက် နီးလာပါပြီ။ နီးလာမှ သေချာကြည့်မိ၏။ ကနောင့်လက်တွင်းမှာ ထူးဆန်းသော အရာလေးတစ်ခု ကိုင်ဆောင်လာပါသည်။

ကတ်ထူစက္ကူပြားလေးတစ်ချပ်ကို ဝါးခြမ်းဖြင့်ညှပ်ပြီး ထောင်မတ်လို့ရအောင် လုပ်ထားသည်။ ဘာလေးမှန်းမသိ၊ စားပွဲနားနီးလာတော့ လက်ထဲမှအရာလေးကို စားပွဲပေါ်တင်သည်။ တင်ကြိုထွန်းထားသော အလုံးတုတ် ဖယောင်းတိုင်ကိုတော့ နောက်ခံထားထား၏။

ထို့နောက်မှာ သူမကို အမူအရာတစ်ခု လုပ်ပြပါသည်။





ပြီးတော့ သူမကို သူ့လို အလုပ်ခိုင်းသည်။ ယိုးမယ်လည်း ညှို့တွင်းမိနေသူတစ်ယောက်လို ကနောင့်ပုံစံအတိုင်း စက္ကူပြားလေးကို လေမှုတ်ကြည့်တော့ . . .

"ဖူး . . ."

နောက်မှ ဖယောင်းတိုင်မှာ လေရှိန်ဖြင့် မီးသေမသွားဘဲ စက္ကူပြားဘက်သို့ပင် ယိမ်းနွဲ့လာသေး၏။ ထိုအရာမှလွဲပြီး ကျန်တာ မထူးခြား၊ ထူးခြားမှုမရှိသည်ကြောင့် ကနောင့်ကို မော့ကြည့်တော့ နောက်တစ်ကြိမ်လုပ်ကြည့်ဟူသော သဘောမျိုး မေးဆတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com


လေအားပြင်းပြင်းမှုတ်ရန်ကိုလည်း လက်ဖြင့် အမူအရာလုပ်ပြသေး၏။ ဒီတစ်ကြိမ်မှာတော့ . . .

"ဖူး . . ."

"ဟာ . . ."

အနည်းငယ် မျက်လုံးပြူးသွားသည်။ စက္ကူပေါ်မှာ ရုပ်ပုံတချို့ ဝိုးတဝါး ပေါ်လာသည်။ ပြီး ချက်ချင်းပဲ ပြန်ပျောက်သွားသည်ကြောင့် ဘာပုံမှန်း မသဲကွဲလိုက်။ ထို့ကြောင့် နောက်တစ်ကြိမ်အားထည့်ကာ မှုတ်ထုတ်ကြည့်လိုက်စဉ်မှာတော့ . . .

ဗလာချည်းရှိသော စက္ကူပြားတွင်ပေါ်လာသော ပုံရိပ်မှာကား–





"ဟင် . . ."

ပုံရိပ်တစ်ခုက သဲကွဲသွားချေပြီ။ ဆတ်ခနဲ ကနောင့်ဘက် လှည့်ပြီးစဉ်မှာ မေးခွန်းတစ်ခုက နှုတ်မှ အလိုလိုထွက်သွားသည်။

"ဒါ . . . ဘာပုံလဲ"

သူမကို ပြုံးမဲ့မဲ့အမူအရာဖြင့် စိုက်ကြည့်နေသေး၏။ ပြီးတော့မှ . . .

"ကိုယ်တို့နှစ်ယောက် ရိုးမြေကျပေါင်းကြမယ်လို့ အဓိပ္ပာယ်ဖော်ထားတဲ့ပုံလေ"

"ရှင် . . ."

သူမနှုတ်မှ အာမေဍိတ်သံတစ်ခု လွှတ်ခနဲ ထွက်သွားစဉ် . . .

"ကိုယ် မင်းကို အရှုံးပေးဖို့ ဆုံးဖြတ်ပြီးသွားပြီ"

နှုတ်ခမ်းကို လက်အုပ်ထားလျက်မှ မယုံကြည်နိုင်မှု၊ ဝမ်းသာချော်ရွှင်မှုတို့ တစ်ပြိုင်နက် ပေါင်းစုံသွားကာ . . .

"ဒါ . . . ဒါဆို . . ."

စကားဆုံးအောင် မဆိုနိုင်တော့ဘဲ ကနောင်ကတော့ အဖြေဆုံးအောင်ဖြေပေးသည်။ ပါးစပ်နှင့်တော့မဟုတ်။ ကိုယ်ကိုကိုင်းကာ စက္ကူပြားကို လေရှည်ဆွဲပြီး မှုတ်ပြ၏။ ပေါ်လာသည်မှာကား . . .

အရိုးကျသည့်တိုင် လက်ချင်းတွဲထားသော ချစ်သူနှစ်ဦး၏ ရုပ်ပုံ၊ တစ်ဦးနှင့်တစ်ဦး အသက်မဲ့ပြီး သွားပေမဲ့ လွှတ်ထွက်သွားမှာစိုးသည့်အလား။

ရိုးမြေကျ ပေါင်းကြမယ်တဲ့။

ကနောင် သူမကို ရွေးချယ်လိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# IV

အပျော်များစွာဖြင့် နောင်ရေးအတွက် စိတ်ကူးယဉ်နေသော ယိုးမယ်ကို ကံကြမ္မာက လှလှပပ ပညာပေးလိုက်သည်။

ညနေ . . .

နေစောင်းပြီးစဉ်မှာ ဖြစ်တော့၏။

မြင်းညိုကြီးစီးကာ ခြံတွင်းဝင်လာသော ဖေကြီးကို အိမ်ဝမှ ယိုးမယ် ပြုံးပြလိုက်သည်။ ဒါပေမဲ့ ဖေကြီးဆီမှ တုံ့ပြန်မှုကို မရပါ။ ဖေကြီး ပုံစံက အားအင်ကုန်ခမ်းကာ တုံ့ပြန်ပြုံးပြနိုင်စွမ်းပင် မရှိတော့သလို၊ ဖေကြီး ပုံစံကိုကြည့်ပြီး သူမ အံ့သြနေစဉ်မှာပဲ ခြံတွင်းသို့ နောက်တစ်ယောက် ထပ်ဝင်လာ၏။

ကိုကြီးမောင် . . .

ကိုကြီးမောင်သည်လည်း မျက်နှာမကောင်း။ အားပျက်ညှိုးရော်ဟန်တွေ အထင်းသားပေါ်လွင်နေသည်။ အိမ်ရှေ့ကိုရောက်တော့ မြင်းပေါ်မှဆင်းကာ ခေါင်းငိုက်စိုက်ဖြင့် ဖေကြီး အိမ်ထဲလျှောက်ဝင်လာသည်။ တံခါးဝတွင် သူမရပ်နေတာတောင် တစ်ချက်မှ စောင်းငဲ့ကြည့်မသွား။

ဘာဖြစ်လာကြတာလဲ။



သူမ အတွေးမဆုံးခင်မှာ ခြံဝဆီမှာ ကြိမ်းမောင်းရိုက်ပုတ်သံများကို ကြားလိုက်ရပါတော့သည်။ အလျင်စလို လှမ်းကြည့်လိုက်တော့ ကြိမ်လုံးတဝင့်ဝင့်ဖြင့် နွားတစ်ကောင်ကို ဆွဲသွင်းလာသော လူတစ်အုပ်။

"ဘုရားရေ . . ."

ဘုရားပင် တမိသွားတော့သည်။ မြင်ကွင်းကို ကြည့်ပြီး ရင်ဘတ်ဖိမိသည်။ ဖေကြီးအချစ်တော် အောင်ဖေယျကြီးမှာ ဘယ်လိုမှ မြင်မကောင်းအောင် ပုံပျက်ပန်းပျက်ဖြစ်နေပါသည်။

ဦးခေါင်းတစ်ခုလုံး သွေးတို့ ခြင်းခြင်းနီနေသည်။ လည်တိုင်တစ်လျှောက်မှာလည်း သွေးကွက်၊ သွေးစီးကြောင်းတွေ မနည်း။ ရှေ့လက်ပြင်နှင့် ပေါင်နှစ်ချောင်းလုံးမှာလည်း ခြစ်ရာ၊ ပွဲရာတွေ မြင်မကောင်း၊ အဆိုးဆုံးကတော့ တစ်ချိန်က လှပကားစွင့်ခဲ့သော ဦးချိုကြီးနှစ်ချောင်းမှာ တစ်ချောင်းကျိုးနေခဲ့ပြီ။

အဝတ်ပတ်ထားသော ဦးချိုအငုတ်ကလေးမှ သွေးတွေ မျက်လုံးနှင့် ပါးပြင်ပေါ် ဖြတ်သန်းစီးကျနေ၏။

"ဘုရား . . . ဘုရား . . ."

စိုးနင့်သွားမိသည်။ ထူးဆန်းနေတာက ဤမျှ ဒဏ်ရာရထားတာတောင် အောင်ဖေယျကြီးမှာ အငြိမ်မနေ။ တစ်ချက်တစ်ချက် ကဆုန်ပေါက်ထခုန်နေသည်ကြောင့် မနည်းထိန်းနေရ၏။

ပြီးတော့ တစ်ခါ ပြန်ငြိမ်သွားပါသည်။ စက္ကန့်ပိုင်းသာ ကြာပြီး နောက်တစ်ကြိမ် ခုန်ပေါက်လာပြန်၏။ အစိုးမရသည်ကြောင့် ဝိုင်းဝန်းထိန်းသိမ်းသူများမှာ ခက်ခဲစွာ ထိန်းကျောင်းနေရ၏။

တစ်ကြိမ်တွင် လည်ကိုမော့ပြီး ဆွဲခါသည်။ ကြိုးကိုင်ထားသူများက လွှတ်မပေးတော့ နောက်ခြေကို မြှောက်ပြီး အားနှင့်ဆွဲခါသည်။ အားချင်းမမျှသည်မို့ ကြိုးထိန်းထားသူများ နွားကြီးနောက် ပါသွားကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဦးတည်ရာမှ လူများ ထွက်ပြေးကြ၏။ ခြံတွင်းမှာ အနည်းငယ် ယောက်ယက်ခတ်သွားပါသည်။

"တောက် . . ."

ကိုကြီးမောင် ထိုအခြင်းအရာကို ကြည့်ပြီး 'တောက်' တစ်ချက် ခတ်ကာ . . .

"တင်းကုပ်ထဲ မြန်မြန်သွင်းလိုက်ကြစမ်းကွာ။ ကြာရင် ဒီကောင် တော့ ငါ့လက်စာမိတော့မယ်"

လူငါးယောက်လောက်ဝိုင်းကာ အောင်ဇေယျကြီးကို မနိုင့်တနိုင် ထိန်းရင်း တင်းကုပ်ထဲ ဆွဲသွင်းကြသည်။

ကိုကြီးမောင်ကတော့ နွားကြီး တင်းကုပ်ထဲဝင်သွားသည့်တိုင် ခါးထောက်ရပ်ကြည့်နေသည်။

ဘာတွေဖြစ်လာကြတာလဲ သူမ မမေးရဲ။

ဒါပေမဲ့ အောင်ဇေယျကြီး၏ပုံစံနှင့် အလုပ်သမားများ၏ တီးတိုးပြောစကားအရ . . .

မကြုံစဖူး ဦးချမ်းသာ နွားပွဲရှုံးလာပါသတဲ့။



## V

နောက်တစ်နေ့မနက် အစောကြီးမှာပင် မြင်းတစ်စီးနှင့် ဦးချမ်းသာ အိမ်မှထွက်သွားခဲ့သည်။ ဘယ်ကိုသွားမည်ဟု မည်သူ့ကိုမှ မပြော သွားသလို ဘယ်သူ့ကိုမှလည်း အဖော်ခေါ်မသွားခဲ့။

မိုးပင် မလင်းသေး။

နေမွန်းတိမ်းပြီးစဉ်မှာ ပြန်ရောက်လာသည်။ မျက်နှာက အတိုင်းထက်အလွန် ပျက်ယွင်းကာ စိတ်ပင်ပန်းမှုနှင့် မွန်းကြပ်ဟန်တွေ အထင်းသားပေါ်လွင်လို့။ ကြီးစွာသော စိတ်ဒုက္ခတစ်ခုကို အသက်အရွယ်နဲ့ မလိုက် ထမ်းပိုးထားရသလို။

မြင်းပေါ်မှဆင်းတော့ အရာအားလုံးက အသက်မဲ့နေသယောင်၊ နောင်တတစ်ခုကို ရင်ဝယ်ပိုက်ရင်း အိမ်တွင်းဝင်ခဲ့လိုက်သည်။ သူ့အိုး၊ သူ့အိမ်၊ သူပိုင်ဆိုင်မှုအားလုံးကပင် သူ့ကို မခင်တွယ်တော့သလို။ မလေးစားတော့သလို။

သို့မဟုတ် ဟားတိုက်လှောင်ပြောင်နေသလို။

ဝမ်းနည်းမှု၊ မချိတင်ကဲ ဖြစ်မှုတို့က ရင်မှာအပြည့်။ လမ်းတစ်လျှောက် ငိုလာခဲ့ရသည့် မျက်ရည်တွေပင် ပါးပေါ်တွင် စိုဖန့်ဖန့်ရှိသေးသည်။ အံကြိတ်ထားရလွန်းသဖြင့် သွားတွေပင် ကျွတ်ထွက်မတတ်၊



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတွင်းမှာ ချစ်သောသမီးလေးရဲ့ မျက်နှာ။ သူ့အား မှီခိုအသက်မွေးနေသော အလုပ်သမားများရဲ့ မျက်နှာတွေ တစ်လှည့်စီပေါ်နေသည်။ ခံပြင်းနာကျည်းစိတ်က ရင်တွင်းမှာ တလိမ့်လိမ့်တက်လာ၏။ ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်စွာ တောက်တစ်ချက် ခတ်မိသည်။

"တောက် . . ."

သမီးလေးနှင့်အတူ တမလွန်မှစနိုးသည် သူ့ကို ဘဝဆက်တိုင်းနာကျည်းနေပေတော့မည်။ အံကြိတ်ထားလျက်မှ မျက်ရည်တို့ ပါးပြင်ပေါ် စီးကျလာ၏။

"မိုက်လိုက်တာကွယ် . . ."

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရုံမှတစ်ပါး အခြားမရှိတော့။

နောင်တသည် အဘယ်မှာ ချိုမြိန်ပါမည်နည်း။



# VI

"ယိုးမယ်လေး . . . သမီးဖေကြီး ခေါ်နေတယ်"

"ဟုတ် . . . လာပြီ . . . ကြီးမေ"

မိုးလင်းကတည်းက တစ်ခြံဝန်းလုံး တိတ်ဆိတ်အသက်မဲ့နေသလို ခံစားနေရ၏။ ဖေကြီးကလည်း မိုးမလင်းမီကပင် အပြင်ထွက်သွားသည်။ ယခုတော့ ပြန်ရောက်လာပြီထင်သည်။ ဘာတွေအရေးကြီးလာပြန်သည်မသိ။

ဧည့်ခန်းကိုရောက်တော့ ဖေကြီးက ကြိမ်ကုလားထိုင်ပေါ်တွင် ငပန်းနွမ်းနယ်စွာ ထိုင်နေသည်။

"ဖေကြီး . . . သမီးရောက်ပြီ"

သူမ အသံကြောင့် မှိတ်စင်းထားသော မျက်လုံးအစုံ ဖွင့်လာသော . . .

"ထိုင် . . . "

ညွှန်ပြသော ထိုင်ခုံတွင် ဝင်ထိုင်ပြီးစဉ်မှာ ဖေကြီးက သက်ပြင်းရှည်ကြီးတစ်ချက်ကိုပြု၍ . . .

"သမီး . . . ဖေကြီးကို ချစ်လား"

"ရှင် . . ."

ထင်မှတ်မထားသော မေးခွန်းကြောင့် ယိုးမယ် အံ့ဩသွားသည်၊ ဒါပေမဲ့ ချက်ချင်းပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"ချစ်တာပေါ့"

"ဒီအိမ်နဲ့ ခြံကြီးကိုရော"

"ချစ်တယ်"

သူမ အဖြေဆုံးတော့ ဖေကြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ ယိုးမယ်မှာတော့ ဖေကြီးရဲ့ မေးခွန်းများကြောင့် နားမလည်စွာ ကြောင် ငေးငေး။ ထိုစဉ်မှာပဲ တတိယမြောက်မေးခွန်းကို ဖေကြီး မေးလာသည်။

"ခြံထဲက အလုပ်သမားတွေကိုရော သမီး"

"သူတို့တွေကိုလည်း ချစ်တာပေါ့။ သမီးမွေးတဲ့ အချိန်ကစပြီး အခုချိန်ထိ သူတို့တွေက သမီးရဲ့အဖော်ပဲဥစ္စာ"

ဦးခေါင်းတစ်ခု လေးပင်စွာ ညိတ်ကျလာသည်။ ပြီးတော့ ဘယ် နကြိမ်မြောက်မှန်းမသိသော သက်ပြင်းကိုချကာ . . .

"သူတို့တွေ အကုန်လုံးက ဖေကြီးတို့သားအဖနှစ်ယောက်အပေါ် မှာ မှီခိုနေကြတာ။ ဒီအိမ်၊ ဒီခြံဝန်းကြီး မရှိတော့ရင် ဖေကြီးတို့ရဲ့ အလုပ် အကိုင်၊ လယ်ယာတွေမရှိတော့ရင် သူတို့ ဒုက္ခရောက်ကြလိမ့်မယ်။ ခိုကိုး ရာ မဲ့သွားကြလိမ့်မယ်"

"ဟုတ်တယ်လေ"

ဖေကြီးက သူမ မျက်နှာကို အကြာကြီး ငေးကြည့်နေပါသည်။ ကြည့်နေရင်းနဲ့ ဖေကြီးမျက်ဝန်းမှာ မျက်ရည်စတွေ ရစ်သိုင်းလာ၏။ မျက် လုံးထောင့်စွန်းများ နီထွေးစိုစွတ်လာသည်။

ထိုအခါမှာ . . .

"ဖေကြီး . . . ဖေကြီး . . . ဘာဖြစ်နေတာလဲ ဟင် . . ."

သူမ၏ စိုးရိမ်တကြီး အမေးစကားနှင့်အတူ ဖေကြီးနှုတ်မှ ထွက် လာသော စကားလုံးအချို့။

ငိုသံစွက်သော ထိုစကားလုံးများက သူမနားတွင်းသို့ ပူလောင် ခါးသက်စွာ စီးကျသွားသည်။



# VII

"ကနောင် . . . ကနောင် . . ."

". . . × × × . . ."

"ဟော့ကောင် . . . ကနောင်"

ခြံတွင်းသို့ အလောတကြီး ပြေးဝင်လာသော ကိုကြီးမောင်ကို မြင်တော့ . . .

"ကိုကြီးမောင် . . . ကျွန်တော် ဒီမှာ "

စိုက်ခင်းရေလောင်းနေရာမှ ရှာတွေ့စေရန် လှမ်းအော်လိုက် သည်။ ကျွန်တော့်ကိုမြင်တော့ လမ်းဘေးမှ မုန်လာမြောင်းကို ခုန်ကျော် ပြီး အမောတကော ပြေးချလာ၏။ ဤမျှထိ ရေးကြီးသုတ်ပြာပုံစံကို ကိုကြီးမောင်ဆီမှာ မမြင်ဖူးသည်မို့ ကျွန်တော် အံ့သြသွားရသည်။

ပြေးလာနေရာမှ . . .

"မင်းတို့တော့ ဒုက္ခရောက်ပြီ . . . ကနောင်ရေ၊ မင်းနဲ့ ယိုးမယ် တော့ ဒုက္ခရောက်ပြီ"

"ဗျာ . . ."

ယိုးမယ်ဆိုသော အသံကြောင့် ဘယ်ဘက်ရင်အုံမှာ ဒိန်းခနဲ ဆောင့်ခုန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟိုမှာ . . . ယိုးမယ် ဒုက္ခရောက်နေပြီ"

ပခုံးပေါ်ထမ်းထားသည့် ထမ်းပိုးနှင့် ရေပုံးတို့ လွတ်ကျသွား၏။ ကစဉ့်ကလျား မှောက်လဲသွားသော ရေပုံးကို ကျော်ခွပြီး ကိုကြီးမောင်ဆီ ပြေးသွားကာ . . .

"ဘာဖြစ်လို့လဲ . . . ယိုးမယ် ဘာဖြစ်လို့လဲ"

နှိမ့်ချည် မြင့်ချည်ဖြစ်နေသော ရင်ဘတ်ကိုဖိကာ အသက်ဝအောင် အရင်ရှူသည်။ ပြီးတော့မှ . . .

"ယိုးမယ် . . . ယိုးမယ် . . . ဒွေးပင်ရွာသူဌေး ဦးသိုက်ညို့နဲ့ လက်ထပ်ရတော့မယ်"

"ဘာ . . ."

ကိုယ့်နားပင် ကိုယ်မယုံနိုင်။ ကိုကြီးမောင် ပခုံးကို လှမ်းကိုင်ပြီး . . .

"ဘာပြောတယ် . . . ကိုကြီးမောင်၊ ဘာပြောလိုက်တယ်"

ကျွန်တော့်ရဲ့ ဒုတိယမြောက်မေးခွန်းကို ကိုကြီးမောင်က ယတိပြတ် ပြန်ဖြေ၏။

"ယိုးမယ် . . . ဒွေးပင်ရွာသူဌေး ဦးသိုက်ညို့နဲ့ လက်ထပ်ရတော့မယ်"

"ဟာ . . . ဘာတွေလဲ"

"နေဦး . . . ငါရှင်းပြမယ်"

နားမလည်နိုင်သော ကျွန်တော့်ပုံစံကို ကြည့်ပြီး ကိုကြီးမောင်က ကပျာကယာ ဝင်ရှင်းသည်။

"မနေ့မနက်က ငါတို့ရွာနဲ့ ဒွေးပင်ရွာကြား ဆားမြေကွင်းမှာ နွားတိုက်ကြတယ်။ အဲ့ဒီမှာ ငါတို့ ရှုံးသွားတယ်"

ခဏတစ်ဖြုတ် ထူပူသွားသောကြောင့် ကိုကြီးမောင် ဆိုလိုရင်းကိုနားမလည်။ ထို့ကြောင့် . . .



"ကျွန်တော် နားမလည်ဘူး"

"ဒီလို . . . မင်းကိုငါ တစ်ခါပြောဖူးပါတယ်။ ဒွေးပင်ရွာသူဌေးဦးသိုက်ညို့နဲ့ ငါ့ဘကြီးဦးချမ်းသာ နွားပွဲချိန်းထားတယ်ဆိုတာလေ။ ငါတို့ အောင်ဇေယျကြီးနတ်ပြတော့ မင်းတောင် ခြံထဲလာသေးတဲ့ဥစ္စာ"

"ဟုတ်တယ်လေ . . . အဲဒါနဲ့ ဘာဆိုင်လို့လဲ"

တကယ်လည်း ကိုကြီးမောင်ပြောနေသမျှ ယိုးမယ်နဲ့ လားလားမှ မဆိုင်သေး။

"အေး . . . မနေ့က နွားပွဲမှာ ငါတို့အောင်ဇေယျကြီးရှုံးသွားတယ်။ နွားပွဲရှုံးတော့ လောင်းထားသမျှ ကုန်ရောဆိုပါတော့ကွာ။ ငါ့ဘကြီးဆို ရှုံးတယ်ဆိုကတည်းက မျက်နှာပျက်ကျသွားတာ ဘယ်သူ့မှတောင် စကားမပြောနိုင်တော့ဘူး။ ဒါပေမဲ့ သူတို့ ဘယ်လောက်ကြေးလောင်းထားတယ်ဆိုတာ မနေ့က ဘယ်သူမှမသိခဲ့ဘူး။ ဒီနေ့အစောကြီး ဘကြီးချမ်းသာ အိမ်ကထွက်သွားတယ်။ တအောင့်နေကမှ ပြန်ရောက်လာတယ်။ ဦးသိုက်ညို့ဆီက ပြန်လာတာ။ ဘကြီးချမ်းသာပြန်ရောက်မှ မနေ့က နွားပွဲလောင်းကြေးကို သိတော့တာပဲ"

"ဘယ်လောက်လဲ"

"စည်းစိမ်အကုန်ကြေး"

"ဟင် . . ."

"ဟုတ်တယ်။ ဘကြီးချမ်းသာနဲ့ ဦးသိုက်ညို ဒီနွားပွဲမှာ စည်းစိမ်အကုန်ကြေး လောင်းထားတာ။ ငါတို့နိုင်ရင် ဦးသိုက်ညို့ရဲ့ စည်းစိမ်အကုန်ရမယ်။ ငါတို့ရှုံးရင် ဘကြီးချမ်းသာ ပိုင်ဆိုင်သမျှ စည်းစိမ်အကုန်ပေးရမယ်။ အခု ငါတို့ရှုံးသွားတယ်"

ကျွန်တော် ရင်မခုန်အား။ များပြားလှသော လောင်းကြေးကိုလည်း စိတ်မဝင်စား။ ကျွန်တော်နဲ့ သက်ဆိုင်တာသည် ယိုးမယ်၊ အရေးကြီးတာသည် ကျွန်တော့်ချစ်သူ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ဦးသိုက်ညိုက အခွင့်အရေးတစ်ခုပေးတယ်။ ယိုးမယ်ကိုသာ သူနဲ့ပေးစားရင် ဘကြီးချမ်းသာရဲ့ စည်းစိမ်တွေကို တစ်ပြား တစ်ချပ်မှ မယူဘူးတဲ့"

"ဘာ . . ."

ခံပြင်းစိတ်ဖြင့် ကျွန်တော့်အသံ ကျယ်လောင်သွားသည်။ ခန္ဓာကိုယ်မှသွေးတွေပင် ပွက်ပွက်ဆူလာတော့ . . .

"နောက်ပြီး သူနဲ့ လက်ထပ်တဲ့နေ့မှာပဲ ယိုးမယ်ကို သူပိုင်ဆိုင်တဲ့ စည်းစိမ်တစ်ဝက် ခွဲပေးမယ်လို့ ပြောတယ်"

"ဒါနဲ့ပဲ ခင်ဗျားဘကြီးက သူ့စည်းစိမ်လည်း မပေးရ၊ သူများစည်းစိမ်လည်း တစ်ဝက်ရမယ်ဆိုပြီး သမီးကို ထိုးပေးလိုက်ရောလားဗျ။ တောက် . . . ဥစ္စာရူးကြီး"

"မဟုတ်ဘူး"

ကိုကြီးမောင်က အလျင်စလို တားမြစ်သည်။

"မင်းထင်သလို မဟုတ်ဘူး။ ဘကြီးချမ်းသာက ယိုးမယ်ကို အရမ်းချစ်တယ်။ ငါတို့လက်အောက်ငယ်သားတွေကိုလည်း သား၊ သမီးနဲ့မခြား ချစ်တယ်။ တကယ်လို့ ဘကြီးသာ အားလုံး စွန့်လွှတ်လိုက်ရမယ်ဆိုရင် ခြံထဲကအလုပ်သမားတွေ၊ ဒီအိမ်နဲ့ခြံကြီးကို မှီခိုနေတဲ့ မိသားစုတွေ အယောက်ပေါင်းများစွာသော ပါးစပ်တွေ ထမင်းငတ်သွားလိမ့်မယ်။ ဒါတွေကိုကြည့်ပြီး ရင်သွေးနဲ့ဘဝပေါင်းများစွာ လဲလိုက်ရတဲ့ သဘောပဲ"

"ဟာဗျာ . . ."

ကျွန်တော် စို့နင့်စွာ ရေရွတ်မိလိုက်သည်။ ဘယ်လိုလုပ်ရမှန်းပင် မဝေခွဲနိုင်တော့။

"ယိုးမယ် . . . ယိုးမယ်ကရော . . ."

"ငါထွက်လာတော့ အခန်းတံခါးပိတ်ပြီး ငိုနေတယ်"



"ဟာ . . ."

ရင်ထဲမှာ ဘာမှမရှိတော့သလို 'ဟာ'ထွက်သွားသည်။ အသက်ရှင်မှုရပ်ဝန်းများအားလုံးပင် အေးခဲတုံ့ဆိုင်းသွားသလို။ ထိုစဉ်မှာပင် ကိုကြီးမောင်၏ နောက်ဆက်တွဲစကားတစ်ခုက ကျွန်တော့်ကို တပ်လှန့်လိုက်တော့၏။

"ညနေ (၆) နာရီယိုးမယ်ကို ဒွေးပင်သွားပို့ရမယ်"

ရင်တွင်းမှာ ပေါက်ကွဲသွားသော ဗုံးတစ်လုံး။

"မင်း ဘာလုပ်ချင်လဲ။ မင်းတစ်ခုခု ဆုံးဖြတ်လို့ရအောင် အချိန်မီပါလာပြောတာ"

တွေဝေစရာမရှိ တိကျသော စကားတစ်ခု နှုတ်မှထွက်သွားသည်။

"ကျွန်တော် ဘယ်လိုမှ လက်မခံနိုင်ဘူး"

"အေး . . . ငါလည်း သိုက်ညိုလိုလူမျိုးလက်ထဲ ငါ့ညီမကို ထည့်မပေးနိုင်ဘူး။ ဒီလူကြီးရဲ့မယား အဖြစ်မခံနိုင်ဘူး။ အဲတော့ မင်း ဘာလုပ်မလဲ"

"ကျွန်တော် ယိုးမယ်ကို ခိုးပြေးမယ်"

ကိုကြီးမောင် မျက်ဝန်းဆီမှ လက်ဝင်းသွားသော အရောင်တစ်စ ကို မြင်လိုက်ရသည်။

"ဟုတ်ပြီ . . . ဒါဆို ညနေ (၆) နာရီမထိုးခင် ရွာထိပ်ကို လာ ■ တုက္ကိုပင်အောက်မှာ စောင့်နေ။ ငါ ယိုးမယ်ကို မဖြစ်ဖြစ်အောင် ခေါ်လာခဲ့မယ်"

ကိုကြီးမောင် စကားကြောင့် ကျွန်တော့်နှလုံးသွေးတို့ ပူနွေးသွား

"ခင်ဗျား ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

"ရတယ် . . . နောက်ပိုင်းကိစ္စတွေ ငါကြည့်ရှင်းမယ်။ ဘယ်လိုမှ ရှင်းမရလည်း တစ်ဖက်နဲ့တစ်ဖက် သတ်ကြရုံပေါ့။ ငါ့ရဲ့ အချစ်ဆုံး ညီမလေးကိုတော့ ဒီလိုလူမျိုးဆီ သွားမဆက်သနိုင်ဘူး"

"ဦးချမ်းသာကရော"

"သူကိုယ်တိုင် ဒွေးပင်ကို လိုက်ပို့မှာ။ အိမ်ကမထွက်ခင် ငါ ရအောင် ခေါ်လာမယ်"

ပြီးလေပြီ။ အချိန်မရှိတော့။

ကိုကြီးမောင်ကိုပင် တစ်သက်တာ ကျေးဇူးတင်ရတော့မည်။ ထို့နောက်မှာ

"ဒါဆို ငါ ပြန်တော့မယ်။ အိမ်မှာလည်း ဒေါ်လေးအေးမေ တော်တော်သောင်းကျန်းနေတယ်။ တစ်အိမ်လုံးလည်း ပွက်လောရိုက်နေပြီ"

ပြောပြောဆိုဆို ခြံဝဘက်ဆီ ကိုကြီးမောင် ပြေးထွက်သွား၏။ အတော်ဝေးဝေးရောက်မှ နောက်ပြန်လှည့်ကာ . . .

"မင်း . . . လာဖြစ်အောင် လာခဲ့နော်"

"စိတ်ချ . . . မဖြစ်ဖြစ်အောင် လာခဲ့မယ်"

ပြတ်သားနိုင်မာစွာ ကတိပြုလိုက်သည်။ မသွားလို့မဖြစ်ပါ။ ယိုးမယ်နှင့် ဝေးရန်လည်း မဖြစ်။

ချစ်သူနဲ့ ကွေကွင်းရသော ဒုက္ခသည်ကား . . .



# VIII

ကိုကြီးမောင်ပြန်သွားတော့ နေပင်စောင်းလှနေပြီ။ ရင်တွင်းမှာ ဗလောင်ဆူနေသည်။ စိတ်တွေ ယောက်ယက်ခတ်နေပေမဲ့ တွေဝေခြင်းတော့မဟုတ်။ ဆန္ဒစောလွန်းနေတာပါ။

ကိုကြီးမောင်ပြန်သွားပေမဲ့ ဦးလေးသောင်းက ရောက်မလာသေး။ စိုက်ပျိုးရေးပစ္စည်းများနှင့် လိုအပ်တာဝယ်ရန် ဦးလေးသောင်း မြို့တက်သွားသည်။ ယခုအချိန်ထိ အိမ်ပြန်မရောက်သေး။ တဲရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဦးလေးသောင်းကို မျှော်နေမိသည်။

ယိုးမယ်နှင့်ဝေးရန် မဖြစ်နိုင်သလို ဦးလေးသောင်းကိုလည်း တွေ့ချင်သေးတယ်။ အကျိုးအကြောင်း ပြောပြချင်သေးတယ်။ တဲရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ကျွန်တော့်ကို မြွေဂဲကတော့ ရှက်စိနောက်နေပေလိမ့်မည်။

ခြံဝကို လှမ်းမျှော်လိုက်၊ အနောက်ဘက်ကောင်းကင်မှ အဒီဒီကျဆင်းနေသော နေလုံးကြီးကိုကြည့်လိုက်၊ လူက နေမထိ ထိုင်မသာ နောက်ဆုံး ဘယ်လိုမှ စိတ်မရှည်နိုင်တော့သည်ကြောင့် ခြံရှေ့တွင် မျှော်



www.burmeseclassic.com

www.burmeseclassic.com

နေလိုက်သည်။ မျက်စိတဆုံး လှမ်းမျှော်ကြည့်မိ၏။ ခပ်ဝေးဝေးဆီမှ လေရှိန်နှင့် လွင့်လူနေသော ဖုန်များမှလွဲပြီး လူရိပ်လူယောင် မတွေ့ရပါ။

ကျောက်ကြီးရွာထိသာ ကားရောက်ပြီး ဒီဘက်ခြမ်းကို လှည်းကြုံစောင့်စီးရမည်မို့ နွားလှည်းသံ ကြားလိုကြားငြား နားစွင့်ထားရသေးသည်။ ဒါပေမဲ့ အချိန်ကုန်၊ စိတ်ပန်းတာသာ အဖတ်တင်သည်။ အနောက်ရိုးမသို့ နေလုံးမေးတင်ပြီးသည့်တိုင် ဦးလေးသောင်း ရောက်မလာခဲ့။

အချိန်ကာလ၏ စိုးရိမ်ဖွယ်အနေအထားကို တဖြည်းဖြည်းရောက်လာပြီမို့ မတတ်နိုင်စွာနဲ့ပဲ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရတော့သည်။ ဦးလေးသောင်းကို ဆက်စောင့်ရန် မဖြစ်နိုင်တော့ပါ။ စာရေးပြီး ထားခဲ့တော့မည်။ ထို့နောက်မှာတော့ အတွင်းပြန်ဝင်ကာ ယူစရာရှိတာများ ယူသည်။

အဝတ်နှစ်စုံနှင့် ငွေစအချို့။ ပြီးတော့ မပါမဖြစ် လက်စွဲတော်ဘာဂျာကလေး။ နောက်ထပ်လိုအပ်တာများကို အလျင်အမြန်စဉ်းစား၍ ကတိုက်ကရိုက်စုကာ လုံချည်ကွင်းတစ်ထည်ဖြင့်ပတ်ပြီး ကျောမှာလွယ်သည်။ နာရီကိုလှမ်းကြည့်တော့ အချိန်နီးကပ်နေပြီ။

ဦးလေးသောင်းနားလည်စေရန် စာတစ်စောင် အလျင်အမြန်ရေးပြီး ထားခဲ့ရသေး၏။ တဲပေါ်ဆင်းစဉ်မှာပဲ တိုက်တိုက်ဆိုင်ဆိုင်ပင် . . .

"ငါ့တူရေ . . . ထူးထူးခြားခြား မင်းအမေ စာပို့လိုက်တယ်ကွ"

အော်သံနှင့်အတူ ခြံတွင်းဝင်လာသည့် ဦးလေးသောင်း။ လှမ်းကြည့်တော့ မြို့ကဝယ်လာသည့် ဝန်စည်စလယ်များထမ်းပိုးကာ ခြံတွင်းဝင်လာသည်။ အိမ်ဝမှ ကျွန်တော့်ပုံစံကို မြင်တော့ . . .

"ဟ . . . ဘယ်သွားမလို့တုံးကွ"

အမေကိုမဖြေအားပဲ သိချင်သောအကြောင်းအရာကို အလျင်စလို မေးလိုက်သည်။



"မေမေ . . . စာပို့လိုက်တယ်ဟုတ်လား"

"အေးကွာ . . . ငါမြို့တက်တဲ့နေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင် ကားဂိတ်ကို ငါ့နာမည်နဲ့ စာရောက်လာတယ်။ ငါ့အစ်မတော့ မင်းကို မျှော်နေပြီထင်တယ်ကွ"

"ကျွန်တော့်ကို ပေးပါဦး"

ဦးလေးသောင်းက သယ်ပိုးလာသော ပစ္စည်းများကို အိမ်ရှေ့ ကွပ်ပျစ်ပေါ်ချသည်။ ပြီး လွယ်လာသော ကျောပိုးအိတ်တွင်းမှ စာတစ်စောင် ထုတ်ပေး၏။ ကပျာကယာ ယူကြည့်လိုက်တော့ . . .

မေတ္တာအပြည့်ဖြင့် မေမေ့လက်ရေးသေးသေးလေးများကို အရင်ဆုံး မြင်ရပါသည်။ ပြီးတော့ . . .

*သားကြီး . . .*

*အိမ်ကို စစ်တပ်ကလူတွေ ရောက်လာတယ်။ တစ်အိမ်လုံးမွှေနှောက်ပြီး မင်းအဖေကို စစ်မေးဖို့ ဖမ်းခေါ်သွားတယ်။ မင်းသူငယ်ချင်းတွေ အားလုံးလည်း ဖမ်းမိသွားကြပြီ။ အခုနေရာက မလုံခြုံတော့ဘူး။ အမြန်ဆုံးပြေးတော့။*

*မေမေ*

"ဟင် . . ."

စာဆုံးသွားစဉ်မှာပဲ ကျွန်တော့်တစ်ကိုယ်လုံး တောင့်မတ်ကာသွားသည်။ ကျွန်တော့်ပုံစံကိုမြင်တော့ ဦးလေးသောင်းမှာ ကပျာကယာ စာကို ဆွဲယူဖတ်ကြည့်သည်။ ထိုအခါမှာပဲ . . .

"ဟာ . . . အဲဒါမှ ဒုက္ခပဲ"

အထိတ်တလန့်ဖြစ်သွားသော ဦးလေးသောင်း၏အသံနှင့် မျက်နှာ။ တောင့်မတ်နေရာမှ ကျွန်တော် သတိဝင်သွားစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျောက်ကြီးကားပေါ်မှာ မျက်နှာစိမ်း လေး၊ ငါးယောက်ကို တွေ့ခဲ့တယ်။ သူတို့တွေထင်တာပဲ။ ကားပေါ်က လူတွေကိုတောင် စစ်ဆေးနေသေးတယ်"

"ဟင် . . ."

ကြက်သီးတို့ ဖျင်းခနဲ ထသွားစဉ် . . .

"ငါ လှည်းကြုံစောင့်စီးလာတာ။ လမ်းမှာတော့ သူတို့ကို မတွေ့ဘူး။ ဒါပေမဲ့ . . ."

စကားမဆုံးလိုက်တော့ ဆုံးဖြတ်ချက်တစ်ခု ချရန်ပင် မလုံလောက်တော့သော အချိန်၌ ခြံဝမှထွက်လာသော အမိန့်သံတစ်ခု။

မကြားချင်ဆုံးစကား။

နားတွင်းသို့ သံရည်ပူ လောင်းချခံလိုက်ရသလို နာကြည်းမှု လောင်လွန်းလှသည့်စကား။

ကျွန်တော့်အာရုံနှင့် အသိဉာဏ်တွင် တစ်သက်မမေ့သည့် စကား။

တွေးမိတိုင်း သွေးပွက်ပွက်ဆူစေမည့်စကား။

"ကနောင် . . . မင်းကို ငါတို့ ဖမ်းလိုက်ပြီ"

• • •

ဦးလေးသောင်းနှင့်ကျွန်တော် အကြည့်ချင်းဆုံသည်။ နေရာမှ ခုန်ထွက်ပြီး ပတ်ဝန်းကျင်ကို လှေ့လာတော့ . . .

ခြံဝင်ပေါက်မှ လူနှစ်ဦး အတွင်းဝင်လာနေသည်။ မေမြို့ ပန်းချုံကွယ်မှ လူတစ်ယောက်ထလာသည်။ ရေတွင်းဘက်ခြမ်းဆီမှ ကျွန်တော့်ဆီ လှမ်းလာနေသော နောက်ထပ်လူနှစ်ယောက်။ ပြေးပေါက်မရှိအောင် ဝန်းရံထားလိုက်ခြင်းဖြစ်သည်။



နောက်ထပ် ဘယ်နှယောက် ထွက်လာဦးမလဲ စောင့်ကြည့်မိသေး၏။ ထပ်ထွက်မလာတော့ပါ။ စုစုပေါင်း ငါးယောက်။ ဘယ်အချိန်အတည်းက ခြံထဲရောက်နေကြသည်မသိ။ ကျွန်တော် ပစ္စည်းများထုတ်ပိုးနေချိန် ဝင်ရောက်နေရာယူထားကြခြင်းဖြစ်နိုင်ပါသည်။

"ငါတွေ့ခဲ့တာ သူတို့ပဲ"

နှစ်ဦးတည်း ကြားလောက်ရုံ ဦးလေးသောင်း လှမ်းပြောသည်။ ထိုစဉ်မှာပဲ ခြံဝမှ ဝင်လာသူနှစ်ဦးအနက် တစ်ဦးက ခြောက်လုံးပြူးသေနတ်ကို ထုတ်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူပါသည်။ ကျွန်တော့်ဆီ ထိုးချိန်တော့ ခေါင်းထဲမှာ ဆုံးဖြတ်ချက်တစ်ခုအတွက် အတွေးတွေ ရုပ်ပြလာ၏။

ကျွန်တော် ငြိမ်ဝပ်စွာ အဖမ်းခံလိုက်မည်လား။ ဒါဆိုလျှင်တော့ ထိုးမယ်နဲ့ သေချာပေါက် ဝေးရတော့မည်။ မဖြစ်နိုင်ပါ။ ဒီလိုဆိုတော့–

လိုအပ်သော အကွာအဝေးရောက်စဉ်မှာ သေနတ်ကိုင်လက်အား ကျွန်တော် လျှပ်တစ်ပြက် ခုန်ကန်လိုက်သည်။ ထင်မှတ်မထားသည်မို့ သေနတ်ကိုင်လူ ဘာမှမလုပ်နိုင်ပါ။

'ဖြောင်း . . .' ခနဲ အသံနဲ့အတူ သေနတ်မှာ ခပ်ဝေးဝေး ပန်းချုံထဲကို လွင့်ထွက်သွား၏။ ထိုနောက်မှာတော့ တိုက်ပွဲစတင်လေပြီ။ ကြောင်ငေးနေသော လတ်တလောအခြေအနေကို အခွင့်ကောင်းယူ၍ ခေါင်းဆောင်ဖြစ်သူအား ဘယ်ဗိုက်၊ ညာဗိုက် နှစ်လုံး ပစ်ကျွေးလိုက်၏။

နောက်ဘက်မှတစ်ယောက်က ကျွန်တော့်ကို ဖမ်းချုပ်သည်။ ကျင့်ထားရနေသော တံတောင်တစ်ချက်က ဖမ်းချုပ်သူနံကြားကို ထွေးခံနဲ့ ဝင်သွားသည်။ တဲရှေ့တွင် အခြေအနေ အနည်းငယ်ရှုပ်ထွေးသွားတော့ ဦးလေးသောင်းမှာ အားကိုးရသည်။



www.burmeseclassic.com

www.burmeseclassic.com

တဲပေါ်ခုန်တက်ကာ အမိုးထောက်တစ်ခုကို ဆွဲဖြုတ်ပြီး ကျွန်တော့်အား ပစ်ပေး၏။ လေပေါ်ဝဲတက်လာသည့် အမိုးထောက်ဝါးပြွတ်တို့အား ကျွန်တော် ခုန်ဖမ်းလိုက်ပြီးချိန်မှာ . . .

"ဖြောင်း . . ."

"ဝှစ် . . . ဘုန်း . . ."

မည်းမည်းမြင်ရာ ဇွတ်ရိုက်တော့ ခဏတွင်းပင် လူနှစ်ယောက် လဲကျသွားသည်။ ခေါင်းဆောင်ဖြစ်သူမှာ သေနတ်အရသာကို တော်တော် အကြိုက်တွေ့ထားသူ ထင်၏။ သေနတ်အား ပန်းချူထဲတွင် အသည်းအသန် လိုက်ရှာနေသည်။ တွေ့မသွားခဲ့ပါ။ သူ့ကို ဦးလေးသောင်း ဝင်ထိန်းလိုက်သည်။

နှစ်ယောက် ဘေးထွက်ပြီးချိန်မှာ ကျန်နှစ်ယောက်ကို လှမ်းကြည့်တော့ အားကိုးရှိနေပြီဖြစ်၏။ ဘယ်အချိန်ကတည်းက ထုတ်လိုက်မှန်းမသိသော ဓားမြှောင်တို့နှစ်လက်။ ဒါပေမဲ့လည်း ကျွန်တော့်ထံ အရဲကိုးပြီး ဝင်မလာရဲပါ။ ကျွန်တော်ကိုင်ထားသော ဝါးပြွတ်တိုက လက်တစ်ဖောင်ကျော်ကျော်လောက်ရှိနေသည်။ နောက်ပြီး သူတို့ရှေ့မှာပင် လူနှစ်ယောက်ကို လှဲသိပ်ထားသည် မဟုတ်ပါလား။

သူတို့မဝင်ရဲသော်လည်း ကျွန်တော်ကတော့ ဝင်ရပေမည်။ ကျွန်တော့်မှာ အချိန်မရှိ။ ရှေ့တစ်လှမ်းတိုးပြီး နီးစပ်ရာတစ်ယောက်ကို အုပ်ရိုက်ချတော့ သတိရှိနေသည်မို့ သူကောင်းသားက ငုံ့ရှောင်သည်။ ရိုက်ချက်လွဲသွားတာကို အခွင့်ကောင်းယူပြီး နောက်တစ်ယောက်က ဓားနဲ့ဝင်ပက်၏။

တွေးထားပြီးသားပေမို့ ကိုယ်ကိုရုတ်ပြီး လှည့်ကန်တော့ . . .

အလိုကြီးသူ အရနည်းသွားရသည်။ ရင်ဝကို ခြေစောင်းဝင်သွားရာ နှစ်လံလောက် လွင့်ထွက်သွား၏။ ထိုအခါတွင် ကျန်သော တစ်ယောက်ကို ကျွန်တော် မဲရိုက်လိုက်ပါသည်။



ဦးလေးသောင်းဆီ မျက်လုံးတစ်ချက်ရောက်တော့ သူတစ်ပြန် ကိုယ်တစ်ပြန်၊ လက်ချင်းပေမို့ ဦးလေးသောင်း ပွဲသိမ်းဖို့မလွယ်။ ကျွန်တော်ကတော့ ရှေ့ကို တစ်လှမ်းပြီးတစ်လှမ်းတိုးကာ တုတ်ချက်တွေ တစ်ချက်ပြီးတစ်ချက်။ ဒါတောင် သူကောင်းသားက ဓားမြှောင်တိုလေးနှင့် ကြောက်ကန် ကန်ခုခံနေသေး၏။

ကျွန်တော့်ရိုက်ချက်တွေ စိပ်သထက် စိပ်လာပြီးနောက်မှာတော့ ပွဲသိမ်းရန် မလိုတော့။ ဒါပေမဲ့ ရှေ့ကိုသာမဲပြီး နောက်ကျောကို ကျွန်တော် သတိမထားမိခဲ့ပါ။

တစ်ကြိမ်တွင် ဘယ်ဘက်ပေါင်လယ်မှာ ပူခနဲဖြစ်ပြီး ကျွန်တော် ဒူးထောက်ကာကျသွားသည်။ သွေးစွန်းသွားသော ဓားမြှောင်လေးတစ်ချောင်း ခပ်လှမ်းလှမ်းကို လွင့်စင်သွား၏။ နောက်ကျောမှ ပစ်လွှတ်လိုက်သော ဓားမြှောင်ငယ်က ကျွန်တော့်၏ ကြွက်သားတစ်ချောင်းကို လှီးဖြတ်ဝင်လိုက်လေပြီ။

နောက်ကိုလှည့်ကြည့်တော့ ခြေစောင်းဒဏ်ခံထားရသူက ကျွန်တော့်ဆီ ပြေးလာနေသည်ကို မြင်ရ၏။ အလှည့်အပြောင်းမှာ မြန်လှသည်။

ကျွန်တော် သတိတစ်ချက်သာ လွတ်သွားခဲ့တာပါ။ ဒါပေမဲ့ ပြန်ရလိုက်သည့် အကျိုးအမြတ်မှာကား . . .

"ဖြောင်း . . ."

ခနဲ ခြေကန်ချက်ကြောင့် လူက လည်ထွက်သွားသည်။ ပြီးတော့ နားနကို ဖြတ်ကန်လိုက်သည့် နောက်တစ်ချက်။

"ဖြောင်း . . ."

ဦးခေါင်းတစ်ခုလုံး စူးရှမွန်းကြပ်သွားပါသည်။ ပါးပြင်ပေါ် နှာခေါင်းသွေးတွေ ဖြာကျသွားသည်။ တဒင်္ဂ အသက်ရှူမရသလို အောင် အတွင်းမှာ မွန်းသွား၏။ ဒါပေမဲ့ သတိတော့ မလွတ်သေး။



www.burmeseclassic.com

www.burmeseclassic.com

အရှိက်ကို ထပ်ကန်သည့်ခြေထောက်ကိုတော့ ကိုယ်နှင့်ကာကာ ဖမ်းထားနိုင်သည်။ ဒါပေမဲ့ . . .

"ဘုန်း . . ."

ကျောပြင်တစ်လျှောက်က စူးအောင့်သွားသည်။

"ဦးလေးသောင်း . . . ပြေးတော့"

အော်သံဆုံးစဉ်မှာ ရင်ဘတ်ပေါ် ခွစီးခံလိုက်ရပြီးနောက် မျက်နှာအနှံ့ဆီ အရှိန်ပြင်းပြင်း ထိုးသွင်းလိုက်သော လက်သီးများ။

"ခွပ် . . . ခွပ် . . . ဖြောင်း . . . "

" ဘုန်း . . . ဖုန်း . . ."

ရှိသလောက် အင်အားနှင့် တွန်းကန်ကာကွယ်ရင်း ကျွန်တော် ဦးလေးသောင်းကို သတိပေးမိနေသေးသည်။

"ဦးလေးသောင်း . . . ပြေး . . . ပြေးတော့ . . ."

"ခွပ် . . . ခွပ် . . ."

"ဖြောင်း . . ."

"အား . . ."

အချက်ပေါင်းများစွာ အထိုးခံရသည့်မျက်နှာက နာရာမှ တဖြည်းဖြည်း ထုံလာသည်။ ထုံရာမှ တဖြည်းဖြည်း ထူလာ၏။ ဘေးသို့ စောင်းငဲ့နိုင်စွမ်းပင်မရှိတော့။

သို့ပေမဲ့ လက်သီးချက်တွေကတော့ အဆက်မပြတ် ကျဆင်းနေတုန်း။ ပြီးတော့ . . .

ပြီးတော့ . . .

ကျွန်တော် ဘာမှမသိတော့။

❦ ❦ ❦



# IX

ဖေကြီးကို မုန်းသည်။ ယခုထိ မမြင်ဖူးသေးသော ဦးသိုက်ထိုသည့်လူကြီးကိုလည်း မုန်းသည်။ အမုန်းဆုံးကတော့ 'လောင်းကစား' ဟူသော အရာကြီးကိုပါပင်။

ကောင်းကျိုးနည်းသည့် ထိုအရာကို ဘာကြောင့်များ လူတွေ ကိုတွယ်ထားရသနည်း။ သူက လူတွေကို ဘာတွေ ကောင်းကျိုးပြုသနည်း။ အကျိုးရှိသည်ထားဦး၊ လောင်းကစားကြောင့် ရရှိသည့် အကျိုးအမြတ်ကရော ဘယ်လောက်ကြာကြာ ခံမှာနည်း။ ကိုယ်ချည်းယူရသည့် ဘာဝမဟုတ်သည်ကြောင့် ပြန်ပေးရသော အလှည့်လည်း သေချာပေါက်ရှိနေလိမ့်မည်။

ယခုတော့ ဖေကြီး ပြန်ပေးနေရပြီ။ ယူအလှည့်တုန်းက မသိသာပေမဲ့ ပြန်ပေးရတော့ တစ်ဘဝစာ။ ရှင်ယိုးမယ်ဟူသော မိန်းကလေးတစ်ဦးက ကြားခံ၊ အသုံးချခံ သက်သက်။

သားသမီးမကောင်း မိဘခေါင်းတဲ့။ မိဘမကောင်းတော့လည်း သားသမီးခေါင်း ထိရတာပါပဲ။

အရှေ့ဆီမှာ မြင်းသုံးစီးနှင့် လူသုံးယောက်။ ရှေ့ဆုံးမှ ဦးဆောင်သွားနေသူက ဖေကြီး။ မြင်းသုံးစီးနောက်မှာ နွားဆွဲလှည်းယာဉ်လေး



www.burmeseclassic.com

www.burmeseclassic.com

တစ်စီး။ ထိုပေါ်တွင် ရှိုက်ကြီးတငင် ငိုကြွေးနေသူ မိန်းကလေးတစ်ဦး ပါလာသည်။

ထွက်လာကတည်းက ငိုနေသောအငိုမှာ ယခုချိန်ထိ မရပ်တ နိုင်သေး။ တစ်လမ်းလုံး ငိုလာသည်မို့ ပါးပြင်တစ်ခုလုံး မျက်ရည်စ နှင့် စေးထန်ကာနေသည်။ ဝမ်းနည်းလိုက်သည်မှာ တအား။ လော ကစားပွဲတစ်ခုရဲ့ အဆုံးသတ်မှာ မြေဇာပင်ဖြစ်သွားသူက သူမ။

ဖေကြီး မတရားဘူး။

သူမကို ချစ်တယ်ဆိုတာ ဘာကိုပြောတာနည်း။ ဖေကြီး သူ ဘက်ကို လုံးဝထည့်မတွက်ခဲ့။ အလုပ်သမားပေါင်းများစွာရဲ့ဘဝကို ကြ ပြီး ရွေးလိုက်ရတာပါတဲ့။ သူမသည် သက်မဲ့အရုပ် တစ်ရုပ်မဟုတ် အသွေးနှင့်အသားနှင့် ခံစားတတ်သော နှလုံးသားနှင့်။

တကယ်တော့ အလုပ်သမားပေါင်းများစွာရဲ့ဘဝနဲ့ သူမကို လိုက်တာ မဟုတ်ပါဘူး။ ဖေကြီးရဲ့အတ္တနဲ့ သူမကို လဲလိုက်တာ အလုပ်သမားတွေရဲ့ ဘဝကိုငဲ့လျှင် ဘာကြောင့် ယခုအလောင်းအ ကို ပြုခဲ့ပါသလဲ။ တစ်သက်လုံး ရှာဖွေစုဆောင်းခဲ့ရသော စည်းစိမ်အ လုံးနဲ့ ပုံပြီး လောင်းကြေးထပ်ခဲ့ပါသလဲ။

မိမိုသူတွေရဲ့ဘဝနှင့် အလဲခံရခြင်းထက် အတ္တတစ်ခုနှင့် အ ခံရခြင်းကို ပို၍ နာကျင်သည်။ ကိုယ်မွေးထားတဲ့ သား၊ သမီးကိုယ် သည်၊ မှားမှား၊ မှန်မှန် ကိုယ့်ဆုံးဖြတ်ချက်အတိုင်း လိုက်နာရမည် သည့် သဘောထားကို မုန်းသည်။

ဒါပေမဲ့ သူမ ဘာမှမတတ်နိုင်ခဲ့ပါ။

ကြီးမေကတော့ သူမလက်ကို ဆုပ်ကိုင်ရင်း အံကြိတ်ထား၏ ကြီးမေ ပါးပြင်မှာလည်း မျက်ရည်စတွေ ကျဆင်းလို့။

သူမတို့ လှည်းယာဉ်လေးဆောမှာ မြင်းတစ်စီးနှင့် ကိုကြီးမော ကပ်လိုက်လာသည်။ နောက်မှာက သူမ အသုံးအဆောင်ပစ္စည်းများတ



ဆောင်လာသည့် ဝန်တင်လှည်းတစ်စီး။ ထိုလှည်းနောက်မှာ အဆုံးပိတ် မြင်းနှစ်ကောင်နှင့် လူနှစ်ယောက်။

စထွက်လာစဉ်က ညနေပင်ရှိသေးပေမဲ့ ယခု မိုးစုန်းစုန်းချုပ် နေပြီ။ မိုးချုပ်သော်လည်း မီးတုတ်များထွန်းညှိကာ ခရီးဆက်လျက်။

မကြာခင် ဒွေးပင်ရွာကို ရောက်တော့မည်။

ထိုစဉ်မှာပဲ သူမရင်တွင်းကို နာမည်တစ်ခု ဖြတ်စီးသွားသည်။

"ကနောင် . . ."

သူ ဘယ်ရောက်နေလဲကွယ်။ ချိန်းထားရာသို့ ဘာကြောင့်များ ရောက်မလာရတာလဲ။ ကနောင် ရောက်မလာသည်ကြောင့် ယခု လှည်း ပေါ်တွင် သူမ ပါလာရခြင်းပါ။ ချိန်းထားသောနေရာတွင် သူမနဲ့ကိုကြီး မောင် ကနောင့်ကို စောင့်နေခဲ့ပါ၏။ သတ်မှတ်ချိန် ကျော်လွန်ပြီးသည် ထိ ကနောင်ရောက်မလာ။

ကနောင်ရောက်မလာပေမဲ့ မြင်းတစ်စီးနှင့် ဖေကြီးရောက်လာ ပါသည်။ သူမတို့ ရည်ရွယ်ချက်ကို သိပေမဲ့ အပြစ်မဆို၊ ကိုကြီးမောင် ကိုပင် အရင်လို မာန်မဲခြင်းမရှိ။ သူမကို မြင်းပေါ်တင်၍ အိမ်ပြန်ခေါ် သွားသည်။ ထို့နောက်မှာ သူမဘဝ၏ ငရဲခန်းသည် စတော့၏။

ငရဲတံခါးဝသို့ သွားရမည့်အတွက် ဝမ်းနည်းခံစားနေရသလို တစ်ဖက်ကလည်း ချိန်းထားရာသို့ ရောက်မလာသော ကနောင့်ကို စိတ်ပူ မိသေးသည်။ ကနောင် ဘယ်လိုနည်းနှင့်မှ သူမနဲ့ အဝေးခံနိုင်လိမ့်မည် မဟုတ်ပါ။ အရောက်လာရန် မဖြစ်မနေကြိုးပမ်းမည်မှာ သေချာသည်။

သို့သော် ရောက်မလာခဲ့။ အန္တရာယ်တစ်ခုခုများ ကြုံနေလို့ လား။ ငိုကြွေးနေလျက်မှ ချစ်သူကို ပူပင်မိနေသေးသည်။ ကိုကြီးမောင် ကတော့ ကနောင် သေချာပေါက်လိုက်လာလိမ့်မည်ဆို၏။ ယခုချိန်ထိ တော့ ကနောင့်အရိပ်အယောင်ကို မမြင်ရသေး။

အရှေ့ဆီမှာ မီးရောင်လက်လက်ဖြင့် ရွာကြီးတစ်ရွာကို လှမ်း မြင်နေရပြီး မကြာခင် ငရဲတံခါးဝကို ရောက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

မသွားနဲ့။

မရောက်ပါစေနဲ့။ ဒွေးပင်ရွာကို မရောက်ပါစေနဲ့။

ဖေကြီး စိတ်ပြောင်းပြီး နောက်ပြန်လှည့်ပါစေ။

သို့သော် ဆုတောင်းသည် ဆုတောင်းမျှသာ ဖြစ်ခဲ့၏။ လက်တွေ့ကို မလွန်ဆန်နိုင်ခဲ့ပါ။ မီးရောင်တွေနှင့် နီးသထက် နီးလာသည်။ တဖြည်းဖြည်းနှင့် လယ်ကွင်းပြင်များမှ လွန်မြောက်ကာ သစ်ပင်၊ ဝါးပင်တွေအောက် ရောက်လာသည်။

မကြာခင်မှာပဲ သူမကို တင်ဆောင်လာသည့် လှည်းယာဉ်လေးမှာ ဒွေးပင်ရွာတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့တော့၏။

ရွာကိုဝင်တော့ ကြီးမေက သူမလက်ကို ဖျစ်ညှစ်သည်။

ခေါင်းကို ငုံ့ကာ သူမ 'အိ'ခနဲ ရှိုက်ငိုသည်။

လူ့ဘဝဟူသည်ကား တစ်ခါတစ်ရံ၌ ငရဲဆန်တတ်၏။

• • •

မီးရောင်ညင်းညင်းထိုးကျသော အရပ်တွင် လှည်းရပ်သွားသည်။ ရှေ့ပိုင်းဆီမှ ဖေကြီးနှင့် လူအချို့၏ စကားပြောဆိုသံကို ကြားရ၏။ တအောင့်ကြာတော့ ဝန်းတံခါးဖွင့်သံ ပေါ်လာသည်။

ရောက်ပြီပေါ့။

ရင်တွင်းမှာ တလှပ်လှပ်ဖြစ်ကာ အလိုလိုမောလာပြီး အသက်ရှူမဝတော့သလို။ ခေါင်းကို ငုံ့ထားပေမဲ့ အိမ်ကြီးဆီမှ အသံများကို ကြားနေရ၏။ ကြီးမေလက်ကို တင်းတင်းဆုပ်ကိုင်ထားမိပါသည်။

အောက်လင်းမီးရောင်တွေ ပြောင်ပြောင်ဝင်းနေသော အိမ်တံခါးမကြီးရှေ့ကို ရောက်တော့လှည်းမှာ ရပ်သွားသည်။ ထိုခဏ . . .

"သမီးလေး . . . ရောက်ပြီ၊ ဆင်းရအောင်"



ဖေကြီးအသံကိုကြားတော့ ကြီးမေက လှည်းပေါ်မှ အရင်ဆင်းသည်။ ပြီး သူမ ဆင်းရလွယ်ကူစေရန် လက်ကမ်းပေး၏။ ခေါင်းငုံ့ထားလျက်မှပင် ကြီးမေလက်ကို အားပြုပြီး လှည်းပေါ်မှ ဆင်းလိုက်သည်။

မြေကြီးနှင့်ခြေထောက် ထိမိပြီးပြီးချင်း ခန္ဓာကိုယ်နေရာအနှံ့ဆီမှ မလုံခြုံသော ခံစားမှုများကို တစ်ပြိုင်နက် ခံစားလိုက်ရ၏။ ဒါဟာ လူပေါင်းများစွာသူမကို ဝိုင်းကြည့်နေကြောင်း သေချာသည့်ခံစားမှု။ ငုံ့ထားသော ခေါင်းပင် ထပ်မံငုံ့ကျသွားသည်လားမသိပါ။

"လာဗျာ . . . ဦးချမ်းသာ၊ ညှော်သည်တွေတောင် တော်တော်စုံနေပြီဗျ"

ဖိနပ်အမည်းရောင်ဝတ်ဆင်ထားသော လူကြီးတစ်ဦး ဖေကြီးထံရောက်လာပြီး အိမ်တွင်းသို့ လက်ဆွဲခေါ်သွားသည်။

"ကဲ . . . လာကြဗျာ၊ အားလုံးပဲ အိမ်ထဲကို ကြွကြပါ"

ဖေကြီးနောက်မှာ သူမနှင့် ကြီးမေ၊ ပြီးတော့ ကိုကြီးမောင်။ အလိုနှင့် ခေါ်ဆောင်ရာအတိုင်း သူမတို့အိမ်ထဲ ပါသွားကြသည်။

"အစ်ကိုကြီးကတောင် စိတ်ပူနေတာ။ တအောင့်နေမှ ရောက်လာရင် ကျွန်တော်တို့ လိုက်လာတော့မလို့"

ကိုကြီးမောင် ခြေလှမ်းရပ်သွားသည်။ သူတို့ စကားမှားသွားကြောင်း သိသည်ထင်၏။ ကပျာကယာပင် မျက်နှာချိုသွေးပြင်ဆင်သည်။

"မဟုတ်ပါဘူး၊ ညမှောင်နေပြီဆိုတော့ လမ်းခရီးမှာ စိတ်မချလို့ပါ။ သိတဲ့အတိုင်းပဲ ဒွေးပင်နဲ့ ပွေးလုကုန်းဟာ ခရီးနီးတာမဟုတ်ဘူးလေ။ ဟင်း . . . ဟင်း . . ."

မရောက်လာပါက လိုက်လာမည်ဆိုခြင်းသည် မယုံကြည်သည့်သဘော။ ရင့်သီးသည့်သဘောတို့ အချိုးအစား များများပါနေသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းငုံ့လျှောက်လာသည်မို့ အိမ်ကြီးအတွင်းထဲကို ရောက်နေပြီဖြစ်မှန်း ကြမ်းခင်းကော်ဇောများ၏ တောက်ပြောင်မှုအရ သိနေသည်။ ဘာကြောင့်မှန်းမသိ တံခါးတစ်ချပ်ဖွင့်ပြီး အခန်းကျယ်ကြီးတစ်ခုတွင်း ဝင်ရောက်မိချိန်မှာ သူမ စိတ်ဝယ်တွင် အားငယ်မှုတို့ အလိုလို ဖြစ်ထွန်းလာသည်။

တစ်ဆက်တည်းအနေဖြင့် ကြောက်ရွံ့စိတ်၊ ရှက်ရွံ့စိတ်များ တစ်ပြိုင်နက် ဖြစ်လာပြီးသွားသည့်နောက် . . .

"သမီးလေး . . ."

"ရှင် . . . ကြီးမေ . . ."

သတိလက်လွတ် ခေါင်းမော့မိချိန် မြင်လိုက်ရသည့် မြင်ကွင်းမှာကား . . .

"ဘုရားရေ . . ."

အခန်းအပြည့်စုရုံးထားသော လူအုပ်ကြီး။ ထိုလူအုပ်ကြီး၏ ထိပ်ပိုင်းဆီမှာ ထိုင်နေသော မုတ်ဆိတ်မွေး ကျင်စွယ်နှင့်လူကြီးတစ်ဦး။

အချိန်ခဏလေးအတွင်း သူမခန္ဓာကိုယ် နေရာအနှံ့ဆီ ဝိုင်းဝန်းထိုးဆိတ်လိုက်ကြသည့် မျက်လုံးများ။

ရှက်စိတ်၊ ရွံမုန်းစိတ်၊ မိန်းမသားတစ်ဦး၏ ကြောက်ရွံ့စိတ်တွေဖြင့် မျက်လုံးတို့ ပြာဝေသွားစဉ် . . .

စိတ်တွင်းမှာ လန့်အော်မိလိုက်သည်ကား . . .

"ကနောင်ရေ . . . ယိုးမယ်ကို ကယ်ပါဦး"



# X

နားထဲမှာ ခေါ်သံလိုလို ကြားလိုက်ရ၏။

မျှတ်ခနဲ မျက်လုံးဆွဲဖွင့်တော့ ကြယ်ရောင်ပြိုးပြက်သော ကောင်း...င်တစ်ထည်ကို မြင်ရသည်။ လခြမ်းကွေးလေးက အနောက်ထောင့်...င်နေရာမှ အားယူပွင့်အာလျက်။

ထိုခဏမှာပဲ မျက်လုံးတစ်ဝိုက် စပ်ဖျင်းမှုဝေဒနာကို ခံစားရ...ည်။ မျက်ခမ်းစတွေ အလိုလို ပိတ်ကျသွားပါသည်။ ငါ ဘယ်ကို ...တ်နေတာလဲ။ မျက်လုံး မှိတ်ထားလျက်စဉ်းစားတော့ . . .

ခန္ဓာကိုယ်က ရွေ့လျားနေသလို ခံစားရသည်။ တစ်ခါတစ်ခါ ... မြောက်တက်သွား၏။ ထိုအခါမျိုးတွင် ကျောပြင်ဆီမှ ရှုးအောင့် ...တ်ပါသည်။ ပြီးတော့ ကျောအောက်ဘက်ဆီမှ ဝင်ရိုးချင်းပွတ် ...သံ တကျိုးကျိုးကိုလည်း ကြားရသည်။

"ဟဲ့ . . . နွား . . ."

ထိုအခါမှ ကျွန်တော်ရောက်နေရာအရပ်ကို သဘောပေါက် ...သည်။ နွားလှည်းတစ်စီးပေါ် ပက်လက်အနေအထားဖြင့် ရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ပါးချောင်၊ နားထင်နှင့် မေးရိုး၊ နှာရိုးနှ စတာတွေက မခံမရပ်နိုင် အောင် နာကျင်နေသည်။

ငါ ဘာလို့ လှည်းပေါ်ရောက်နေတာလဲ။ နောက်ပြီး ငါ့တစ်ကိုယ် လုံး ဘာကြောင့် နာကျင်နေရတာလဲ။ ထပ်စဉ်းစားတော့။ ခေါင်းတွင် မှာ လျှပ်ပြက်သွားသည်။

"ဟင် . . . ယိုးမယ် . . . "

ပထမဆုံး သတိရလာသူက . . . ယိုးမယ်။ ယိုးမယ်ကို ခိုးပြေ ရန် ရွာထိပ်တွင် ကိုကြီးမောင်နှင့် ချိန်းထားတာပါ။ ထိုမတိုင်ခင် လူ ယောက်ရောက်လာပြီး ကျွန်တော့်ကို ဖမ်းဆီးဖို့ကြိုးစား၏။ မမျှတ ဆင်နွှဲခဲ့ရသည့် ပွဲတစ်ပွဲ။ လှည်းပေါ်ခွစီး၍ တရစပ်ထိုးသွင်းလာသေ လက်သီးများ။

ထို့နောက်မှာ ကျွန်တော် ဘာမှမသိတော့။

ယခု နွားလှည်းတစ်စီးပေါ် ရောက်နေသည်။ ပြီးတော့ ညအချိ ယိုးမယ်နှင့်တွေ့ဆုံရန် ပြောထားသောအချိန်ကို ကျော်လွန်သွားခဲ့ပြီ။ ဘာ လိုလုပ်ရပါ့မလဲ။ ကျွန်တော့်ကို သူတို့ ဘယ်ခေါ်သွားနေကြတာလဲ။ ယ ဘယ်နေရာကို လှည်းရောက်နေပြီလဲ။ ယိုးမယ်ကရော ကျွန်တော့်ကို စော နေတုန်းလား။

လှည်းဆောင့်လိုက်တိုင်း ဘယ်ဘက်ပေါင်က စူးခနဲ၊ စူးခနဲ ကျင်နေသည်။ လက်နှစ်ဖက်ဆီမှာ တင်းကြပ်မှုကို ခံစားရ၏။ ဓား ထားသည်ကြောင့် ပေါင်မှာ နာကျင်နေခြင်းဖြစ်ပြီး လက်နှစ်ဖက်တ ကြပ်မှုမှာတော့ ကြိုးတုပ်ခံထားရသောကြောင့်ဖြစ်သည်။

လှည်းပေါ်တွင် လူဘယ်နှယောက်ပါလာသလဲ။

သတိထားပြီး မျက်လုံးတစ်ဖက်ကို အနည်းငယ် ဖွင့်ကြည့်တေ တွေ့ရသည်က တစ်ဖက်တစ်ချက်ဆီတွင် ထိုင်နေသော လူနှစ်ယော



ခေါင်းတညွှတ်ညွှတ်မှာ လှည်းမောင်းနေသူတစ်ယောက်။ သုံးယောက် တည်း။

လှည်းမောင်းသမားကတော့ ရွာခံဖြစ်ဟန်တူသည်။ ဒါဆို ကျွန် တော်နှင့် အတူပါလာသော လူနှစ်ယောက်။ ကျွန်တော့်ကို သတိမရ သေးဟု ထင်ပြီး အေးအေးလူလူ ထိုင်နေကြခြင်းဖြစ်သည်။ သူ တို့နှစ်ဦးကြားတွင် အရှေ့ကို ခေါင်းပေးလျက် ကျွန်တော်က ပက်လက် အနေအထား။

မျက်လုံးပြန်မှိတ်ပြီး နားစွင့်ကြည့်တော့ နောက်လှည်းတစ်စီး ပါလာသေးသည်။ သူတို့အဖွဲ့မှ ကျန်သုံးယောက် နောက်လှည်းနဲ့ လိုက် လာသည်ထင်၏။ သူတို့နဲ့ပါသွားရန် ဘယ်လိုမှမဖြစ်နိုင်ပါ။

ကျွန်တော့်မှာ ယိုးမယ်ရှိနေသေးသည်။ ပြီးတော့ ယခုညသည် ကျွန်တော်တို့နှစ်ဦးအတွက် အဆုံးအဖြတ်။ ဒီည လွန်မြောက်သွားပါ က ယိုးမယ်နဲ့ကျွန်တော် တစ်သက်လုံး ဝေးပေပြီ။

ချိန်းထားသော နေရာတွင် ယိုးမယ်ရှိနေပါဦးမည်လား။ ယခု က ဘယ်အချိန်ရှိပြီလဲ။

ထိုစဉ်မှာပဲ . . .

"ကျောက်ကြီးကို တော်တော်သွားရဦးမလား"

"သွားရမှာပေါ့ . . . ဆရာရဲ့။ ရွာကထွက်လာတာမှ မကြာ သေးဘူး"

ခေါင်းဆောင်ဖြစ်သူ၏ စိတ်မရှည်ဟန်အမေးကို လှည်းမောင်း သူက ပြန်ဖြေသည်။ ထိုစကားအရ ရွာမှ အရမ်းကြီးမဝေးသေးမှန်း ခန့် မှန်းမိလိုက်သည်။ လက်ကိုကြိုးတုပ်ထားပေမဲ့ ခြေထောက်ကို လွှတ်ထား သည်ကြောင့် ခုန်ချပြေးလျှင် ရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ပေါင်မှာ ဒဏ်ရာနှင့်။ ကွင်းထီးထီးမှာ ကျွန်တော် မည်မျှကြာကြာ ထွက်ပြေးနိုင်ပါမည်လဲ။ ဤမျှ ဒဏ်ရာတွေနှင့် သူတို့ငါးယောက်ကို ရင်ဆိုင်တိုက်ခိုက်ရန်လည်း မလွယ်ကူနိုင်ပါ။

"ဆရာတို့ . . . လှည်းရုံတိုင်ကို ခဏကိုင်ထားကြဦး။ ရှေ့မှာ ချောင်းဖြတ်ရှိတယ်"

ဘုရားမတာပါပဲ။ လှည်းသမားစကားက ကျွန်တော့်ကို ထခုန်မတတ် ဝမ်းသာသွားစေသည်။ ရောက်ရှိနေသော နေရာဒေသနှင့် လွတ်မြောက်ရန် လမ်းစဉ်ကိုလည်း ချင့်တွက်မိလိုက်သည်။

ရှေ့တွင်ရှိနေသော ချောင်းရိုးကို ကျွန်တော် ကောင်းကောင်းသိသည်။ ကျောက်ကြီးနှင့် ပွေးလုကုန်းကြားတွင် တစ်ခုတည်းရှိနေသော ချောင်းရိုး၊ နောက်ပြီး ထိုချောင်းက ဒွေးပင်ရွာဘက်သို့ ဆက်လက်စီးဆင်းသွားသည်။ ရွာနှင့် ဘယ်လောက်မှ မဝေးသေးပါ။

ကုန်းပေါ်တွင် လှည်းမှ ဆင်းပြေးရန်မဖြစ်။ ဒါပေမဲ့ ရေမှာတော့ ဖြစ်နိုင်သည်။ ချောင်းလယ်ရောက်ချိန် ကိုယ်ကို လှည်းပေါ်မှ လှိမ့်ချလိုက်မည်။ ညမှောင်မှောင်မှာ ချောင်းရေက မည်းမည်း။ ပြီးလေပြီ။

ကျွန်တော့်အတွက် အခွင့်အရေးက ရှိနေပြီ။

ဒါပေမဲ့ . . .

"ဟေ့ကောင် . . . ဒီကောင့်လက်ကို ဆွဲထားဦး၊ လှည်းက ရေထဲ မောင်းဆင်းမှာ၊ တော်ကြာ ပြုတ်ကျသွားဦးမယ် "

"ဟင် . . ."

ကျွန်တော့်လက်နှစ်ဖက်ကို တစ်ဖက်တစ်ချက်ဆီမှ တင်းတင်းဆုပ်ကိုင်သော အထိအတွေ့တစ်ခု၊ လူက အသက်ရှူရပ်သွားသည်။

"သွားပြီ"



ကံကြမ္မာက မျက်နှာသာပေးပြီးကာမှ လွတ်မြောက်ရာ **တံခါး**ကို ပိတ်ပစ်လိုက်ပြီ။ အားထည့်ထိန်းချုပ်ထားသော လက်နှစ်ဖက်ကြောင့် လှည်းပေါ်မှ လှိမ့်ချရန် မဖြစ်နိုင်တော့။

လှည်းက အနိမ့်ပိုင်းကို မောင်းဆင်းသွားသည်။ ရေသံများကို ကြားရ၏။ လှည်းမောင်းသူက ကြိမ်ကို တဖြန်းဖြန်းရိုက်ရင်း တစ်ဖက်တမ်းရောက်ရန် နွားနှစ်ကောင်ကို ညာသံပေးသည်။

ပထမရေတိမ်ပိုင်း ပြီးတော့ ရေနက်ပိုင်း။

ရေထဲရောက်စဉ်မှာ ချုပ်ကိုင်ထားသော လက်နှစ်ဖက်က အားပိုပြင်းလာသည်ကြောင့် ကျွန်တော် ငြိမ်နေလိုက်ရတော့သည်။ ရုန်းပြီးကာမှ မလွတ်မြောက်လျှင် ပိုဆိုးသွားနိုင်သည်မဟုတ်ပါလား။

ဒီလိုနှင့် တစ်ဖက်ကမ်းကို ရောက်သွားခဲ့ပါသည်။ လှည်းလမ်းကြောင်းဆီ ပြန်လည်ခြေချမိမှ ချုပ်ကိုင်ထားသော လက်ချောင်းတွေက လျော့ကျသွားသည်။ သိပ်မကြာခင်မှာ မူလအတိုင်း လွတ်လပ်ခွင့်ရ၏။

ရသည့်အခွင့်အရေးကို ကျွန်တော် လက်လွတ်မခံခဲ့ပါ။

အသက်ကို ဝအောင်ရှူသွင်း၍ မာန်တစ်ချက်သွင်းကာ . . .

"ကျား . . . ."

ဆတ်ခနဲ ထထိုင်၍ လှည်းပေါ်မှ လှိမ့်ချလိုက်သည်။ မြေပေါ်ပြုတ်ကျတော့ နောက်လှည်းလွတ်ရန် ဘေးကို ထပ်လှိမ့်သည်။ လှည်းလမ်းကြောင်းမှ ဖုန်တွေ ကျွန်တော့်တစ်ကိုယ်လုံးကို လူးသွား၏။ လေးငါးပတ်လည်သွားပြီးစဉ်မှာ အားယူကုန်းထပြီး ချောင်းရိုးဘက်ဆီသို့ ပြေးပါတော့သည်။

ပထမတော့ လှည်းနှစ်စီးလုံး ကြောင်နေသေးသည်။ ပြီးမှ . . .

"ဟာ . . ."

"ဟေ့ကောင် . . . မပြေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com

အော်သူက အော်၊ လှည်းပေါ်မှ ခုန်ဆင်းသူက ဆင်း။

ကျွန်တော်ကတော့ ခြေတစ်ပတ်ကိုအားပြု၍ ချောင်းရိုးဆီ အမြန်ဆုံး ရောက်အောင်ပြေးသည်။ ကမ်းပါးစွန်းရောက်တော့ . . .

"ဒိန်း . . ."

သေနတ်သံတစ်ချက်နှင့်အတူ ကျွန်တော့်ခန္ဓာကိုယ် ချောင်းထဲကို လွင့်ကျသွားသည်။

"ဗွမ်း . . ."



# XI

ခေါင်းပေါ်ပေါ်ချင်း အသက်ကို အမောတကော ရှူရသည်။ နောက်လှည့်ကြည့်တော့ အတော်ဝေးဝေး ကမ်းပါးပေါ်တွင် လှုပ်ရှားပြေးသွားနေသူများကို တွေ့ရ၏။

လက်မှာတုပ်ထားသော ကြိုးကို ပါးစပ်နှင့် ကိုက်ဖြည်သည်။ တော်တော်နဲ့မရ။ အားကုန်သုံးမှ တစ်ဖက်ပြေသွား၏။ ကြိုးပြေတော့ ရေထဲသို့ ဦးစိုက်ပြစ်ဆင်းလိုက်ပါသည်။

ဒုတိယအကြိမ် ခေါင်းဖော်တော့ လူရိပ်လူယောင်များကို မတွေ့ရတော့ပါ။ ဒီတော့မှ ကမ်းစပ်ကို အလျင်အမြန် ကူး၍လိုက်သည်။ သဲသောင်ပြင်ပေါ်ရောက်တော့ လူက တော်တော်မောနေပြီ။ ဟင်းလင်းပြင်ဖြစ်နေသော သဲသောင်ပေမို့ စိတ်ချလက်ချမနားရဲ။ ညဘက်ပင်ဖြစ်သော်လည်း အရိပ်မည်းမည်းကိုတော့ တွေ့ကောင်းတွေ့ရနိုင်သည်မဟုတ်ပါလား။

ကမ်းပါးစွန်း အကွယ်လေးရောက်မှ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မြေနံ့ရကိုမှီကာ ခေတ္တခဏ အမောဖြေ၏။ အချိန်မရှိသည်မို့ အမောစေ့လောက်တော့ ထိုင်ရာမှထလိုက်ပါသည်။ ရောက်ရာနေရာကို စုံစမ်းတော့ လက်ဝဲဘက်အရပ်ဆီမှာ မီးရောင်လဲ့လဲ့ကို တွေ့ရသည်။

အချိန်အတော်ကြာနေထားဖူးသူမို့ မှားစရာမရှိပါ။ မွေးလူ့တုန်းက မြင်ရသော အရပ်သည် ရွာမြောက်ဘက်အရပ်၊ ရွာထိပ်ရောက်ရန်



www.burmeseclassic.com

www.burmeseclassic.com

တော် တော်ပြန်သွားရဦးမည်။ ရွာထိပ်တွင် ယိုးမယ်ရှိနေပါဦးမည်လား။ ရောက် လိုဇောကြီးစွာဖြင့် ကမ်းပါးပေါ် တွားတက်လိုက်ပါသည်။

ရှေ့မလှမ်းမကမ်းတွင် ပြောင်းဖူးခင်းများရှိနေ၏။ ကိုယ်ကိုကိုင်းကာ ပြောင်းဖူးခင်းရှိရာသို့ သွက်သွက်လှမ်းလိုက်သည်။ ခြေတစ်ဖက် ဒဏ်ရာရထားသည်မို့ စိတ်သွားတိုင်းတော့ ကိုယ်မပါ။ ဒါပေမဲ့ ပြောင်းဖူးခင်းထဲ ခန္ဓာကိုယ် တိုးဝင်ပြီးသွားချိန်မှာ နောက်ကျောလုံသွားသလို ခံစားရသည်။

ဟိုလူငါးယောက်ကို ကြောက်ရန်မရှိတော့။ ကျွန်တော့်နယ်မြေ ဖြစ်သွားခဲ့ပြီ မဟုတ်ပါလား။ ထို့နောက်တော့ ညာဘက်ခြေထောက်ကို အားပြု၍ ရွာထိပ်ကို ဦးတည်သည်။ ဘယ်ဘက်ပေါင်မှ တဆစ်ဆစ် ကိုက်နေသော ဒဏ်ရာနှင့်အတူ ရင်ထဲမှာ ဗလောင်ဆူနေ၏။

ယိုးမယ် ကျွန်တော့်ကို စောင့်နေပါဦးမည်လား။

ဒါမှမဟုတ် ဒွေးပင်ကိုပဲ ပါသွားပြီလား။

လျှောက်ရင်းလျှောက်ရင်းနှင့် ခြေထောက်မှ ဒဏ်ရာကြောင့် ချွေးစေးတွေ ပျံလာသည်။ အချိန်ကြာလေ ပိုနာလာဖြစ်ပေမဲ့ အံကိုကြိတ်ကာ ဆက်လျှောက်နေဆဲ။

နောက်ဆုံးတော့ . . .

"ဟာ . . ."

အံ့ဩစိတ်နှင့် ဝမ်းနည်းစိတ်ကို ကျွန်တော် တစ်ပြိုင်တည်း ခံစားလိုက်ရပါသည်။ ရွာထိပ်ကုက္ကိုပင်အောက်မှာ မြင်းဖြူလေးတစ်ကောင် ခြေစုံရပ်ကာနေ၏။ ရင်တွင်းမှ ပြောင်းလဲဖြစ်ထွန်းသွားသော အတိုင်းမသိ ပျော်ရွှင်မှုများကို ပြောပြ၍ ရနိုင်မည်မထင်တော့ပါ။

ယိုးမယ်၏ အချစ်တော် မြင်းဖြူလေး။ ဒါဆို ယိုးမယ် ဒီအချိန်တိုင်အောင် ကျွန်တော့်ကို စောင့်နေတာပေါ့။ ပင်ပန်းမှု၊ နာကျင်ကိုက်ခဲမှု အားလုံးပင် ဘယ်နားရောက်ကုန်သည် မသိတော့ပါ။



"ယိုးမယ် . . ."

အသံကုန်အော်ရင်း ပြေးသွားတော့ မြင်းလေးက ရှေ့ခြေကို မြှောက်ရင်းတစ်ချက် ထ'ဟည်း'၏။ ဒါပေမဲ့ . . .

"ယိုးမယ် . . . ယိုးမယ် . . ."

သစ်ပင်အောက်ရောက်ချိန်မှာ ယိုးမယ်ကို မတွေ့ရ။ စိုးရိမ်စိတ်တွေ ရင်ဝယ်ဖြစ်ပြီး . . .

"ယိုးမယ် . . . ကိုယ်ရောက်နေပြီလေ။ ယိုးမယ် ဘယ်မှာလဲ"

တုံ့ပြန်မှုမရှိ၊ အရိပ်အယောင်ကို မမြင်။ မြင်းလေးဆီ ပြေးသွားတော့ ထူးခြားမှုတစ်ခုကို တွေ့ရ၏။ လည်ပတ်တွင် ထိုးညှပ်ထားသော စာလေးတစ်စောင်။ အလျင်အမြန်ဖွင့်ကြည့်လိုက်ပေမဲ့ ဘာရေးထားမှန်း မမြင်ရပါ။ ထို့ကြောင့် သစ်ပင်အောက်မှ ပြေးထွက်လိုက်၏။

စာမှာ တစ်ကြောင်းတည်း။

ဒါပေမဲ့ လက်သည်းကွင်း လမင်းကလည်း ထိုတစ်ကြောင်းတည်းစာအား ရှင်းလင်းပြတ်သားမှုကို မပေးနိုင်။ သို့သော်လည်း ကံကောင်းသည်ဟု ပြောရမည်။ အကြောင်းက အရှေ့ဆီတွင် ပိုးစုန်းကြူးတစ်အုပ်ကွန့်မြူးနေ၏။ သည်အကြံတစ်ချက်ပေါ်လာတော့ ပိုးစုန်းကြူးအုပ်ဆီ ပြေးသွားပြီး နီးစပ်ရာကို လက်ဖြင့် ဖမ်းဆွဲလိုက်သည်။

သုံးကောင်ခန့် လက်သီးဆုပ်တွင်းမှာ ပါလာ၏။

လက်ချောင်းကြားမှထွက်သော ပိုးစုန်းကြူးအလင်းဖြင့် စာကို ဖတ်ကြည့်တော့ . . .

> *ဒွေးပင်ကို အမြန်ဆုံးလိုက်လာပါ။*
>
> *ကြီးမောင်*



www.burmeseclassic.com

www.burmeseclassic.com

ပိုးစုန်းကြူးကိုပင် ကျေးဇူးမတင်အားတော့။

စာဖတ်ပြီးပြီးချင်း သစ်ပင်အောက်ပြန်ပြေးကာ မြင်းပေါ်ခုန်တက်၍ ဇက်လွှတ်လိုက်ပါသည်။ ခွာသံ တဖြောင်းဖြောင်းက ညဦးယံမှာ ဆူညံသွား၏။

ဒွေးပင်ကိုသွားရာ လမ်းမသိသည်ကြောင့် ချောင်းရိုးဆီ ပြန်မောင်းခဲ့သည်။ ချောင်းရိုးအတိုင်း အောက်သို့စုန်ဆင်းပါက ဒွေးပင်ကို ရောက်မည်မှာ အမှန်ပင်မဟုတ်ပါလား။ မြင်းလေးကတော့ တာဝန်ကျေလွန်းစွာ သခင်မရှိရာအရပ်ကို မရပ်မနားပြေးလွှားနေသည်။ ဇက်ကုန်လွှတ်ထားပေမဲ့လည်း ကျွန်တော့်စိတ်ထင် နှေးလွန်းသည်ထင်မိသည်။ ဒွေးပင်ကို အမြန်ဆုံး ရောက်ချင်နေပြီလေ။

ထို့ကြောင့် ချစ်သူလေး၏ စိတ်နှင့်ကိုယ် အန္တရာယ်ကင်းပါစေ ဆုတောင်းရင်း မြင်းလေးကို အားကုန်သွန်ခိုင်းရင်းနဲ့သာ။

တဆစ်ဆစ်ကိုက်ခဲနေသော ဒဏ်ရာများကို သတိမရတော့။ နာကျင်မှုအားလုံးကို ဥပေက္ခာပြုပြီး ချစ်သူရှိရာဆီ အရောက်သွားနေသည်။

ရှေ့တူရူဆီမှာ တောတန်းလေးတစ်ခု၊ ထိုတောတန်းလေးအဆုံးဆီမှာ မီးရောင်လဲ့လဲ့။ မရောက်ဖူးပေးမဲ့ ချစ်သူရှိရာအရပ်ကို အလိုလိုသိနေသည်။ ဒွေးပင်ရွာမှတစ်ပါး အခြားမဖြစ်နိုင်တော့ . . .

ချောင်းရိုးမှခွဲထွက်ကာ လယ်ကွင်းများကို ဖြတ်ချလိုက်သည်။ မကြာခင်မှာပဲ ရွာစပ်ကို ရောက်လာ၏။

"ဦးသိုက်ညို"

ကြားဖူးနားဝရှိထားခဲ့သော ဒွေးပင်ရွာမှ ဘုရင်တစ်ပါး။ သူ၏အိမ်တော်ကြီးက အဘယ်အရပ်ဆီမှာနည်း။ ယိုးမယ်ကရော ဘယ်မှာလဲ။ ဦးသိုက်ညို၏ အိမ်တော်ကြီးမှာရှိနေမှာလား၊ ကိုကြီးမောင်ကရော . . .



သတင်းစကားအရ မနက်ဖြန်မှ လက်ထပ်ပွဲကျင်းပမည်ဟု သိထား၏။ ဦးသိုက်ညိုအိမ်ကို အရင်ဆုံးတွေ့အောင်ရှာရမည်။

ဒါပေမဲ့ သိပ်အကြာကြီး မရှာလိုက်ရ။ ခမ်းနားကြီးကျယ်သော၊ မီးရောင်တို့ ထိန်ထိန်ညီးနေသော အိမ်တော်ကြီးသည် တစ်ရွာလုံး၌ တစ်ခုတည်းသာ ရှိနေသည်မဟုတ်ပါလား။

မလှမ်းမကမ်း ရောက်စဉ်မှာ မှောင်ရိပ်တစ်ခုကိုရွေးပြီး မြင်းကို ရပ်လိုက်သည်။ ခြံဝန်းကြီးတစ်ခုလုံးက အောက်လင်းမီးရောင်တွေ၊ စိုက်ထူထားသော မီးတုတ်တွေနှင့် ထိန်ထိန်သာလျက် . . .

အိမ်ဘေး ကွက်လပ်၌ မူးရစ်ပျော်ပါးနေသူများရှိနေသည်။ ဦးသိုက်ညို တပည့်တပန်းများ အောင်ပွဲခံနေကြသည်ထင်၏။ ယိုးမယ် အိမ်ထဲတွင် ရှိနေသည်လား၊ တပ်အပ်သေချာတော့မသိ။ အိမ်ထဲမှာဆိုလျှင်တော့ ဝင်ရောက်ခေါ်ယူရန် အဆင်မပြေနိုင်ပါ။

စောင့်ကြည့်နေစဉ်မှာပဲ အိမ်ထဲမှ လူတစ်ယောက်ထွက်လာသည်။

"ဟာ . . . ကိုကြီးမောင်"

အော်ခေါ်မိတော့မလို ဖြစ်ပြီးမှ သတိရကာ ကိုယ့်ပါးစပ်ကိုယ် ပိတ်လိုက်ရသည်။ ကိုကြီးမောင်ကတော့ အိမ်ဝတွင်ရပ်ကာ ခြံပြင်ကိုလှမ်းကြည့်နေ၏။ မျက်နှာပုံပန်းအရ တစ်စုံတစ်ရာကို ရှာဖွေစောင့်မျှော်နေကြောင်း ထင်ရှားလှသည်။

ဘယ်လိုလုပ်ရမလဲ။

ကျွန်တော်ရောက်နေပြီဆိုတာ ကိုကြီးမောင်သိအောင် ဘယ်လိုလုပ်ရမလဲ။

• • •



www.burmeseclassic.com

www.burmeseclassic.com

မှောင်ထဲမျှော်ကြည့်နေရာမှ သောက်စားမူးရစ်နေသူများကို ကြည့်ပြီး ကြီးမောင် ခေါင်းယမ်းမိသည်။ ကနောင် ရောက်မလာသေး စိတ်ဓာတ်များပင် ကျချင်လာသည်။

အတော်ကြာအောင် မှောင်ထဲသို့ ရပ်ကြည့်နေမိသေးသည် နောက်ဆုံး စိတ်ပျက်လက်ပျက်ဖြင့် အိမ်တွင်း ပြန်ဝင်မည်ပြုတော့ . . .

ဘာဂျာသံလေးတစ်ခု။

"ဟင် . . ."

လေကိုခွင်းကာ လွင့်ပျံလာသည်။

* * *



# XII

ခုံတွင်ဝင်ထိုင်သော ကိုကြီးမောင်က သူမကို မျက်လုံးတစ်ဖက် တ်ပြသည်။ နောက်ပြီး ခေါင်းကိုပင် မသိမသာညိတ်ပြတော့ သူမ ည်လုံးတို့ ဝင်းပသွားခဲ့ပြီ။

ကနောင် ရောက်လာခဲ့ပြီ။ အပျော်နှင့်သတ္တိတွေ တစ်မုဟုတ် င်း မြင့်တက်သွား၏။ ခုနကထိ ထွက်ခွာမသွားနိုင်သော ဝမ်းနည်းပူ း စိတ်တွေ ယခုမှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။ ဇက် သလို ငုံ့ထားသော ဦးခေါင်းမှာ အခုမှ ထူထူထောင်ထောင်ဖြစ်လာ အနီးဝန်းကျင်ကို ကြည့်ရဲသည်။

အခန်းလုံးပြည့်လူတွေများလှ၏။ သူမတို့ကို ဘဲဥပုံ စားပွဲရှည် တွင် အသီးသီးထိုင်နိုင်းကာ စားသောက်ဖွယ်ရာ မျိုးစုံဖြင့် တည်ခင်း မွေးထားပါသည်။ အိမ်ခံများက ဘေးပတ်ပတ်လည်တွင် ရပ်ပြီး အပ်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါသည်။

ဒါပေမဲ့ မည်သူမျှ ဟက်ဟက်ပက်ပက်မစားနိုင်ပါ။ အားလုံးက ယွင်းသော ဆုံးဖြတ်ချက်တစ်ခုအတွက် ယူကျုံးမရဖြစ်နေကြသည် တ်ပါလား။

စားပွဲဝိုင်းထိပ်တွင် ဦးသိုက်ညိုက ဝံ့ကြွားစွာ ထိုင်နေသည်။ မှ ဦးသိုက်ညိုကို သေချာအကဲခတ်မိပါသည်။ နှုတ်ခမ်းမွေးကျစ် တ်သိတ်မွေးဗရဗျစ်နှင့် ဇော်တော်အမြင်ကပ်စရာကောင်းသည့် သက်အရွယ်က သူမထက် ထက်ဝက်မက ကြီးသေးလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးသိုက်ညိုဘေးတွင် ရပ်ချင်းဆင်သူ လူတစ်ယောက်ရပ်နေ သည်။ ဦးသိုက်ညို ညီမှိုင်းညိုဆိုတာ ဖြစ်လောက်သည်။ ယခုတော့ အား လုံးကို ရင်ဆိုင်ကာ သူမ ကြည့်ရဲနေခဲ့ပြီ။ ချစ်သူရှိနေသည်ဟူသော အသိ က သူမစိတ်နှင့်ခန္ဓာကို အားပြည့်စေသည် မဟုတ်ပါလား။

"ကြီးမေ . . . သမီးနားချင်ပြီ"

ကြီးမေ ပခုံးပေါ် ခေါင်းမှီရင်းဆိုတော့ . . .

"ကိုချမ်းသာ . . . ရှင့်သမီး နားချင်နေပြီတဲ့"

ကြီးမေက ဖေကြီးအား ခပ်ငေါ့ငေါ့ လှမ်းပြောတော့ . . .

"ဟာ . . . ဟုတ်တာပေါ့။ ခရီးပန်းလာတာဆိုတော့ နားချင် ကြပြီပေါ့။ ကဲ . . . မှိုင်းညိုအားလုံးကို အဆင်ပြေအောင် စီစဉ်ပေးလိုက် ပါကွာ"

အမိန့်သံဆုံးသွားစဉ် . . .

"ဟုတ်ကဲ့ . . . ကြွပါခင်ဗျာ။ အားလုံးအဆင်ပြေအောင် စီစဉ် ထားပါတယ်"

စားပွဲမှထကြတော့ သူမတို့အားလုံးကို မှိုင်းညိုဆိုသူက ဦးဆောင် ခေါ်ငင်သွားသည်။ ဝိုင်းမှမထွက်ခင် ဦးသိုက်ညိုက ဖေကြီးကိုပဲ ပြော သလို အားလုံး ကြားယောင်သတိပေးသလိုနဲ့ စကားဝင်ဆိုသေး၏။

"နက်ဖြန်မနက် (၇) နာရီ ဧည့်သည်တွေ ကြွလာပါလိမ့်မယ်။ တရားသူကြီးမင်းနဲ့ မြို့က ကျုပ်မိတ်ဆွေတွေတော့ တစ်ဖက်ခန်းမှာ ရောက်နေပါပြီ။ မနက်မှပဲ အားလုံးနဲ့ မိတ်ဆက်ပေးပါတော့မယ်။ အခု တော့ နားလိုက်ကြပါဦး"

လေကားဆီတက်သော သူမခန္ဓာကိုယ်သို့ ဦးသိုက်ညို၏ ရှုရှ ဖွယ်အကြည့်တစ်ခု ကပ်ပါလာသည်။ သူမ၏စိတ်ထဲမှ ကောင်းကောင် ကျန်ဆဲလိုက်၏။ မှိုင်းညိုက သူမတို့အားလုံးအား အိမ်အပေါ်ထပ်ကို ခေါ်သွား၏။ ပြီးတော့ တစ်ခန်းပြီးတစ်ခန်း လိုက်လံပို့ဆောင်ပါသည်။

ဖေကြီးက တစ်ခန်း၊ သူမနှင့် ကြီးမေက တစ်ခန်း အတူပါလာ သော မိန်းမပျိုများကတစ်ခန်း၊ ယောကျာ်းလေးများအတွက်က တစ်ခန်း သီးသီးနေရာယူကြသည်။ အားလုံးပြီးတော့ . . .

"စိတ်အေးလက်အေး အနားယူကြပါ။ မနက်စောစော ကျွန် တော့်လူတွေ လာနှိုးပေးပါလိမ့်မယ်"

ယိုးမယ် အခန်းတွင်း ဝင်ပြီးစဉ်မှာပဲ . . .

"ကြီးမေ . . . မြန်မြန် . . ."

သဘောပေါက်စွာ ကြီးမေက အခန်းတံခါးကို အလျင်အမြန် ပိတ်၏။ ပြီးအဝတ်အိတ်ကို ဖွင့်ကာ အနက်ရောင်ဝတ်စုံတစ်ထည်ကို သူမအား အမြန်လဲပေးသည်။ ထိုစဉ်မှာပဲ . . .

"ပီး . . . ပီး . . ."

အချက်ပေးသံထွက်လာတော့ ကြီးမေက ပြတင်းတံခါးကို ပြေး ဖွင့်သည်။

"အောက်မှာ ရောက်နေပြီ"

"ဟုတ် . . . ကြီးမေ"

အကျီကို ကြက်သီးသွက်သွက်တပ်ကာ ပြတင်းပေါက်ဆီပြေး တော့ . . .

"ဘာမှယူမသွားတော့ဘူးလား သမီး"

"ရပြီ . . . မလိုတော့ဘူး"

ချစ်သူရှိနေပြီဖြစ်ရာ ဘာမှမလိုအပ်တော့။ ပြတင်းမှခုန်ချတော့ ကိုကြီးမောင်က အောက်မှဆီးဖမ်းထားသည်။ ပြီး အသံမထွက်ရန် သူမ ကို သတိပေးပြီး သစ်တစ်ပင်အောက်ဆီသို့ ဦးဆောင်ပြေးသွား၏။ မီး ရောင်များ ခြံဝန်းအနှံ့ထိုးစိုက်ထားပေမဲ့ သစ်ပင်ပေါသည်ကြောင့် သူမ တို့အတွက် အကာအကွယ်ရသည်။

အိမ်၏ ဟိုဘက်ခြမ်းဆီမှာတော့ သောက်စားမူးယစ်နေကြသော ရယ်သံများကို ကြားရ၏။ ခြံစည်းရိုးရှေ့ရောက်တော့ ကိုကြီးမောင်အကူ ညီနဲ့ ယိုးမယ်ခုန်ကျော်လိုက်သည်။ ပြီးတော့ ကိုကြီးမောင်၊





www.burmeseclassic.com

www.burmeseclassic.com

ခြံပြင်သို့ ခြေချမိသည်နှင့် ကိုကြီးမောင်က နေရာတစ်ခုကို ညွှန်ပြသည်။ ခပ်လှမ်းလှမ်း သစ်ပင်ရိပ်အောက်မှာ မြင်းဖြူလေးတစ်စီး၊ အလျှော် အမြန်ပြေးသွား၍ . . .

"ကနောင် . . . ကနောင် . . ."

သူမ အသံကြားတော့ . . .

"ဟာ . . . ယိုးမယ်"

သစ်ပင်ပေါ်မှ ခုန်ဆင်းလာသော အရိပ်တစ်ခု။ ထို့နောက်မှာ တစ်ဦးကိုတစ်ဦး လွမ်းလွမ်းရှုရှု ပွေ့ဖက်မိကြ၏။

"ကနောင်ရယ် . . . မျှော်လိုက်ရတာ။ အခုမှ ရောက်လာသလား"

ကျွန်တော် ဘာမှမပြောနိုင်။ ကြုံတွေ့ခဲ့ရသော ဒုက္ခတွေကို အချိန်မှာ မရှင်းပြချင်တော့။ ဖြေရခက်နေသောကျွန်တော့်ကို အနီးရောက်လာသည့် ကိုကြီးမောင်က တပ်လှန့်သည်။

"ကဲ . . . အချိန်မရှိဘူး။ မင်းတို့ အမြန်ဆုံးသွားကြတော့"

မြင်းပေါ် လွှားခနဲခုန်တက်၍ ယိုးမယ်ကို လက်လှမ်းသည်

ကမ်းပေးသော ကျွန်တော့်လက်ကို အားယူခိုတွယ်ကာ ယိုးမယ် မြင်းပေါ်ရောက်လာ၏။ သူမကို ရှေ့တွင်ထားကာ ကျွန်တော်က နောက်သိုင်းဖက်၍ မြင်းဇက်ကြိုးကို ကိုင်သည်။

မျက်ရည်စက်လက်နှင့် ယိုးမယ်မှာ ကျွန်တော့်လက်မောင်းအား အားကိုးတကြီး ခိုတွယ်ကာထားသည်။

"ကဲ . . . သွားကြတော့ . . ."

စကားနှင့်အတူ မြင်းတင်ပါးကို ကိုကြီးမောင် လှမ်းပုတ်လိုက်တော့ . . .

"ခွပ် . . . ခွပ် . . . ခွပ် . . ."

သခင်နှစ်ဦး၏ အလိုတော်ကို မြင်းလေးက ဆောင်ကြဉ်းပေးလိုက်တော့သည်။



ထွက်ခွာသွားသော ချစ်သူနှစ်ဦးကိုကြည့်ပြီး ဝမ်းမြောက်နေသူတစ်ဦးရှိပါ၏။ သူက ဒေါ်အေးမေ (သို့) ကြီးမေ။

အခန်းပြတင်းပေါက်တွင်ရပ်ကာ မြင်းဖြူလေးပေါ်မှ ချစ်သူနှစ်ဦးကိုကြည့်ပြီး ဒေါ်အေးမေမျက်ရည်ဝဲနေမိသည်။ ဒါပေမဲ့ သူမ၏ ဝမ်းမြောက်မှုမှာ တာရှည်မခံခဲ့ပါ။ ရုတ်ခြည်းပွင့်သွားသော အခန်းတံခါးက ပြုလိုက်တော့သည်။

"ကလစ် . . ."

တံခါးဖွင့်သံကြောင့် ဒေါ်အေးမေ အထိတ်တလန့်ဖြင့် နောက်လှည့်ကြည့်စဉ် အခန်းဝ၌ ရပ်နေသူတစ်ဦး။

"အစ်ကိုလေးမှိုင်းညို့က ရေသုတ်ပဝါ ပေးခိုင်းလို့ပါရှင်"

ဒေါ်အေးမေ၏ ပျက်ယွင်းနေသော မျက်နှာ၊ ရှင်းလင်းသော အိပ်ခန်း၊ ပွင့်နေသော ပြတင်းတံခါး၊ ပျောက်ကွယ်နေသော အသစ်စက်စက် သတို့သမီးလောင်း၊ စတာတွေကို သတိပြုမိတော့ ထိုမိန်းကလေးမှာ အခန်းတွင်း ဝင်ရောက်ရှာဖွေသည်။

ထို့နောက်မှာ ဝရန်းသုန်းကား အခန်းပြင် ပြေးထွက်သွားပါတော့၏။

• • •

တရားသူကြီးမင်းနှင့် မြို့မှ အထူးဧည့်သည်များကို အရက်အကောင်းစား၊ စားကောင်းသောက်ဖွယ် အစုံအလင်နှင့် ဧည့်ခံနေရာမှ တံခါးဖွင့်ဝင်လာသော တပည့်ကျော်ဝေလကို မျက်မှောင်ကြုတ်ကြည့်မိသည်။

ဝေလက ခပ်လှမ်းလှမ်းမှ အားလုံးကို ဦးညွတ်ပြရင်း သူ့နားကပ်လာသည်။ ပြီးတော့ နားနားကပ်ကာ သတင်းတစ်ပုဒ်ဆို၏။

"ဘာ . . ."

ဦးသိုက်ညို မျက်နှာတစ်ပြင်လုံး အုံ့မည်းကျသွားသည်။ ဒါပေမဲ့ ဣန္ဒြေကိုထိန်းကာ အေးအေးသက်သာ အမူအရာဖြင့် ဧည့်သည်များ



www.burmeseclassic.com

www.burmeseclassic.com

ကို ဦးညွှတ်ရင်း ဝိုင်းမှထွက်လာခဲ့ပါသည်။ အပြင်ကိုရောက်တော့ အခန်
တံခါးကို ပိတ်ပစ်လိုက်သည်။

တလိမ့်လိမ့်တက်လာသော ဒေါသတွေနောက်မှာ တောင
တစ်ချက် ပြင်းထန်စွာ ထွက်သွား၏။

"တောက် . . ."

မဟာအရှက်တော် ကွဲချေပြီ။ တကူးတက ပင့်ဖိတ်ထားသေ
တရားသူကြီးမင်း၊ အထူးမိတ်ဆွေတွေ၊ ရပ်ဝေး၊ ရပ်နီးမှ စုရုံးရောက်လ
ကြသော သူ့ရဲ့ တပည့်တပန်း ခည့်ပရိသတ်တွေ၊ စသော လူတွေ
မှာ။

သူ့မြေ၊ သူ့ယာ၊ သူ့ပိုင်နက်တွင်းမှာ . . .

မြွေပွေးကို အမြီးနင်းလိုက်ချေပြီ။

"မြင်းတွေထုတ်စမ်း . . . ငါကိုယ်တိုင်လိုက်မယ်"

တိုးတိုးတိတ်တိတ်နှင့် တစ်အိမ်လုံး ယောက်ယက်ခတ်သွား
သည်။ ခဏတွင်းမှာပင် သောက်စားအောင်ပွဲခံနေသူ ဦးသိုက်ညိုတပ
များ မြင်းပေါ်ရောက်ကုန်သည်။

ပြီးတော့ . . .

မြေပြင်မှာ မြင်းတွေ ခွာရာထပ်သွားတော့၏။

ဒါပေမဲ့ မာန်သွင်းပြေးထွက်သွားသော မြင်းခွာသံများကို လို
လံမှတ်သားနေသူတစ်ဦးတော့ ရှိနေခဲ့သည်။

သူက ကိုကြီးမောင်။

သေချာမှတ်မိလိုက်ပါသည်။ ဦးသိုက်ညိုအပါအဝင် အား
(၁၃) ယောက်တိတိ။

ရင်ဘတ်ကိုဖိပြီး ဆုတစ်ခုကို အလျင်အမြန် တောင်းမိသည်
"ကနောင်နဲ့ ယိုးမယ် . . . မင်းတို့ အန္တရာယ်ကင်းပါစေ"



အပိုင်း (၃)



www.burmeseclassic.com

www.burmeseclassic.com

# XIII

ကိုကြီးမောင်က စတုတ္ထမြောက် ဆေးပေါ့လိပ်ကို အဆုံးထိဖွာရင်း တောက်ထုတ်လိုက်သည်။ စည်သူကတော့ ဓာတ်သိမ်းပျောက်နေသော ဓာတ်လမ်းရှည်ကြီးတစ်ပုဒ်ကို နားထောင်ပြီး လွမ်းလွမ်းဆွေးဆွေး ကြေသွားရ၏။ ဘာကြောင့်မှန်းမသိ။

ကနောင်နှင့် ယိုးမယ်တို့၏ ချစ်ခြင်းမေတ္တာ၊ လောင်းကစား၏ ကြောက်မက်ဖွယ်ဒုက္ခများ၊ သိုက်ညိုတို့ဆရာတပည့်များ၏ မြင်းခွာသံအောက်မှာ ပျောက်ကွယ်သွားသော ဓာတ်လမ်းတစ်ပုဒ်။

"ကနောင်တို့သတင်း ဘာမှထပ်မရတော့ဘူးပေါ့"

"မရတော့ဘူး။ မနက်မိုးလင်းမှ ဦးသိုက်ညိုတို့အုပ်စု ပြန်ရောက်လာကြတယ်"

"အဲတော့ . . ."

"သူတို့လည်း တစ်ညလုံး လိုက်ရှာကြတာ ဘယ်နေရာမှာမှ ရှာမတွေ့တော့ဘူးတဲ့"

"ဟင် . . ."

"အဲ့ဒီအချိန်ကစပြီး ငါ ဦးသိုက်ညိုစကားကို မယုံတော့တာပဲ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ညလုံး ရှာမတွေ့ဘူးဆိုတဲ့ ဦးသိုက်ညိုဖိနပ်မှာ လောလော လတ်လတ် သွေးစွန်းကွက်တစ်ကွက်ကို တွေ့ရလို့"

"ဟာ . . ."

"အဲဒီနောက်ပိုင်း ငါ ရွာကိုမပြန်တော့ဘူး။ ဒီအနီးဝန်းကျင်မှာပဲ ငါ့ညီမလေးနဲ့ ကနောင်တို့သတင်းကို နည်းအမျိုးမျိုးနဲ့ စုံစမ်းနေလိုက်တယ်။ စုံစမ်းတော့ ထူးခြားတာတွေ တွေ့ရတာပါပဲ။ မကြာခင်မှာပဲ ဒီတောင်ကုန်းကသစ်ပင်တွေ အကြောင်းမဲ့သေကုန်တယ်။ ခြောက်ကုန်တယ်။ တစ်ပြိုင်တည်းမှာပဲ ဦးသိုက်ညိုတပည့်တွေ နည်းအမျိုးမျိုးနဲ့ သေကြတယ်"

စည်သူ မျက်လုံးပြူးဖြင့်သာ နားထောင်နေမိတော့၏။

"သေတဲ့လူတွေကို လေ့လာတော့ အကုန်လုံးက ကနောင်တို့ကို လိုက်ဖမ်းတဲ့ (၁၃) ယောက်အဖွဲ့ထဲက လူတွေဖြစ်နေတယ်"

"ဟင် . . ."

"ဟုတ်တယ်။ အခုသေပြီးသွားတဲ့ (၆) ယောက်လုံးက (၁၃) ယောက်အဖွဲ့ထဲကလူတွေ။ နောက်ထပ်ထူးခြားတာလည်း ရှိသေးတယ်။ အဲ့ဒါကတော့ မင်း ယုံချင်မှယုံပေါ့"

"ဘာလဲ . . ."

"(၁၃) ယောက်အဖွဲ့ထဲက လူတစ်ယောက် သေတဲ့ညတိုင်းညတိုင်း ဒီတောင်ကုန်းက မီးထတောက်တယ်"

"ဗျာ . . ."

သူ တွေဝေသွားမိသည်။ မနေ့က သာလုနှင့် တက်ပုတို့ အဖြစ်နဲ့ပင် တူနေပါပြီကော။ ပြီးတော့ မနေ့ညနေက ဦးသိုက်ညိုတပည့်တစ်ဦး ဝမ်းရောဂါဖြင့် သေသွားခဲ့သည်။ ဒါဟာ တိုက်ဆိုင်မှုပေလား၊ ဒါမှမဟုတ် တကယ့်ဖြစ်ရပ်မှန်ကို ကိုကြီးမောင် ပြောပြနေတာလား။



"ငါ နှစ်ကြိမ်လောက် ကြုံဖူးတယ်။ ဒါပေမဲ့ သူ့မှာလည်း သူ့သဘာဝနဲ့သူ ရှိတယ်နော်။ မီးတောက်တွေတက်နေတာကို အမှတ်မထင် သဘောမျိုးနဲ့ပဲ မြင်ရတာ။ သေချာစောင့်ကြည့်ရင် ဘာမှမတွေ့ရဘူး"

ယခုမှ ဇာတ်လမ်းက စိတ်ဝင်စားဖို့ ပိုကောင်းလာ၏။ ဇာတ်နိမိတ်တစ်ဆင့် မြင့်လာလေပြီ။

"အထူးခြားဆုံးတစ်ခုကတော့ သေခါနီးလူတွေရဲ့ နှုတ်ထွက်စကားတွေပဲ"

တိတ်ဆိတ်နားစွင့်မိတော့ . . .

"မင်း ဒီနေ့ည အားလား"

"အားတာပေါ့"

"ဒါဆို ငါနဲ့ မှိုင်းညိုအုတ်ဖိုဆီ လိုက်ခဲ့ချည်"



www.burmeseclassic.com

www.burmeseclassic.com

## XIV

'ချွတ်'ခနဲ သစ်ရွက်နင်းသံ ထွက်သွားတော့ ကိုကြီးမောင်က 'ရှူး . . . တိုးတိုး' ပုံစံ လုပ်ပြသည်။ လေငြိမ်နေသည်ကြောင့် အသံ တော်တော်ကျယ်သွားပါ၏။ သို့သော်လည်း တောကြီးမျက်မည်းဆန် သည်ကြောင့် ထိုအသံလောက်ကို စိုးရိမ်ဖွယ်မရှိ။

ကောင်းကင်မှာ ကြယ်ရောင်ရှိပေမဲ့ သစ်ပင်ကြီးများ ခံနေသည် ကြောင့် မြေပြင်တစ်ဝိုက်ဆီသို့ အလင်းရောက်မလာ။ အကာအကွယ် ကောင်းတစ်ခု၌ စည်သူနှင့် ကိုကြီးမောင်ရှိနေကာ ရှေ့တူရူဆီမှ အုတ်ဖို ကြီးကို စောင့်ကြည့်အကဲခတ်နေသည်။

ကျယ်ဝန်းသော မြေနေရာကို အသုံးပြုပြီး တည်ဆောက်ထား သည်ကြောင့် အုတ်ဖိုကြီးဟု သုံးနှုန်းလိုက်ခြင်းဖြစ်ပါသည်။ မြေကွက်လပ် ကျယ်ကြီးတွင် မီးမသွင်းရသေးသော အုတ်အစိမ်းထည်များအား စီခင်း အခြောက်လှန်းထားသည်ကို တွေ့ရ၏။ ထိုဘေးတွင် ထင်းချောင်းများ ကို စုပုံကာ ထားသည်။

ထိုအရာများ၏ နောက်ဘက်မှာ လူနေတန်းလျားနှစ်လုံး အလုပ်သမားများ အိပ်စက်နားနေရာဖြစ်နိုင်သည်။ တန်းလျားတစ်လုံး တွင် မှန်အိမ်မီးရောင်ကို မြင်ရသည်။



"မှိုင်းညိုက ဒီမှာနေတာလား"

နှစ်ဦးတည်း ကြားရုံလေသံနဲ့ ကိုကြီးမောင်ကို ကပ်မေးတော့

"အင်း . . . လာ . . . ငါပြမယ်"

မှောင်ရိပ်ကို အားပြုရင်း ကိုကြီးမောင် ပြေးထွက်သွား၏။ စည်သူနောက်မှ ထက်ကြပ်မကွာ ပါသွားပါသည်။ အုတ်ပုံကြီးတစ်ပုံအနီးသို့ရောက်တော့ ကိုကြီးမောင်က တစ်နေရာကို လက်ညှိုးထိုးပြသည်။

စည်သူလှမ်းကြည့်တော့ တန်းလျားနှစ်ခုအဆုံးမှာ သစ်လုံးအိမ်လေးတစ်ခုကို မြင်ရသည်။ ထိုအိမ်လေးတွင်လည်း မီးထွန်းထားပါသည်။ မှိုင်းညို ရှိနေသည်လားမသိပါ။ ထိုစဉ်မှာပဲ ကိုကြီးမောင်က . . .

"ဒီတန်းလျားမှာ ငါ စိတ်ဝင်စားတဲ့လူ ရှိတယ်ကွ"

"ဘယ်သူလဲ . . ."

"ဖိုးထောင် . . ."

သူမသိပါ။ ကိုကြီးမောင်ကတော့ အုတ်ဖိုတွင်း အကြိမ်ကြိမ်အခါခါ ဖြတ်သန်းဝင်ရောက်ဖူးသူတစ်ယောက်လို တန်းလျားအနီးသို့ တိုးထပ်သွားပါ၏။ တန်းလျားနံရံသို့ ကျောကပ်မိသည့်ခဏ . . .

"အား . . . ပူတယ် . . . ပူတယ် . . ."

အတွင်းဘက်ဆီမှ အကြောက်အကန် အော်ဟစ်သံတစ်ခုထွက်လာတော့ စည်သူ မျက်လုံးပြူးသွားသည်။ အသံက အားနည်းခြောက်ထပ်နေပေမဲ့ ထိတ်လန့်ဖွယ်။ ကိုကြီးမောင်က ထရံပေါက်ကြားမှ အတွင်းသို့ ချောင်းကြည့်သည်။

ဝါးထရံမှာ အနည်းငယ် ဆွေးမြည့်နေသည်ကြောင့် တချို့နေရာများတွင် အပေါက်အပြဲများ ရှိနေသည်။ စည်သူလည်း မနေနိုင်စွာ အပေါက်တစ်ပေါက်မှ အတွင်းကို ချောင်းကြည့်တော့ . . .

"ပူလိုက်တာ . . . ရှီး . . . လုပ်ကြပါဦး၊ ပူလိုက်တာဗျာ . . . ကယ်ကြပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦး ပက်လက်အနေအထားဖြင့် တစာစာ အော်ဟစ်နေသည်။ အားမှာ လူသုံးဦးခန့် ဝိုင်းထိုင်နေ၏။ တစ်ဦးက ရေစိုအဝတ်ဖြင့် အော်ဟစ်နေသူ၏ နဖူးပေါ် တင်ပေးနေသည်။ သူတို့နဘေးမှာကား လုံးထွေးထားသော စောင်ပုံကြီး။

"ဟင် . . ."

အော်နေသူ လူနာကို မြင်တော့ စည်သူ အံ့ဩသွားသည်။ သူ သိနေသည်။ ထိုလူနာကိုရော ဘေးတွင် ဝိုင်းဝန်းပြုစုနေသည့် ပုဂ္ဂိုလ်ကိုရော စည်သူ အသေအချာကို သိနေသည်။ လွန်ခဲ့သော နှစ်ရက်ခန့်က ပင် ထင်ကျော့်ဆီရောက်လာသော လူနာ၊ သူတို့ဆရာမှိုင်းညိုကိုယ်တိုင် မိုးမလင်းခင် ဆေးခန်းလိုက်ပို့ပေးသည့်လူနာ။

လူနာအမည်ကိုမသိပေမဲ့ ပြုစုပေးနေသူ၏ အမည်ကိုတော့ သိထားသည်။ ကံအေး။ သူ၏မှတ်ဉာဏ်မှ ဦးမှိုင်းညိုခေါ်သံကို ကြားထားဖူးသည်။ ယခုတော့ လူနာနာမည်ကိုပါ ကိုကြီးမောင်ဆီမှ သိလိုက်ရပြီ။

ဖိုးထောင်။

ဆေးခန်းလာပြစဉ်က ကိုယ်တွေ ခြစ်ခြစ်တောက်ပူကာ သတိရတစ်ချက်၊ မရတစ်ချက်။ ဒါပေမဲ့ ထင်ကျော့် ဆေးစွမ်းဖြင့် ကောင်းကောင်းမွန်မွန် ပြန်သွားခဲ့သည်။ ယခုမှာကား . . .

"အား . . . ချမ်းတယ်၊ ချမ်းတယ်၊ ချမ်းလာပြီ . . . လုပ်ကြပါဦး . . . စောင် . . . စောင်ခြုံပေး . . . စောင်ခြုံပေး . . . အား . . ."

ဝိုင်းထိုင်နေသူများက ချက်ချင်းပင် ဖိုးထောင်ကို စောင်ဖြင့် ဝိုင်းအုပ်ကြသည်။ ခုနက ပူပါတယ်ဆိုသော ဖိုးထောင်မှာ ချက်ချင်းပင် တစ်ကိုယ်လုံး တုန်ယင်လာပါ၏။ ပြီးတော့ ခြေတွေ၊ လက်တွေ တဖျစ်ဖျစ် ကွေးကောက်ကာ မေးချင်းရိုက်နေသည်။ အရိုးခိုက်အောင် အေးနေသော ပုံစံ။



ကြည့်နေရင်းနှင့် စည်သူ အံ့ဩမိသည်။ ချက်ချင်းလက်ငင်း အအေးပြောင်းလဲသွားပုံက ကြောက်မက်ဖွယ်။

"ရှီး . . . အား . . . အေးတယ်၊ စောင်ခြုံပေးကြပါ။ ငါ့ကို စောင်ထပ်ခြုံပေးကြပါ။ ရေ . . . ရေနွေး . . . ရေနွေး . . ."

စောင်အုပ်ပေးနေသောတစ်ယောက် ထိုင်ရာမှ နောက်ဖက်ပြေးသွားသည်။ ပြန်ထွက်လာတော့ အငွေ့တထောင်းထောင်းထနေသော ရေနွေးခွက်ကြီးကို လက်မှာကိုင်လာသည်။

"ဖိုးထောင် . . . ရော့ . . . ရေနွေး၊ ရေနွေးသောက်လိုက် . . . အချမ်းပြေသွားအောင်"

"ဟာ . . . ပေး . . . ပေး မြန်မြန်ပေး . . ."

ရေနွေးခွက်ကို လှမ်းယူပြီး အငမ်းမရ မော့ချသည်။ အနီးအနား တွေပင်မဟုတ်၊ စည်သူတို့နှစ်ဦးပင် မျက်လုံးပြူးသွားသည်။

"အား . . . အား . . ."

ဖိုးထောင် ဆွေ့ဆွေ့ခုန်သွားလေပြီ။ မည်မျှ ပူသွားသည်မသိ။ ပ်ထဲမှ အငွေ့တွေပင် ပြန်ထွက်လာကာ . . .

"အား . . . သံပူရည်တွေ . . . ငါသောက်လိုက်တာ သံပူရည်

ဖုံးအုပ်ပေးထားသော စောင်တစ်ထပ်ကြီးကို ကန်ကြောက်ပစ်ပြီး လုံးပြူး၊ မျက်ဆန်ပြူးဖြင့် . . .

"ဟား . . . ဟား . . . ဟား . . . ငါ ချစ်ရင် မိုးကိုလှေကား ပေးမယ်။ ပင်လယ်ကို တံတားခင်းပေးမယ်။ ငါ . . . ငါမုန်းရင် ငရဲကိုတောင် ပြာကျအောင်မီးရှို့ပစ်မယ် . . . ဟား . . . ဟား . . . . သံပူရည်တွေ . . . ပူတယ် . . . သွား . . . သွားကြ"

ကြည့်နေရင်းနှင့် စည်သူ ကြက်သီးများ ထမိသွားသည်။ မှ အူတွေပင် ပြုတ်ထွက်ကုန်ပြီလားမသိ။ အငွေ့တထောင်းထောင်း



www.burmeseclassic.com

www.burmeseclassic.com

ထနေသည့် ရေနွေးပူများကို အငမ်းမရသောက်သော ဖိုးထောင်၊ အ…ပါးစပ်မှ အငွေ့တွေ ပြန်ထွက်နေပြီ။

"အား . . . အား . . . သွားကြ . . . ငါ့ကို လာမခေါ်နဲ့။ သွား…ကြ . . . ငါမလိုက်ဘူး"

သတိလက်လွတ်ဖြင့် သွေးရူးသွေးတန်း အော်နေစဉ် . . .

"ဖြန်း . . ."

လက်မောင်းကိုပုတ်လိုက်သော အထိအတွေ့ကြောင့် စည်…အလန့်တကြား မော့ကြည့်တော့ . . .

"သွားမယ် . . ."

ကိုကြီးမောင် စကားကြောင့် . . .

"ဟင် . . . ဘာလို့ . . ."

စကားမဆုံးပါ။ ကိုကြီးမောင်က တန်းလျားရှေ့ဘက်ဆီ…လက်ညှိုးထိုးပြ၏။ ခြေတံရှည်တဲပေမို့ ဝါးလုံးထောက်များကို ဖြတ်…ရှေ့ကို လှမ်းမြင်နေရသည်။ လူအချို့ တဲပေါ်ပြေးတက်လာပါ၏။ အ…တန်းလျားမှ အလုပ်သမားများ ဖြစ်နိုင်သည်။

ဒီလောက်ဆို အရိပ်အကဲသိဖို့ ကောင်းပေပြီ။ လူတွေများ…ပြီ မို့ ချောင်းကြည့်နေသော သူတို့နှစ်ဦးအတွက် စိတ်မချရတော့။

ဤမျှ လူအများကြီးကိုတော့ အန်မတုနိုင်ပါ။

ထို့ကြောင့် နေရာမှ အမြန်ခွာရန်သာ ရှိတော့သည်။ အုတ်…အကွယ်ကိုကပ်တော့ . . .

"သူ့နာမည်က ဖိုးထောင်၊ ညီတစ်ယောက်ရှိသေးတယ်။ …မောင်တဲ့။ ဖိုးမောင်က ဒီမှာမရှိဘူး။ ဦးသိုက်ညိုခြံထဲမှာ"

"ခင်ဗျားက သူတို့နာမည်တွေ အကုန်သိနေတာပဲလား"

မှောင်ရိပ်တွင်းမှ ကိုကြီးမောင် ပြုံးလိုက်သည်ကို မြင်ရသည်…



"အကုန်လုံးတော့ မဟုတ်ပါဘူးကွာ . . . ကနောင်တို့နောက်…ကို လိုက်သွားတဲ့ (၁၃) ယောက်နာမည်ကိုပဲ သိထားတာပါ"

"ဩော် . . ."

"ဦးသိုက်ညိုခြံထဲက (၆) ယောက်၊ မှိုင်းညိုအုတ်ဖိုက (၅)…ယောက်၊ သူတို့ခေါင်းဆောင် ညီအစ်ကိုနှစ်ယောက်ပါပါရင် အားလုံး…ပေါင်း (၁၃) ယောက်။ အခုတော့ (၆) ယောက် သေပြီးသွားပြီ"

စကားကိုရပ်ပြီး အုတ်ပုံအကွယ်မှ တန်းလျားဘက်ဆီ တစ်ချက်…လှမ်းကြည့်၍ . . .

"ငါ့အထင်ပြောရရင် သူလည်း သိပ်ကြာမယ်မထင်ဘူး"

မြင်ရသော အနေအထားအရ ကိုကြီးမောင်စကားကို ငြင်းရန်…မရှိပါ။

"သူနဲ့ပါဆို (၅)ယောက်မှာ (၄) ယောက်ပြတ်ပြီ။ ဒီအုတ်ဖိုမှာ…ညီနဲ့ နောက်တစ်ယောက်ပဲ ကျန်တော့တယ်"

"ဟုတ်လား . . . ဘယ်သူလဲ"

"စောဖြူ . . ."

"သူက ဘယ်မှာလဲ"

တဲပေါ်၌ရှိနေမည်အထင်နှင့် စည်သူမေးလိုက်ခြင်းပါ။ ဒါပေ…. . .

"သူ့ကို မတွေ့တာကြာပြီ။ ဘယ်ရောက်နေတယ်မသိဘူး"

"ဒီအုတ်ဖိုမှာ မရှိတာလား"

"ဘယ်မှာမှကို မရှိတာ"

"ဟင် . . ."

စည်သူ အံ့ဩစိတ်ဖြင့် တစ်ခွန်းထပ်မေးတော့ . . .

"သေများသွားတာလား"

ကိုကြီးမောင် စဉ်းစားသလို ငြိမ်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"သတင်းတော့ မကြားမိဘူးကွ။ ဒါပေမဲ့ ပြောလို့လည်း မ
ဘူး။ သိုက်ညိုတို့အုပ်စု သတင်းအုပ်ထားတာလည်း ဖြစ်နိုင်တယ်။ အဲ
သာဆိုရင်တော့ ဒီအုတ်ဖိုမှာ ဖိုးထောင်ပြီးရင် မှိုင်းညိုအလှည့်ပဲ"

"အား . . ."

စည်သူ့နှုတ်မှ အော်သံတစ်ခုထွက်သွားတော့ ကိုကြီးမောင် ထိ
ပြာသွားကာ . . .

"ဘာဖြစ်တာလဲ"

စည်သူ့ကျောတစ်ခြမ်းမှာ စပ်ဖျဉ်းပူလောင်သွားသည်။

"ကျွန်တော်မှီချလိုက်တာ ဒီအုတ်ပုံကြီးက ပူနေတယ်"

ကိုကြီးမောင် ကပျာကယာ လက်နဲ့ထိကိုင်ကြည့်၏။ တကယ်
ပင် အုတ်ပုံကြီး ပူနေပါသည်။

"အတွင်းမီး ရှိသေးတယ်ထင်တယ်"

ဖြစ်နိုင်ပါသည်။ အတွင်းမီး ငွေ့ငွေ့ဖြင့် နှပ်ထားဆဲအုတ်ဖို
ထင်၏။ အုတ်သမားတို့အခေါ် မြို့ရိုးပေါ်ကျောမှီမိခဲ့ခြင်း ဖြစ်နိုင်သည်

ᨀ ᨀ ᨀ



## XV

ထိုနေ့ည အိမ်အပြန်လမ်းတွင် စည်သူတစ်ဦးတည်း စဉ်းစား
မိသည်။ ကိုကြီးမောင်အဆိုအရ (၁၃)ယောက်တွင် (၆)ယောက် ကိစ္စ
သွားပြီ ဆို၏။ ဦးသိုက်ညိုခြံထဲမှ (၃) ယောက်၊ မှိုင်းညိုအုတ်ဖိုမှ
) ယောက်၊ ကျန်နေသူ (၇) ယောက်မှာ . . .

သိုက်ညို၊ မှိုင်းညို၊ ဝေလ၊ ဖိုးထောင်၊ ဖိုးမောင်၊ စောဖြူ၊ အောင်
ဟု ကိုကြီးမောင်ထံမှ သိထားသည်။ ထို (၇) ယောက်အနက် ယခု
ထောင်မှာ အခြေအနေမကောင်း၊ စောဖြူက မတွေ့တာကြာနေပြီဆို
သည်။

စောဖြူကရော ဘယ်ရောက်နေတာလဲ။ သူထင်သလို သေများ
ပြီလား။ ဘယ်သူမှမသိအောင် ဦးသိုက်ညိုတို့ ဖုံးအုပ်ထားတာလား။
ဆို (၇) ယောက်အနက်တွင်းမှ တစ်ယောက်လျော့သွားပေပြီ။ ကျန်
) ယောက်ကရော ရှေ့လူတွေအတိုင်း တကယ်ပင် သေကြမှာလား။

အကြောင်းမရှိ၊ အကြောင်းရှာ ဘယ်လိုသေကြမည်နည်း။ ဒွေး
ဘိုရောက်စကတော့ ဝမ်းပျက်ပြီး သေသူတစ်ယောက်ကို ပထမဆုံး
ဖူးသည်။ ပြီးခဲ့သော (၆) ယောက်လုံးမှာလည်း ပြင်ပ ပယောဂတစ်ခု
ရာမပါဘဲ သာမန်သေဆုံးမှုများဖြင့် ဇာတ်သိမ်းခဲ့သည်ဆိုနော်၊



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားစရာတော့ ကောင်းလှ၏။

ဘာကြောင့် ထို (၁၃) ယောက်ထဲမှပင် တစ်ယောက်ပြီးတစ်ယောက် သေနေရပါသနည်း။ တကယ်သာ ဖိုးထောင် ဆက်သေသွားခဲ့ပါက ကျန်သူတွေမှာ အသို့နည်း။

ဘယ်လိုအကြောင်းတွေနဲ့ သေပွဲဝင်ကြမှာလဲ။

တကယ်ပဲကိုကြီးမောင် သံသယရှိသလို ကနောင်တို့နဲ့ ပတ်သက်နေတာလား။ ရှန်းမရသော ကံကြမ္မာဆိုပါက သူတို့တွေ ဘယ်လိုရင်ဆိုင်ကြမည်လဲ။

ဘယ်ပုံ၊ ဘယ်နည်းနှင့် လွတ်လမ်းရှာကြမည်လဲ။

စဉ်းစားစရာတွေ တစ်ပုံတစ်ပင်။

ယခု ဆက်တိုက် သေဆုံးမှုများသည် ကနောင်တို့နှင့် မပတ်သက်ဘူးဆိုလျှင်ရော ဘာကြောင့်ဖြစ်နိုင်မည်လဲ။



# XVI

"ဟိုကောင် . . . ပဋ္ဌာန် ဘယ်မှာလဲ"

"ပဋ္ဌာန်ကြီးရော . . . ပဋ္ဌာန်ကြီး ဘယ်ရောက်သွားလဲ"

လူတစ်စု သုသာန်ဇရပ်ရှေ့တွင်ရပ်ပြီး သုဘရာဇာ ပဋ္ဌာန်ကြီးကို ရှာနေကြသည်။

"ကျုပ် ဒီမှာ . . ."

ခေါင်းတွေ ဘယ်ညာဝဲသွား၏။ ဒါပေမဲ့ အသံသာကြားရပြီး သူ့ကို မတွေ့ပါ။

"ဘယ်မှာလဲကွ"

သူကြီးက စိတ်မရှည်နိုင်သလို ထအော်တော့ . . .

"တွေ့ချင် ရှာပေါ့ဗျ။ ဘာကိစ္စ ဖွတ်အော်နေတာလဲ"

သုဘရာဇာထဲတွင်တော့ ဒိတ်ဒိတ်ကြဲ သုဘရာဇာပေါပင်။ သူ့ရော၊ သူ့ပိုင်နက်မှာတော့ သိကြားမင်းဆင်းလာလျှင်ပင် ဒူးတုပ်ထိုင်ရမည့်သဘောရှိသည်။ အသံထွက်ပေါ်ရာအရပ်ကို ခန့်မှန်းပြီး လူတစ်ယောက်က အုတ်ဂူပေါ်တက်ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟိုမှာ . . . ပဋ္ဌာန် . . ."

ပဋ္ဌာန်ကြီးမှာ အဖြူရောင် အုတ်ဂူကြီးတစ်လုံးပေါ်တွင် ခြေကို ချိတ်ပြီး လဲလျောင်းအနားယူနေသည်။ သူကြီးက နီးစပ်ရာ အုတ်ဂူတစ်လုံးပေါ်တက်၍ ခါးထောက်ကာ . . .

"ဟော့ကောင် . . . ပဋ္ဌာန်၊ ဒီနေ့ရော အမူးပြေပြီလား။ မနေ့က လည်း တစ်နေကုန်မူးနေတာ။ လူမှန်း၊ သူမှန်းတောင် မသိတော့လို့ ငါ တို့ ပြန်သွားတာ။ ဒီနေ့ရော ထုံးစံအတိုင်းပဲလားကွ"

သူကြီးစကားဆုံးတော့ ပဋ္ဌာန်ကြီးမှာ စိတ်မသက်မသာပုံစံဖြင့် လဲလျောင်းအနားယူနေရာမှ ထသည်။ ထူးထူးခြားခြားပါပင်။ ပဋ္ဌာန်ကြီး ကြည့်ရတာ အရက်သောက်ထားသည့်လက္ခဏာမတွေ့။

နေ့စဉ်ရက်ဆက် သောက်ထားမှုကြောင့် မျက်နှာတစ်ပြင်လုံး မှာ ပြည့်ဖောင်းနေသည်။ ဒါပေမဲ့ အရင်လို အဆီတဝင်းဝင်းမဟုတ် ဆံပင်ပုံစံကအစ အရင်နေ့တွေကလို စုတ်ဖွာဖွာမဟုတ်ဘဲ အနည်းငယ် သပ်ရပ်ကာ နေသည်။ အထူးခြားဆုံး တစ်ချက်ရှိ၏။

အစဉ်သဖြင့် အရက်နိုးဝေနေတတ်သော မျက်လုံးနှင့် မျက်နှာ က ယနေ့လေးနက်သောအသွင်ကို ဆောင်နေသည်။

"ကျုပ် . . . ခင်ဗျားတို့ကို စောင့်နေတာ"

ခပ်ပြတ်ပြတ်ပြောရင်း ပဋ္ဌာန်ကြီးမှာ အုတ်ဂူထက်မှ ဆင်းလာ ၏။ ပြီး ဂူကြိုဂူကြားမှ ကွေ့ပတ်၍ ဇရပ်ဆီလျှောက်လာကာ . . .

"ဖိုးပိန်အလောင်းမြေချဖို့ ကျုပ်မှတ်ပေးလိုက်တဲ့နေရာကို သိ ချင်လို့ ရောက်လာကြတာမလား"

"အေး . . . ဟုတ်တယ်"

"မှတ်မိပြီလား။ ခင်ဗျား ပေါက်တူးပေါက်ပေးလိုက်တာ ဘယ် နေရာလဲ"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးတော့ . . .



"ကျုပ်လည်း မိုးလင်းတည်းက အဲဒါကို ထိုင်စဉ်းစားနေတာ။ တာအောင့်နေကမှ အဖြေထွက်တယ်"

"ဟုတ်လား . . . ဘယ်နေရာလဲ"

သူကြီးအပါအဝင် အားလုံး၏မျက်လုံးများ ဝင်းပသွားသည်။ မြေနေရာကို တွေ့ပါက အဆက်မပြတ် လူသေမှုများကို ရပ်တန်းက ရပ် စဲနိုင်တော့မည် မဟုတ်ပါလား။

"လာ . . . ကျုပ်ပြမယ်"

ပဋ္ဌာန်ကြီးက ဇရပ်အောက်ခြေမှ မြေကြီးခဲအချို့ကို မ,ယူကာ သုသာန်အနောက်ဘက်ကို ဆင်းသွားသည်။ ပြီးတော့ . . .

"ဒီနေရာရယ် . . . ဟောဒီနေရာရယ် . . . ဒီတစ်ခုရယ် . . . ဒီမြေကွက်ရယ် . . ."

ပဋ္ဌာန်ကြီးလုပ်ရပ်ကိုကြည့်ပြီး အကုန်လုံး ကြောင်သွားကြ သည်။ ပြီး တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ နားမလည်နိုင်သော မျက်လုံးတွေနှင့်၊ ပဋ္ဌာန်ကြီးပြသည်က မြေတစ်နေရာတည်းမဟုတ်။

"ဟော့ကောင် . . . မင်း ရူးသွားပြီလား"

ဦးစိတ်တို သူကြီးမှာ သည်းမခံနိုင်တော့ဘဲ . . .

"ငါတို့သိချင်တာ ဖိုးပိန်အတွက် မြေနေရာတစ်ခုတည်း။ အခု ဘာတွေ လာပြနေတာလဲ"

"ခင်ဗျားတို့သိချင်တဲ့ မြေနေရာပဲလေ"

"ဘာ . . ."

"ဘယ်လို . . ."

"ဒီနေရာတွေက . . ."

တစ်ယောက်တစ်ပေါက် ဆူညံသွား၏။ ပဋ္ဌာန်ကြီးကတော့ သူ ဟုတ်သလို မျက်နှာသေလေးနဲ့။

"ဘာကွ . . . မင်းက လေးနေရာတောင် မှတ်ပေးလိုက်တဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com

သူကြီး၏ အမေးကို . . .

"မဟုတ်ဘူး။ ကျုပ် မှတ်ပေးလိုက်တာတော့ တစ်ခုတည်း။ ဒါပေမဲ့ ဘယ်နေရာမှန်းတိတိကျကျ ကျုပ် မမှတ်မိတော့ဘူး။ ဒီလေးနေရာထဲက တစ်ခုဆိုတာတော့ သေချာတယ်"

"ဟာ . . ."

အကုန်လုံး ပါးစပ်ဟောင်းလောင်း ပွင့်သွားတော့သည်။ ပဌာန်းကြီးကို ကြည့်ပြီး မယုံကြည်နိုင်သလို၊ နားမလည်နိုင်သလို၊ ပဌာန်းကြီး ဤသို့ လုပ်လိမ့်မည်ဟု သူတို့လုံးဝထင်မထားခဲ့။ ပဌာန်းကြီးကတော့ ရိုးသားမှုသဏ္ဌာန်ကို အပီအပြင် ယူထားလေသည်။

ဒေါသချောင်းချောင်း ထွက်လာသူ သူကြီးက . . .

"မင်း . . . မင်း . . . ဒါ တမင်သက်သက် ငါတို့ ဒုက္ခရောက်အောင် လုပ်တာမလား"

အရက်သောက်မထားလို့လားမသိ။ သူ့ကို ဆူပူမာန်မဲနေသော်လည်း ပဌာန်းကြီးမှာ အေးဆေးနေသည်။ တုံ့ပြန်ပြောဆိုသော စကားတွေမှာလည်း အေးအေးချမ်းချမ်း။

"ကျွတ် . . . ခက်တာပဲ၊ ကျုပ်လည်း လူဗျ။ သေမှာတော့ ကြောက်တယ်။ ခင်ဗျားတို့ဆီက လူသေစက်ကွင်း ကျုပ်ဆီ ရောက်မလာဘူးလို့ ဘယ်သူပြောရဲလဲ။ လူသေတာတွေ မရပ်သ၍ ကျုပ်လည်း ကိုယ့်အလှည့် ဘယ်တော့ရောက်မလဲ စိုးရိမ်နေတာ။ ဒီကပ်ဆိုးကြီးကို ကျုပ်လည်း ရပ်စေချင်တာပေါ့။ အဲဒါကြောင့် တစ်မနက်လုံး ထိုင်စဉ်းစားနေတာ။

ကျုပ် အရမ်းကြိုက်ပါတယ်ဆိုတဲ့ အရက်တောင် သောက်မထားဘူး။ ကျုပ်နေရာလည်း ဝင်ကြည့်ကြဦး။ ဖိုးပိန်သေတာ နှစ်လပြည့်တော့မယ်။ နေ့တိုင်း အရက်သောက်နေသူတစ်ယောက်ရဲ့ဦးနှောက်က အဲ့လောက်ထိ မှတ်ဉာဏ်ထက်နေနိုင်ပါ့မလား"

ပဌာန်းကြီး စကားကို မည်သူမျှ ဝင်မထောက်ပါ။ သူ့ဘက်က ကြည့်လျှင်လည်း အပြစ်မဆိုသာ။ ဒါပေမဲ့ လေးနေရာဆိုတာကြီးကတော့ . . .

"မဖြစ်နိုင်ဘူး . . . ဟော့ကောင်၊ မင်း တမင်တကာ လုပ်ကြံပြောနေတယ်လို့ပဲ ငါမြင်တယ်"

သူကြီးကလည်း မလျော့။

"ယုံတာ မယုံတာတော့ ခင်ဗျားတို့အပိုင်းပဲ။ ကျုပ်လည်း ဒီထက် ပိုပြီး ဘာမှလုပ်မပေးနိုင်ဘူး"

"ဒါဆို အကြောင်းမဲ့ လူလေးယောက် ထပ်သေပေးရမှာလား"

"အဲဒါက သေမဲ့လူတွေအပိုင်း။ ကျုပ်နဲ့မဆိုင်ဘူး။ အဲ . . . ဒါပေမဲ့ အဲ့ဒီထဲမှာ ကျုပ်လည်း ပါရင်ပါမယ်။ ခင်ဗျားလည်း ပါရင်ပါလိမ့်မယ်"

"ဘာကွ . . ."

အံကြိတ်သံနဲ့ ထအော်သည်။

"သဘောကို ပြောပြတာပါ။ ကျုပ်လည်း ဘယ်သူ့ကိုမှတော့ အကြောင်းမဲ့ မသေစေချင်ဘူး"

"အဲလိုဆို ဘာလို့ လေးနေရာ ခွဲပြောလဲကွ"

"ကျုပ်မှတ်မိသလောက် ပြောပြတာလေ။ တစ်နေရာပဲ အတိအကျ မှန်အောင်ပြောဆိုရင်တော့ ကျုပ် မပြောရဲဘူး။ မှန်ရင်ကောင်းတယ်။ မှားရင် ကျုပ် တာဝန်မယူနိုင်ဘူး"

ပဌာန်းကြီးစကားက လူအုပ်ကို ငြင်းမရအောင် ကြိုးတုပ်ပစ်လိုက်သည်။ သုဘရာဇာတစ်ယောက်အနေနှင့် မကြောက်မရွံ့ပြောရဲဆိုရဲသော စိတ်ဓာတ်ကိုတော့ ချီးကျူးရပေမည်။ ပြောသွားသည့် စကားတွေကလည်း တစ်ဖက်လူ လှုပ်မရ။

ချိုသာအောင်မဆိုတတ်ပေမဲ့ သူ့ဟာသူ လုံအောင်တော့ပြောတတ်သည်။ သုသာန်၏ အနောက်ဘက်ခြမ်းမှာ ပဌာန်းကြီးနေထား

www.burmeseclassic.com

www.burmeseclassic.com

သော မြေကြီးခဲလေးလုံးက နေရာလေးခုကို ကိုယ်စားပြုလျက်ရှိနေပါသည်။

ပဋ္ဌာန်းကြီးမှာတော့ တာဝန်တစ်ခု ထမ်းဆောင်လိုက်ရသလို ပေါ့ပါးသွားသော ဟန်ပန်ကို တွေ့ရ၏။ လေးလံသွားရသည်က ရွာသားအပေါင်းတို့ပါပင်။

ရွာက ထွက်လာတုန်းကလို ထက်သန်မှုတွေ မရှိတော့ဘဲ စိတ်ဓာတ်ကျသွားကြ၏။ မြေကြီးခဲလေးလုံးအောက်မှ နေရာလေးခုကို ကြည့်ပြီးလည်း သက်မကိုယ်စီ ချမိကြသည်။

"ငါတို့အလှည့်က ဘယ်တော့လဲ"

စသည့်အတွေးတွေ၊ စိုးရွံ့မှုတွေ၊ ဖိစီးမှုတွေနဲ့ အားပျက်ညှိုးလျော့သွားကြလေသည်။ တော်တော်နဲ့ စကားမဆိုနိုင်ကြတော့။

အချို့ဆို မတ်တတ်ရပ်ဖို့ပင် မစွမ်းသာတော့ဘဲ မြေတွင် ဖင်ထိုင်ကျသွားကြသည်။ အတော်ကြီးကြာမှ . . .

"ဒီလေးနေရာကတော့ . . . သေရွာတယ်ပေါ့"

"အဲဒါကိုတော့ ကျုပ်အသက်နဲ့ထပ်ပြီး တာဝန်ယူတယ်"

• • •

ရွာသားတွေ သုသာန်တွင်းမှ တရွေ့ရွေ့ ထွက်ခွာသွားကြသည်။ အနောက်ဘက်ရပ်ဝန်းတစ်ခုမှာ မြေကြီးပုံလေးပုံကို တွေ့ရပါ၏။ သူကြီး၏ခိုင်းစေမှုဖြင့် ရွာသားများ သယ်ယူစုပုံသွားကြခြင်းပါ။ ယခုတစ်ခါတော့ သူတို့မြေနေရာလုံးဝ အမှားမခံနိုင်တော့။

ပဋ္ဌာန်းကြီးကတော့ တရွေ့ရွေ့ထွက်ခွာသွားကြသော ရွာသားများကိုကြည့်ရင်း ခေါင်းယမ်းကာနေပါသည်။ ထိုစဉ်မှာပဲ . . .

"လွန်လွန်းတယ်လို့ မထင်မိဘူးလားဗျာ"



ပဋ္ဌာန်းကြီး ဦးခေါင်း ဆတ်ခနဲလှည့်သွားစဉ် . . .

"လေးနေရာဆို လူလေးယောက်ပေါ့"

"ဪ . . ."

အသံပိုင်ရှင်ကို တွေ့တော့ ပဋ္ဌာန်းကြီးက ရိုထေ့ထေ့အပြုံးတစ်ခုကို ပြုသည်။

"ဘယ်တုန်းက ရောက်နေတာလဲ"

"ခုနကတင်ပဲ"

"မင်းလည်း မယုံဘူးဆိုပါတော့"

"ယုံချင်ပါတယ်။ ဒါပေမဲ့ လေးနေရာဆိုတာကြီးက နည်းနည်းများ များနေလားလို့"

ပဋ္ဌာန်းကြီးက သူ့စကားကို ခြောက်ကပ်ကပ် ရယ်သံဖြင့် တုံ့ပြန်သော . . .

"ဒီမှာကောင်လေး . . . မင်း ငါ့နေရာကိုဝင်ကြည့်စမ်း၊ နေရာတစ်ခုကိုပဲ ငါရွေးပေးလိုက်တယ်ဆိုပါစို့။ အဲ့ဒီနေရာမှာ အလောင်းကျသွားရင် လူသေတာရပ်သွားမယ်လို့ မင်း အာမခံနိုင်လား"

"မခံနိုင်ဘူး"

"အေး . . . နေရာမှန် ရောက်ပြီးသွားတာတောင် လူတွေထပ်သေနေဦးမယ်ဆိုရင်ရော . . . အဲဒီကိစ္စကြီးတစ်ခုလုံးကို မင်းတာဝန်ယူနိုင်မလား"

"မယူနိုင်ဘူး"

"ဒါပဲပေါ့ကွာ။ လူဆိုတာ ကိုယ့်တာကိုယ်လုံအောင် ကာတတ်ရတယ်ကွ။ တကယ်တော့ ခုနပြပေးခဲ့တဲ့ လေးနေရာလုံးက ငါစဉ်းစားလို့ရသမျှ နေရာတွေပဲ။ ရွာသူရွာသားတွေ ဒုက္ခရောက်အောင်လုပ်တာ မဟုတ်ဘူး။ သူတို့တွေ ကြောက်ရွံ့ထိတ်လန့်အောင် တမင်ခြောက်တာလည်း မဟုတ်ဘူး။ ငါ့ဦးနှောက်ထဲမှာ တကယ်ပဲ ဖိုးပိန်အတွက် မှတ်



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်တဲ့နေရာကို မမှတ်မိတော့တာ။ နေရာတွေတစ်ခုနဲ့တစ်ခု ဝေဝါးနေတယ်။ သေချာတာကတော့ ဒီလေးနေရာထဲက တစ်ခုပဲကွာ။ အဲဒါကိုတော့ ငါ လုံးဝပြောရဲတယ်"

"ခင်ဗျား တကယ်ပြောနေတာပေါ့"

ခြောက်ကပ်ကပ် အော်ရယ်ပြန်ပါသည်။

"ငါလည်း လူသားတစ်ယောက်ပါကွာ။ သုဘရာဇာလုပ်နေရပေမဲ့ လူ့ဘုံမှာ ဝင်စားခွင့်ရဖို့ ဘယ်လောက်ခက်ခဲတယ်ဆိုတာ နားလည်ပါတယ်။ ဘယ်သူ့ကိုမှ အကြောင်းမဲ့ မသေစေချင်ပါဘူး"

စည်သူ အုတ်ဂူပေါ်မှ ခုန်ဆင်းလိုက်သည်။ သူရောက်နေတာ မကြာသေးပေမဲ့ အားလုံးကို နားလည်ခဲ့သည်။ ရွာသားတွေတော့ သူ့ကို မြင်မသွားခဲ့ပါ။

"ငါ တကယ်စိတ်မကောင်းဘူး။ ငါပြပေးတဲ့နေရာတွေကို ကြည့်ပြီး သူတို့ တော်တော် စိတ်ဓာတ်ကျသွားကြတယ်။ အခုဆို သူတို့တွေကတစ်ဆင့် တစ်ရွာလုံး ဒီသတင်းကြားပြီး ထိတ်လန့်ကုန်ကြတော့မယ်"

ပဌာန်ကြီးက တကယ်ပင် စိတ်မကောင်းဟန်နဲ့ ပြောပါသည်။

"ကျွန်တော်ဆိုရင်တော့ အဲလောက် ကြောက်မိမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခု သေပြီးသွားတဲ့လူတွေကို လေ့လာကြည့်ရင် ဦးသိုက်ညိုတို့ ညီအစ်ကိုနှစ်ဦးရဲ့ တပည့်တွေချည်းပဲ ဖြစ်နေတာ တွေ့ရတယ်။ အပြင်ရွာသား တစ်ယောက်မှ မပါသေးဘူး။ သေချာစဉ်းစားကြည့်ရင် ကြောက်ဖို့လိုမယ် မထင်ပါဘူးဗျာ"

"ဟ . . . လူဆိုတာ ကြောက်တတ်တဲ့အမျိုးကွ . . . ကောင်လေးရ။ ကိုယ်နဲ့ဆိုင်လည်း ကြောက်တယ်၊ မဆိုင်လည်း ကြောက်တယ်။ ကြောက်စရာမဟုတ်တာကိုလည်း အဓိပ္ပာယ်မဲ့ ကြောက်နေတတ်တယ်။ အဲဒါ လူ့သဘာဝပဲ။ ဒါကြောင့်လည်း အကြောက်တရားရဲ့ နှိပ်စက်မှုကို သူတို့ အချိန်ပြည့် ခံနေရတာပေါ့"



စည်သူ ငြိမ်သွားမိသည်။ ပဌာန်ကြီးကိုလည်း တော်တော် အံ့ဩမိ၏။ အမူးသမားတစ်ယောက်ရဲ့နှုတ်မှ ယခုလိုစကားတွေ ထွက်လာခြင်းကိုလည်း မယုံနိုင်အောင် ဖြစ်မိသည်။

"နောက်တစ်ခုကတော့ အယူသီးတာပဲ။ အမှန်က လူသေမှုတွေဟာ သင်္ချိုင်းမှာ မြေနေရာမှားတာနဲ့ ဘာမှမဆိုင်ဘူး။ ဒါပေမဲ့ ဒီမှာ မြေနေရာမှားထားလို့ ရွာမှာ ကပ်ဆိုးကျတာကို သူတို့ ယုံကြည်နေတယ်။ သူ့မြေနေရာမှန်ပြန်ရောက်ရင် ဒီကပ်ဆိုးကြီးသေချာပေါက် ရပ်သွားမယ်ဆို ဘယ်သူပြောနိုင်လဲ၊ ဘယ်သူ တာဝန်ယူနိုင်လဲ"

စည်သူ ငြိမ်ကာနေဆဲ။ ပြောစရာစကားမရှိသလို ပြောခွင့်လည်း မသာခဲ့။ ဒါပေမဲ့ လိုအပ်သော မေးခွန်းတစ်ခုကိုတော့ မေးလိုက်သည်။

"ဒါဆို ဘာလို့ ခင်ဗျားနေရာ ရွှေးပေးလိုက်လဲ။ လုံးဝမဖြစ်နိုင်ဘူးလို့ ပြောလိုက်ပါလား"

ပဌာန်ကြီးက 'ဟက်'ခနဲ တစ်ချက်ရယ်သည်။

"ယုံကြည်မှုဆိုတာ လွယ်လွယ်နဲ့ ဖြတ်ရခက်တယ် ကောင်လေးရ၊ မှားမှန်းသိရက်နဲ့ ကိုယ့်ကိုယ်ကိုယ် လှည့်စားပြီး အမှန်လုပ်နေတာလည်း လူ့သဘာဝပဲလေကွာ"

ပြီးတော့ တစ်ခွန်းဆက်ပြောသည်။

"မင်းကို ငါ တစ်ခုထပ်ပြောလိုက်ဦးမယ်။ အခုလို လူတွေအဆက်မပြတ်သေနေမှုမှာလည်း သူ့သဘာဝနဲ့သူ ရှိနေသေးတယ်"

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

# XVII

"ဘယ်လိုလုပ်ကြမလဲ . . . အစ်ကိုကြီး"

"ငါတော့ ဒီကောင့်ကို သိပ်မသကာချင်တော့ဘူး"

"ပဋ္ဌာန်းကြီးကိုလား"

"အေး . . ."

အပြင်မှ အသံတစ်ခုကြားရ၍ ပြတင်းတံခါးမှ မှိုင်းညိုခေါင်း ထွက်ကြည့်သည်။ ရှေ့၊ နောက်၊ ဝဲ၊ ယာ လေ့လာအကဲခတ်၍ စိတ်ချ တော့မှ တံခါးကို သေချာပြန်ပိတ်သည်။

အခန်းထဲတွင် သူတို့ညီအစ်ကိုနှစ်ဦးမှ လွဲ၍ မည်သူမျှ ရှိမနေ ပါ။ တံခါးပိတ်လိုက်ပြီမို့ သူတို့နှစ်ဦး ပြောစကားများကိုလည်း တခြား လူများကြားမှာ မပူရတော့ . . .

"ငါတို့ ဘယ်နှယောက်ကျန်လဲ"

"ခုနစ်ယောက်"

"နေရာကရော"

"လေးနေရာ"

ဦးသိုက်ညို သက်ပြင်းကိုချ၍ . . .

"သုံးယောက်လွှတ်မယ်ပေါ့"



"အဲလိုဖြစ်နေတာပေါ့။ လေးနေရာ ဖြစ်သွားတာကိုး"

အစ်ကိုဖြစ်သူ၏ ခြေရင်းတွင် ထိုင်ကာ မေးသမျှကို မှိုင်းညို ကျိုး ကျိုးနွံ့နွံ့ ပြန်ဖြေပေးနေသည်။ ဦးသိုက်ညို ခေါင်းတဆတ်ဆတ်ညိတ် သာ . . .

"မတတ်နိုင်ဘူးလေ။ လွှတ်တဲ့လူတွေထဲ ငါတို့ပါအောင်ပဲ လုပ် ရတော့မှာပေါ့"

"ဘယ်လိုလုပ်မှာလဲ"

ဦးသိုက်ညို မျက်လုံးတို့ ဝင်းတောက်သွားလေသည်။

"လွယ်ပါတယ် . . . ။ ထုံးစံအတိုင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညနေခင်းတွင် ဦးသိုက်ညိုအတွက်
ဝမ်းသာဖွယ်သတင်းတစ်ခုကို ကြားရသည်။
ဖိုးထောင်သေလေပြီ။
အဖျားကြီးပြီး သတိလစ်သွားရာမှ အသက်ပြန်
မလည်လာတော့ဟု သိရသည်။
လေးနေရာတွင် တစ်နေရာစာတော့ ပြီးလေပြီ။
ကျန်သုံးနေရာအတွက်ကတော့ . . .



# XVIII

ညတစ်ညက တစ်စထက်တစ်စ မှောင်မိုက်တိတ်ဆိတ်လာ ။ ပတ်ဝန်းကျင်မှာ ပုဇဉ်းရင်ကွဲသံ၊ ပိုးကောင်မွှားကောင်တွေရဲ့ အော် သံတွေ ဆူဆူညံနေ၏။ တိမ်ဖုံးသော လမိုက်ညတစ်ညဖြစ်သည်။

မှောင်နေပေမဲ့ သစ်ခြောက်ပင်ကြီးတစ်ပင်၏ ရပ်တည်မှုကိုတော့ ါးဝါး လှမ်းမြင်နေရပါသည်။ ခွေးပင်ရွာဘက်ဆီမှ ခွေးဟောင် ကိုလည်း တစ်ချက်တစ်ချက် ကြားရ၏။ ဒီအချိန်ဆို တစ်ရွာလုံး ပ်မှုမလှုပ်ရဲအောင် ကြောက်ရွံ့နေပေလိမ့်မည်။

ဆက်တိုက်သေဆုံးမှုမှာ ညနေကပင် ခရီးဆက်သွားခဲ့ပြီမဟုတ် ။ ဖိုးထောင် အပါအဝင် ခုနှစ်လောင်းရှိသွားပေပြီ။ ကျန်သုံးနေရာ ထဲ သူလား၊ ငါလား ချောက်ချားနေကြတော့မည်။ ဦးသိုက်ညို ည့်များဆိုလျှင် နေစရာတောင် ရှိလိမ့်မည်မဟုတ်တော့။

ဒါပေမဲ့ လူနှစ်ယောက်ကတော့ ကြောက်ရွံ့ထိတ်လန့်ခြင်းမဲ့စွာ သွေ့တောင်ကုန်းအနီးတစ်ဝိုက်တွင် ခြေကုပ်ယူထားပါသည်။ တစ်ရာအား လာရောက်စောင့်မျှော်နေခြင်းဖြစ်ပါ၏။

စည်သူနှင့် ကိုကြီးမောင်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးမောင်၏ နှုတ်ထွက်စကားအရ (၁၃) ယောက်အုပ်စု မှ တစ်ယောက်သေပြီးတဲ့ညတိုင်း ခြောက်သွေ့တောင်ကုန်းက မီး တောက်သည် ဆိုထား၏။ ထိုမီးရောင်ကို စောင့်ကြည့်ရန် စည်သူ စိ အားထက်သန်လျက် ရှိနေပါသည်။ ကိုကြီးမောင်ကတော့ သိပ်စိတ် ပုံမရ။

ဒါပေမဲ့ သူစတင်ခဲ့သော အကြောင်းအရာဖြစ်ခဲ့သည်ကြော မလိုက်မဖြစ် လိုက်လာခဲ့ရခြင်းဖြစ်သည်။ သူတို့ရှိနေတာက ခြောက်သွေ့ တောင်ကုန်းကို ကောင်းစွာမြင်နိုင်လောက်သည့် တောတွင်းတစ်နေရာ ကိုကြီးမောင်က ထုံးစံအတိုင်း သစ်ပင်ကြီးတစ်ပင်ကို မှီပြီး ဆေးလိပ် နေသည်။ စည်သူကတော့ မြေတွင် ဝမ်းလျားမှောက်ကာ ခြောက်သွေ့ တောင်ကုန်းကို မမှိတ်မသုန် စောင့်ကြည့်လျက်ရှိနေ၏။

သူတို့ အနီးဝန်းကျင်မှာ သစ်၊ ဝါးပေါ၍ ချုံနွယ်ပိတ်ပေါ များ ထူထပ်လျက်ရှိနေသည်။

နာရီကိုကြည့်တော့ ကိုးနာရီခွဲ။

ဘယ်အချိန် မီးထတောက်မည်မသိ။ သာလှနှင့်တက်ပုတို့ ပြ ခဲ့ရစဉ်ကတော့ သန်းခေါင်လွဲကျော်ပြီဟု သိရသည်။ ထိုအတိုင်းဆိုလျှ အချိန်မှာ စောနေပါသေး၏။ ဒါပေမဲ့ သတိပြုတ်လို့တော့မရ။

တအောင့်ကြာတော့ . . .

"ကောင်လေး . . . ငါ အိပ်ချင်လာပြီ"

သစ်ပင် မှီထိုင်နေရာမှ ကိုကြီးမောင်ဆိုတော့ . . .

"ရတယ် . . . အိပ်လေ၊ ကျွန်တော်ပဲ စောင့်နေလိုက်မယ်"

ကိုကြီးမောင်က သူ့ကို စိတ်ပျက်စွာ တစ်ချက်လှမ်းကြည့်သည် ပြောမရလည်း နေပေါ့ကွာဟုသည့် ပုံစံမျိုး။ ပြီးတော့ . . .



"ကြိုးစားကြည့်ပေါ့ကွာ။ ငါကတော့ မင်း တစ်ညလုံး နေနိုင်လိမ့် မထင်ဘူး"

စည်သူ ပခုံးတွန့်မိလိုက်သည်။

"စမ်းကြည့်ရတာပေါ့ဗျာ"

ထို့နောက်တော့ ကိုကြီးမောင်မှာ သစ်ပင်မှီပြီး တိတ်ဆိတ်သွား သည်။ တအောင့်ကြာတော့ တခူးခူးဟောက်သံများပင် ထွက်လာ သည်။ ကိုကြီးမောင် လောကကြီးနှင့် အဆက်ပြတ်သွားလေပြီ။ စည်သူ့ တော့ . . .

ဘယ်အချိန် မီးတောက်လာမှာလဲ။ ဘယ်လိုတောက်မှာလဲ။ တစ် လုံးပဲ မီးရောင် ထွက်နေမှာလား။ ဒါမှမဟုတ် ခဏတစ်ဖြုတ်လား။ းခွန်းအားလုံးရဲ့ အဖြေမှာ မကြာလှသော အချိန်ကာလတစ်ခုတွင် သည်။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးလာသည်။ ညဉ့်နက်လာလေ ပိုး င်မွှားကောင်တွေ၏ အော်မြည်သံက ဆူညံလာလေ။ ထိုအခိုက်မှာ ခနဲ မွှေးရနံ့တစ်ချက်ကို ရလိုက်သည်။

ကြက်သီးတွေ ဖျိုးဖျိုးဖျင်းဖျင်း သီးသွားပါသည်။

ခေါင်းထောင်ကြည့်တော့ အရာအားလုံးက ထူးခြားမှုမရှိ။ တစ်ကြိမ် ထပ်ရှူကြည့်တော့ မွှေးရနံ့မှာ ပျောက်သွားသည်။ လေနှင့် လွင့်လာသော ပန်းခင်းတစ်ခုဆီမှ အနံ့အသက်ဖြစ်နိုင်ပါသည်။

ထူးဆန်းသောကိစ္စတစ်ခု မဟုတ်သည်ကြောင့် ဘာသိဘာသာ နေလိုက်သည်။ ဒါပေမဲ့ သိပ်မကြာလိုက်ပါ။ ထိုမွှေးရနံ့မှာ ကျွန်တော့် ခေါင်းသို့ နောက်တစ်ကြိမ် ပြန်ရောက်လာသည်။

ဒီတစ်ခါမှာတော့ . . .

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com

ရီဝေဝေ တစ်ချက်ဖြစ်သွားသည်။ သတိရှိနေသည်ကြော ခေါင်းကိုဆွဲခါပစ်တော့ ပန်းရနံ့မှာ ပိုမွှေးလာသည်။ တစ်မုဟုတ်ချ ခန္ဓာကိုယ်က လေးလံကျသွား၏။ ပြီးတော့ အလိုလို အိပ်ချင်လာ သည်။

ခေါင်းကို နောက်တစ်ကြိမ် ခါယမ်းပစ်လိုက်ပေမဲ့ ခဏသာ ပါ၏။ အိပ်ချင်စိတ်များက အင်နှင့်အားနှင့် ကြီးစိုးလာကာ ဘယ်လို ထိန်းမရတော့ဘဲ တစ်ချက် ငိုက်ကျသွားသည်။

နှာခေါင်းတွင်းမှာက မွှေးနေဆဲ။

အသက်ရှူလေ မွှေးလေ၊ အသိဉာဏ်တို့ ဝေဝါးလာလေ၊ မျက် တို့ လေးလံလာလေ။

နောက်ဆုံးတော့ . . .



# XIX

"ကောင်လေး . . . ထတော့ . . ."

လက်မောင်းကို ဆွဲလှုပ်လိုက်သည်ကြောင့် အလန့်တကြား ထထိုင်လိုက်သည်။

"ဟင် . . . ကျွန်တော် ညက . . ."

စကားကိုရပ်ပြီး ပတ်ဝန်းကျင်ကို လှမ်းလာတော့ မိုးလင်းကာစ နက်ခင်းတစ်ခု။ သူ့ကိုကြည့်ကာ ကိုကြီးမောင်က 'ဟက်' ခနဲ ရယ် သည်။

"ဘယ်လိုလဲကွ . . . ညက မီးထတောက်တာ တွေ့လိုက်ရဲ့ လား"

ကိုကြီးမောင်၏ ခနဲ့တဲ့တဲ့စကားကြောင့် ကိုယ့်ကိုယ်ကိုယ် ရှက် သွားမိသည်။ ညက ဘာဖြစ်သွားလဲ သံသယဖြစ်ဖွယ်မရှိပါ။ ကိုကြီး မောင်နှီးမှ နိုးလာသော အိပ်စက်မှုက သက်သေခံနေသည်။

"ကျွန်တော် မတွေ့လိုက်ဘူး"

"အိပ်ပျော်သွားတာမလား"

ခေါင်းညိတ်ပြတော့ 'ငါပြောသားပဲ' ဟူသော အဓိပ္ပာယ်ပါသည့် အကြည့်ဝန်းတစ်စုံ သူ့ထံရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

“မင်းက ငါပြောတာကိုမှ မယုံပဲကိုးကွ။ သေချာစောင့်ကြည့်ရင် မတွေ့ပါဘူးလို့”

ကိုယ်တွေ့ကြုံရပြီဆိုတော့ ထောက်ခံဖို့သာ ရှိတော့ပါသည်။

တော်တော်လည်း အံ့သြမိ၏။

“ဟုတ်တယ်နော် . . စောင့်ရင်းစောင့်ရင်းနဲ့ အလိုလို အိပ်ချင်လာတာ။ ဘယ်လိုမှ ထိန်းမရဘူး”

“အိပ်မပျော်ခင် ဘာထူးခြားသေးလဲ”

“ထူးခြားတယ်ဗျ။ ကိုကြီးမောင် အိပ်သွားပြီးတော့ သိပ်မကြာ လိုက်ဘူး မွှေးရနံ့တစ်ခုရတယ်။ ပထမတစ်ခါတော့ ဘာမှ မထူးခြား သလိုပဲ။ နောက်တစ်ခါလည်း ထပ်ရောက်လာရော ဘယ်လိုမှ မထိန်း နိုင်တော့ဘူးဗျာ . . . အလိုလို အိပ်ပျော်သွားတာ”

ကိုကြီးမောင်က မထူးဆန်းသော ကိစ္စတစ်ခုလို ပေါ့ပေါ့ပါးပါး ဝင် နားထောင်နေသည်။ ပြီးတော့ . . .

**“ပန်းအနံ့မွှေးတာမလား”**

**“ဟုတ်တယ်”**

ခေါင်းတဆတ်ဆတ် ညိတ်ပါသည်။ ပုံစံကြည့်ရတာ ကိုကြီး မောင်လည်း ကျွန်တော့်လိုပင် ခံထားရဖူးပုံပေါ်၏။

ထိုစဉ်မှာပဲ လှည်းလမ်းကြောင်းဆီ လှမ်းကြည့်ပြီး ကိုကြီးမောင် မျက်မှောင်ကြုတ်သွားသည်။ ပြီးတော့ ထိုင်ရာမှ ဆတ်ခနဲခုန်ထကာ . . .

“ညက မထူးခြားပေမဲ့ အခုထူးခြားပြီ . . . ကောင်လေးရေ”

နောက်လှည့်ကြည့်စဉ်မှာ တွေ့လိုက်ရသည်က မြင်းတစ်ကောင် နှင့် လူတစ်ယောက်။ မြင်းစီးလာခြင်းတော့ မဟုတ်။ မြင်းပေါ်တွင် သူ လက်လွတ် လဲကျပါလာခြင်း။

“ဟာ . . .”



BURMESE CLASSIC .com

သူတို့နှစ်ဦး ကပျာကယာပင် လှည်းလမ်းကြောင်းပေါ် ပြေးဆင်း တာ . . .

အနီးရောက်တော့ . . .

“ဟာ . . . အောင်တိုး . . .”

မြင်းပေါ်မှ လူကိုကြည့်ပြီး ကိုကြီးမောင်က တအံ့တသြ ရေ ရွတ်သည်။ အောင်တိုးဟူသောအမည်ကို ကြားတော့ စည်သူ မျက်လုံး ပြူးသွားပါသည်။ ဒါပေမဲ့ ကပျာကယာပင် ဇက်ကြိုးဆွဲကာ မြင်းကို ငြိမ်အောင်ထိန်းထားလိုက်၏။ လည်ပင်းကိုပွတ်ပေးတော့ ထိတ်လန့်ခြင်း အလျှဉ်းမရှိဘဲ မြင်းလေးမှာ ငြိမ်သွားသည်။

ဒီတော့မှ အောင်တိုးကို သေချာကြည့်မိ၏။

ထိုးကြိတ်ခံထားရမှုကြောင့် မျက်နှာမှာ အညိုမည်းစွဲကာ မြင်း ကျောပေါ်တွင် မှောက်လျက်အနေထားနဲ့ အရုပ်ကြိုးပြတ်။

လက်မောင်းကိုကိုင်ကာ ကိုကြီးမောင်က အနည်းငယ် လှုပ် ယမ်းကြည့်၏။ တကယ်ပင် သတိမရှိပါ။ နှာခေါင်းကို လက်စမ်းကြည့် တော့ . . .

“အင်း . . . အသက်တော့ရှုတယ် . . . သတိလစ်နေတာ”

နောက်တစ်ကြိမ် လှုပ်ယမ်းကြည့်စဉ်မှာ အိတ်တွင်းမှ စာတစ် ခင် ပြုတ်ကျလာသည်။ မြေပေါ်ကျသွားသောစာကို ကပျာကယာ ကောက်ယူဖတ်ကြည့်လိုက်စဉ် . . .

“ဟင် . . .”

မယုံကြည့်နိုင်မှု၊ အံ့သြတုန်လှုပ်မှုတွေ ကိုကြီးမောင်**မျက်နှာမှာ** တိုင်းထက်အလွန် ဖြစ်ပျက်သွားတော့ . . .

“ဘာစာလဲ”

စည်သူ ဖျတ်ခနဲ ဆွဲယူကြည့်လိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com

# XX

"ဗွမ်း . . ."

အရက်မှုးလွန်လျှင်၊ သတိလစ်လျှင်၊ ခွေးချင်းကိုက်လျှင် ေ… လောင်းရသည်ဟု ကြားဖူးသည်။ အခု . . .

"မရသေးဘူး . . . ဆရာကြီး"

"နောက်တစ်ပုံး ထပ်လောင်းစမ်း"

"ဗွမ်း . . ."

မနက်မိုးလင်းပြီးချိန်၌ ဦးသိုက်ညို ခြံဝန်းကြီးတစ်ခုလုံး ပွက် ပွက်ညံသွားခဲ့သည်။ မြင်းတစ်စီးနှင့် လူတစ်ယောက် ခြံတွင်းသို့ ဝင် ရောက်လာခြင်းမှ အစပြုလိုက်သည်။ ဦးသိုက်ညို့တပည့်တစ်ဦးဖြစ်သူ အောင်တိုးမှာ မြင်းကျောပေါ်တွင် ဒဏ်ရာဗရပွနှင့် ပါလာ၏။

ဦးသိုက်ညိုမှာ တပည့်ဖြစ်သူအား ကြည့်ပြီး မေးကျောကြီး များထောင်ထအောင် ဒေါသထွက်နေသည်။ ဘယ်သူ့လက်ချက်နည်း ဒီနယ်တစ်ကျောတွင် သူ့ကို အန်တုဝံ့သူမရှိ။

"တောက် . . ."

တောက်ခတ်သံကြားတော့ အားလုံးကုန်းရုန်းကာ အောင်တိုး သတိရရန် ကြိုးစားကြသည်။ ထိုစဉ်မှာပဲ နှာနှပ်နေသူတစ်ယောက်က—



"အောင်တိုး အိတ်ထဲမှာ စာတစ်စောင်တွေ့ပါတယ် ဆရာကြီး"

"ယူခဲ့စမ်း"

အံကြိတ်လျက်မှ အမိန့်ပေးတော့ . . .

တပည့်တစ်ဦးမှာ သူ့လက်တွင်းသို့ စာတစ်စောင်လာထည့်ပေး သည်။ စာက ရေပင် တော်တော်စိုနေပြီ။ ဖြန့်ကြည့်လိုက်တော့ . . .

ဦးသိုက်ညို

*ခင်ဗျားအပြစ်တွေကို အမြန်ဆုံးဝန်ခံပါ။ မဟုတ်ရင် ခင်ဗျား လူတွေ တစ်ယောက်ပြီးတစ်ယောက် မရဏလမ်းကို လိုက်ရလိမ့်မယ်။ အားလုံးရဲ့အဆုံးသတ်မှာ ခင်ဗျားအလှည့်ပဲ။*

*(ငါ ချစ်ရင် မိုးကို လှေကားထောင်ပေးမယ်။ ပင်လယ်ကို တံတားခင်းပေးမယ်။ ငါမုန်းရင်တော့ ငရဲကိုတောင် ပြာကျအောင် မီးရှို့ ပစ်မယ်)*

*ကနောင်*

စာဆုံးသွားစဉ်၌ ဦးသိုက်ညို လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ

"မှိုင်းညို . . . ဘယ်မှာလဲ"

"အစ်ကိုလေး အုတ်ဖိုမှာပါ။ ဖိုးထောင်အသုဘအတွက် အလုပ် ရှုပ်နေပါတယ်"

"အမြန်သွားခေါ်ကြစမ်း"

ချက်ချင်းပင် မြင်းကို ဒုန်းစိုင်း၍ လူတစ်ယောက် ထွက်သွား သည်။ တစ်နာရီ ဝန်းကျင်လောက် ကြာပြီးသွားတော့ ခြံတွင်းသို့ မြင်း



www.burmeseclassic.com

www.burmeseclassic.com

နှစ်စီး ပြန်ဝင်လာ၏။ မှိုင်းညို ပါလာချေပြီ။ မြင်းပေါ်မှ ဆင်းဆင်းချင်း အစ်ကိုဖြစ်သူနား တိုးကပ်သွားတော့ . . .

"ဒါက ဘယ်လိုဖြစ်တာလဲ"

ပစ်ပေးလိုက်သော စာရွက်ကို ဖမ်းယူကြည့်ရှုပြီးသွားသည့်နောက် မှိုင်းညိုမျက်နှာ အရောင်တစ်ချက်ပြောင်းသွားပါသည်။ ပြီးတော့ ခြံတွင်းမှ ရပ်နေသူများကို တစ်ချက် အကဲခတ်ပြီး . . .

"အိမ်ထဲမှာပြောတာ ပိုကောင်းမယ်ထင်တယ် အစ်ကိုကြီး"

• • •

အိမ်ဝတွင် လူတွေ စုရုံးစုရုံးဖြစ်နေသည်။ ထိုအထဲမှ လူတစ်ယောက် အရဲကိုးကာ အိမ်တွင်းဝင်သွား၏။ ဝေလကိုမြင်တော့ ညီအစ်ကိုနှစ်ဦး ပြောစကားတို့ ရပ်တန့်သွားကာ . . .

"ဘာကိစ္စလဲ"

ဦးသိုက်ညို၏ မာထန်ထန်အမေးကို . . .

"အောင်တိုး . . . သတိရပါပြီ ဆရာကြီး။ အဲဒါကို လာအကြောင်းကြားတာပါ"

"ခေါ်လိုက် . . ."

မကြာခင်မှာ ဖူးညိုပြာယောင်နေသော လူတစ်ယောက် အိမ်တွင်း ခပ်ကုပ်ကုပ် ဝင်လာသည်။ သခင်နှစ်ဦးရှေ့ကိုရောက်တော့ ဒူးတုပ်ကာ အရိုအသေပေးသည်။

"ဘယ်လိုဖြစ်တာလဲ"

အစ်ကိုအစား မှိုင်းညိုက ဝင်မေးတော့ . . .

"ညက အစ်ကိုလေးအုတ်ဖိုက အပြန်မှာ ဖြစ်တာပါ"



"အကုန်ပြောစမ်း"

"ဒီလိုပါ . . .။ ဖိုးထောင်ကိစ္စတွေ လုပ်ပြီးတော့ ည (၈) နာရီ ထိုးပါပြီ။ ခြံထဲက အလုပ်တွေရှိသေးတာနဲ့ အုတ်ဖိုမှာ မအိပ်တော့ဘဲ ပြန်ခဲ့တာ။ လမ်းမှာ အတိုက်ခိုက်ခံလိုက်ရတယ်"

"ဘယ်နေရာမှာလဲ . . ."

"ဘယ်နှယောက်လဲ . . ."

မေးခွန်းနှစ်ခုက ပြိုင်တူလို ထွက်သွား၏။ အောင်တိုးက ခေါင်းငုံ့လျက်မှ ဦးသိုက်ညိုမေးခွန်းကို အရင်ဖြေပေးသည်။

"ကျွန်တော်တို့က သုံးယောက်ပါ။ သူတို့ကတော့ တော်တော်များတယ်။ ခုနစ်ယောက်၊ ရှစ်ယောက်လောက် ရှိမယ်ထင်တာပဲ။ နောက်ပြီး အားလုံးက မျက်နှာဖုံးတွေ စွပ်ထားပါတယ်။ အတိုက်ခံရတဲ့နေရာကတော့ အုတ်ဖိုနဲ့ ခြောက်သွေ့တောင်ကုန်းကြား လျှိုပြတ်ထဲမှာပါ။ ကျွန်တော်တို့မှာ ပြန်တိုက်စရာ လက်နက်မရှိလို့ သုံးယောက်လုံး အဖမ်းခံလိုက်ရတယ်။ ကျွန်တော်တို့ကို မျက်နှာဖုံးစွပ်ပြီး တစ်နေရာ ခေါ်သွားပါတယ်"

"ဘယ်နေရာလဲ"

"မျက်နှာဖုံးစွပ်ထားလို့ ဘယ်နေရာမှန်းမသိပါဘူး။ ပြီးတော့ ကျွန်တော်တို့ကို မေးခွန်းတွေမေးတယ်။ ပြန်မဖြေရင် ရိုက်တယ်"

"ဘာတွေမေးတာလဲ"

"ရှင်ယိုးမယ်ကို ဘယ်နားမှာ ဝှက်ထားလဲဆိုတာတွေပါ"

"ဟင် . . ."

ညီအစ်ကို နှစ်ဦးလုံး မျက်လုံးပြူးသွား၏။ မှိုင်းညိုက ကမန်းကတန်းပင် . . .

"မင်း . . . မင်း . . . ဘာပြန်ဖြေလိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်လုံးမှ မဖြေခဲ့ပါဘူး။ မဖြေတော့ ပိုရိုက်တယ်။ ကနောင်တို့ကို လိုက်ဖမ်းတဲ့အဖွဲ့ထဲမှာ ကျွန်တော်ပါတယ်ဆိုတာ သူတို့သိနေတယ်ထင်ပါတယ်။ ဟိုနှစ်ယောက်ကိုမမေးဘဲ ကျွန်တော့်ကိုပဲ အဓိကမေးတာပါ။ နောက်ဆုံး ကျွန်တော် သတိလစ်သွားတဲ့အထိပါပဲ"

"သူတို့တွေ ဘယ်သူဆိုတာ အရိပ်မြွက်လောက်တောင် မသိခဲ့ဘူးလား"

"တစ်ချိန်လုံး မျက်နှာဖုံး စွပ်ခံထားရလို့ ကျွန်တော် မသိခဲ့ပါဘူး"

"မင်းကိုပဲ ဒီကို ပြန်ပို့လိုက်တာဆိုတော့ ကျန်တဲ့နှစ်ယောက်က သူတို့ဆီမှာပေါ့"

"အဲ့ဒါလည်း ကျွန်တော် မသိပါဘူး"

ထိုစဉ်မှာပဲ ငြိမ်နားထောင်နေသော ဦးသိုက်ညိုက တစ်ခွန်းဝင်မေးသည်။

"သူတို့မေးသမျှ မင်း ပြန်မဖြေခဲ့ဘူးဆိုတာ သေချာလား"

"လုံးဝ သေချာပါတယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် စကားတစ်ခွန်းတောင် မဟခဲ့ဘူး"

ဦးသိုက်ညို မျက်နှာတွင် ကျေနပ်မှုတွေ ပေါ်သွားသည်။

"မင်း တော်တယ်"

လက်စွပ်တစ်ကွင်းကို ချွတ်ကာ အောင်တိုးထံ လှမ်းပစ်ပေး၏။

"သွားတော့ . . ."

အမိန့်စကားဆုံးတော့ လက်စွပ်လေးကို တယုတယ ယူရင်း အောင်တိုး နောက်လှည့်ထွက်သွားသည်။

"နေဦး . . ."

မှိုင်းညိုက လှမ်းခေါ်၍ . . .



"ရော့ . . . ဒီစာကို ဖတ်ကြည့်စမ်း။ မင်းအိတ်ထဲက တွေ့ထားတာ"

ကမ်းပေးသောစာကို တရိုတသေ ယူဖတ်မိစဉ်မှာပဲ မေးခွန်းတစ်ခု ထွက်လာသည်။

"ကနောင့်အသံကို မင်း ကြားဖူးတယ်မလား"

"ဟုတ်ကဲ့ . . . ကြားဖူးပါတယ်"

"ညက မင်းကို စစ်မေးတဲ့လူတွေထဲမှာ ကနောင်နဲ့အသံတူတာ ပါလား"

အောင်တိုး ခဏတာ တွေဝေသွားပါသည်။ ပြီးတော့မှ . . .

"မပါပါဘူး . . . ဒါပေမဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

## XXI

“ငါချစ်ရင် မိုးကို လှေကားထောင်ပေးမယ်၊ ပင်လယ်ကို တံတ
ခင်းပေးမယ်၊ ငါ မုန်းရင်တော့ ငရဲကိုတောင် ပြာကျအောင် မီးရှို့
မယ်။ အဲဒီစကားက မိုးထောင်မသေခင် ပြောသွားတဲ့စကားတွေမလာ

“ဟုတ်တယ်လေ”

“အဲဒါကို ဘာလို့ စာထဲမှာက . . .”

စည်သူ ရေချိုးနေလျက်မှ ခေါင်းရှုပ်သွားပါသည်။ ကိုကြီးမေ
ကတော့ ရေစပ်တွင်ထိုင်ပြီး ထုံးစံမပျက် ဆေးလိပ်ဖွာနေ၏။ တော
ကျချောင်းလေးတစ်ခုမှာဖြစ်သည်။ ရွာနှင့်ဝေးသော တောတွင်းမှ
ချောင်းလေးပါ။ ထိုချောင်းလေးက ရိုးမတွင်းမှစီးဆင်းကာ တစ်နေ
တွင် ပွေးလုကုန်းမှလာသော သဲချောင်းလေးနှင့် သွားဆုံသည်။

ကိုကြီးမောင်နဲ့ တွေ့ပြီးနောက်မှာ စည်သူ ရွာကို မပြန်ဖြစ်တော
ထင်ကျော်ကတော့ စိတ်ပူနေပေလိမ့်မည်။ မတတ်နိုင်ပါ။ လူဆိုသ
ကား စိတ်ဆောင်ရာလိုက်တတ်သော သတ္တဝါတစ်မျိုးပင် မဟုတ်ပါလာ

ကိုကြီးမောင်က တောထဲတွင် တစ်ယောက်တည်းနေသူဖြစ်
ယခု ရေဆင်းချိုးရာမှာလည်း ကိုကြီးမောင် နေထိုင်ရာပတ်ဝန်းကျ
တောင်ကျချောင်းလေးဖြစ်ပါသည်။



“အခု စာထည့်ပေးတဲ့လူကို ဘယ်သူလို့ ခင်ဗျားထင်လဲ”

“ကနောင်လို့ ရေးထားတာပဲလေ”

စည်သူ တအံ့တသြဖြစ်ကာ . . .

“ခင်ဗျား ယုံတယ်ပေါ့ . . .”

“အဲ့ဒီအတိုင်း တွေ့တာပဲ”

ကိုကြီးမောင်ကို အကဲခတ်ကြည့်မိ၏။ ပြုံးစလွယ်ပြောနေပေမဲ့ မျက်နှာက လေးနက်သောအသွင်ကို ဆောင်နေသည်။ ဆေးလိပ်ငွေ့တွေ ကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်ရင်း တစ်စုံတစ်ရာကို အကြိတ်အနယ် စဉ်း စားနေကြောင်း ထင်ရှားလှသည်။ အတော်ကြာအောင် ငြိမ်သက်သွား ပြီးကာမှ . . .

“ဘယ်သူရယ်လို့တော့ အတိအကျကြီး ပြောလို့မရဘူးကွ။ ဘာ ကြောင့်လဲဆိုတော့ ဦးသိုက်ညိုကို မကျေနပ်တဲ့လူတွေ ဒီနယ်တစ်ကြော မှာ အများကြီးပဲ။ သူတို့ ဒွေးပင်ရွာမှာကို ရှိတယ်။ အဲတော့ စာ ဘယ် သူပို့တာလဲဆိုတာ ပြောဖို့ခက်တယ်”

“ဒါပေမဲ့ စာအောက်ဆုံးစကားတွေက မိုးထောင် မသေခင်ပြော သွားတဲ့ စကားတွေလေ”

ကိုကြီးမောင်က ခေါင်းကို ဖြည်းဖြည်းယမ်းပြသည်။

“မင်းက အခုတစ်ခါပဲ ကြားဖူးလိုက်တာကိုး။ မိုးထောင်ရှေ့ က လူအချို့လည်း အဲဒီစကားပြောပြီး သေသွားဖူးတယ်”

“ဗျာ . . .”

“ဟုတ်တယ် . . . ငါသိသလောက်ပြောရရင် ငှက်ဖျားနဲ့သေ တဲ့ မိုးပိန်၊ ဝမ်းပျက်ပြီးသေတဲ့ ထွန်းခိုင်၊ သူတို့လည်း မိုးထောင် ကသေ တတမ်းပြောတဲ့စကားမျိုး ပြောပြီး သေသွားကြတာ”

ထွန်းခိုင်ကိုတော့ သူကောင်းကောင်းသိ၏။ ဒါပေ . . .



www.burmeseclassic.com

www.burmeseclassic.com

"ထွန်းခိုင်သေတော့ ကိုကြီးမောင် ကျွန်တော်တို့နဲ့ ခြောက်သွေ့တောင်ကုန်းမှာ အတူရှိနေတာပါ"

သဘောက ခြောက်သွေ့တောင်ကုန်းမှာ အတူရှိနေရက်နဲ့ ထွန်းခိုင် မသေခင်ပြောသွားသောစကားကို ဘယ်လိုသိလဲဟူသည့် အဓိပ္ပာယ်။ သူ၏စကားထောက်မှုကို ကိုကြီးမောင်က သဘောကျသလို ပြုံး၍ . .

"ဘာလဲ . . . မင်းက ထွန်းခိုင် ကယောင်ကတမ်းအော်တာကို သေခါနီးမှ ထင်လို့လား"

ဒီလိုဆိုတော့လည်း စည်သူ ပြန်မပြောနိုင်တော့ပါ။ ထွန်းခိုင် သတိလစ်၍ ဆေးခန်းရောက်မှသာ သူ ပထမဆုံး မြင်ဖူးခြင်းဖြစ်သည်။ ထိုအရင်နေ့တွေက ဘာတွေဖြစ်ခဲ့လဲ။ ထွန်းခိုင် ကယောင်ကတမ်းဖြင့် ဘာတွေအော်ခဲ့လဲ သူမသိ။

(၁၃) ယောက်လုံးကို လေ့လာနေသူမို့ ကိုကြီးမောင်စကားကို လက်ခံရမလိမ့်မည်။

"ကိုကြီးမောင်ပြောဖူးတဲ့ သေခါနီးလူတွေရဲ့ နှုတ်ထွက်စကားဆိုတာ အဲဒါကို ပြောတာလား"

"ဟုတ်တယ် . . . အဲ့ဒီစကားသုံးခွန်းကို ပြောတာ"

အထူးအဆန်းပါပင်။ အသက်သေခါနီး၌ ထိုစကားသုံးခွန်းကို ဘာကြောင့် တူညီစွာ ပြောရပါသလဲ။

အတွေးများစွာနှင့် စည်သူ ရေချိုးခြင်းအမှုကို အဆုံးသတ်လိုက်သည်။ တောင်ကျရေမို့ တစ်ကိုယ်လုံး စိမ့်အေးကာနေပြီ။ ထိုစဉ်မှာပဲ ရေဆန်မှမျောလာသော အရာအချို့။

"ဟင် . . ."

ကိုကြီးမောင် ဆတ်ခနဲ ခုန်ထသည်။

ပန်းပွင့်များ။



လတ်လတ်ဆတ်ဆတ် ခူးချိုးထားသော ပုံစံ။

သုံးပွင့်တိတိ၊ ရေစီးမှာ နိမ့်ချည်၊ မြင့်ချည်ပါလာသည်။

နှစ်ဦးသား ရေဆန်ကို အတိတ်စာပေနဲ့ မျှော်ကြည့်မိလိုက်၏။

• • •

ကိုကြီးမောင် လက်ကိုဆွဲကာ ခိုတက်လိုက်သည်။ ကမ်းပါးမှာ ...ည်ကြောင့် ကိုကြီးမောင်က အရင်တက်ပြီး သူ့ကို ဆွဲခေါ်ခြင်းဖြစ်...ည်။ သူတို့နှစ်ဦးရဲ့ ညာဘက်ခြမ်းဆီမှာ တသွင်သွင်စီးဆင်းနေသော ...င်ကျချောင်းလေး၊ မကြာခင်အချိန်က ထိုချောင်းလေးအထက်ပိုင်း ...ပန်းသုံးပွင့်မျောလာသည်။

ယခု သူတို့နှစ်ဦး ထိုပန်းသုံးပွင့်၏စတင်ရာကို လိုက်လံစုံစမ်း...င်းဖြစ်၏။ အထက်ပိုင်းဆီမှာ ဘယ်သူရှိနေလဲ။ လူဆိုးလား၊ လူ...င်းလား၊ သို့မဟုတ် မနက်ကဖတ်ခဲ့ရသော စာပါအတိုင်း ကနောင်...ား၊ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ သိထားဖို့လိုပါသည်။

မဟုတ်ပါက အောက်ဘက်ဆီတွင် နေထိုင်သော ကိုကြီးမောင်...ာ် စိုးရိမ်ရပါ၏။ စမ်းချောင်းဘေးမှသီကာ သစ်ပင်ချုံနွယ်များကို ...တွယ်ယူရင်း လျှောက်လာကြရာ ကွမ်းတစ်ရာညက် နီးနီးကြာ... . .

ရှေ့က သွားနေသူကိုကြီးမောင်မှာ ရုတ်တရက် ခြေလှမ်းကို ရပ်...ိုက်သည်။ ပြီး ရှေ့ကမ်းစပ်ကို လက်ညှိုးထိုး၍ . . .

"ဟိုမှာ ကြည့်စမ်း . . ."

လှမ်းကြည့်တော့ ကမ်းခြေသဲပြင်ပေါ်တွင် ခြေရာအချို့ကို တွေ့...အနီးကပ်သွားကြည့်တော့ လူ့ခြေရာများပါပင်။ ဒါပေမဲ့ လူ...များ



www.burmeseclassic.com

www.burmeseclassic.com

ကြီးရဲ့ ခြေရာမဟုတ်။ တစ်ဦးတည်း၏ ခြေရာ၊ ထိုခြေရာက ရေထဲ
တက်ကာ ကမ်းစပ်ကိုဖြတ်ပြီး တောတွင်းကို ဝင်သွား၏။

သူနဲ့ကိုကြီးမောင် တစ်ဦးကိုတစ်ဦး ကြည့်မိလိုက်သည်။
စားစရာမလိုပါ။ စပြီးမှတော့ ဆုံးအောင် သွားရပေတော့မည်။ ခြေ
ကိုကောက်ကာ တောတွင်းကို ဦးတည်လိုက်၏။

ခြေရာမှာ အပြားကြီးသည်ကြောင့် ယောကျ်ားတစ်ဦး၏ ခြေ
ဖြစ်ကြောင်း ခွဲခြားသိနိုင်သည်။ ဘယ်သူ့ခြေရာဆိုသည်ကတော့ ..

ပုန်းလျှိုးကွယ်လျှိုးဖြင့် ခြေရာကောက်လိုက်လာခဲ့ကြရာ နော
ထပ် ကွမ်းတစ်ရာညက်ခန့် ကြာပြီးသွားစဉ်မှာ . . .

"ဟာ . . ."

နှစ်ဦးသား မြေတွင်ဝပ်ပြီး ချောင်းမြောင်းတော့ . . .

ဝါးတဲလေးတစ်လုံး၊ တောင်ကမ်းပါးယံကို အမှီပြုပြီး တ
ဆောက်ထားသည်။ တော်တန်ရုံ သတိမထားမိနိုင်သောနေရာ။ မှ
များ၊ သစ်ခုတ်၊ ဝါးခုတ်သမားများပင် ရိပ်မိဖို့မလွယ်။

ဒါပေမဲ့ထိုဝါးတဲလေးတွင် လူတစ်ဦးတစ်ယောက်မှ ရှိမနေ
နောက်ထပ် ထူးခြားတာတစ်ခုက တဲရှေ့တွင် သက်န်းတစ်ထည် လှ...ဉ်း
ထားလေသည်။

ᨀ ᨀ ᨀ



# XXII

"ဒေါက် . . . ဒေါက် . . ."

"ဘယ်သူလဲ"

"ငါ . . . စည်သူ"

"ဟာ . . . ဟော့ကောင် . . . ခဏလေး"

အတွင်းဘက်ဆီမှ အပြေးလျှောက်လာသော ခြေသံကို ကြားရ

'ချောက်' ခနဲ မင်းတုံးကျသံ ထွက်လာပြီးနောက် တံခါးတစ်ချပ်
...သာ၏။ စည်သူ အထဲကို အမြန်ဝင်လိုက်သည်။ အိမ်တွင်းရောက်
...က်ချင်းပင် ထင်ကျော်က . . .

"ဘယ်လိုလုပ်ပြီး နောက်ဖေးက ရောက်လာတာလဲ"

"ရွာထဲမှာ အခြေအနေ ဘာတွေထူးခြားနေလဲ မသိတာနဲ့ နောက်
...ါက်ကပဲ ဝင်လာတာ။ ဘယ်လိုလဲ၊ ရွာမှာ ဘာတွေထူးခြားသေး

ထင်ကျော်က မီးအိမ်ကို မီးစာတင်သည်။ ဘက်ထရီမီးချောင်း
...မထား။

www.burmeseclassic.com

www.burmeseclassic.com

"တစ်ရွာလုံး ထိတ်လန့်နေကြတာက လွဲပြီး ဘာမှတော့ ထူးထူးခြားခြား မရှိပါဘူး။ ဒါပေမဲ့ မင်းကိုတော့ ဘယ်ပျောက်သွား ဆိုပြီး မေးနေကြတယ်။ သူကြီးတောင် လမ်းလျှောက်ရင်း ဆုံလို့ မင်း မေးနေသေးတယ်ကွ"

"ဟုတ်လား . . . မင်း ဘယ်လိုပြောလိုက်လဲ"

"ကျောက်ကြီးက တောတက်အဖွဲ့လာလို့ လိုက်သွားတယ် ထားတယ်"

"အေး . . . ကောင်းတယ်"

"မင်းတို့ရော . . . ဘာတွေ ထူးခြားသေးလဲ"

ထင်ကျော့်အမေးကိုတော့ စည်သူ တပိုဖွဲ့တစ်ဖွဲ့ ရှင်းပြ ပေတော့မည်။ ကနောင်တို့ ဇာတ်လမ်းကိုတော့ ကိုကြီးမောင်ဆီမှ သလောက် ထင်ကျော့်ကို ပြောပြထား၏။ ဒါကြောင့်လည်း နောက် တွဲသတင်းများကို ထင်ကျော် စိတ်ဝင်စားနေခြင်းဖြစ်ပါသည်။

"ပြောရရင်တော့ တော်တော်များတယ်ကွ။ ဖိုးထောင် ခင်ညကပဲ စရလိမ့်မယ်"

ထို့နောက်တော့ သူတို့နှစ်ဦး မှိုင်းညိုအုတ်ဖိုသို့ သွားရော စမ်းပုံ၊ နောက်နေ့မနက်၌ သုဘရာဇာနှင့် စကားပြောဆိုဖြစ်ပုံ၊ သွေ့တောင်ကုန်းအား သွားစောင့်ကြည့်ပုံ၊ မနက်ရောက်တော့ မြင် ကောင်နှင့် လူတစ်ယောက်ရောက်လာပုံ၊ ထိုလူ့အိတ်ထဲမှစာ။

ထိုစာကိုရပြီးနောက် တောတွင်း၌ ရေချိုးနေစဉ် တိုက်တိုက် ဆိုင် ပန်းသုံးပွင့် မျောလာခြင်း။ ရေဆန်သို့ ဆန်တက်ကြည့်ရာ ရသော ဝါးတဲလေးတစ်လုံး။ စတာတွေကို စီကာပတ်ကုံးပြောပြ၍ သတ်တော့ . . .

"ဒါဆို ဝါးတဲက ဘယ်သူမှ မရှိဘူးပေါ့"



"မရှိဘူး"

"စဉ်းစားစရာတော့ ကောင်းသားကွနော်။ ခြေရာလိုက်ယောက် ဆတ်ဆတ်နောက်ကို လိုက်သွားပြီး နေတဲ့နေရာရောက်မှ လူကို မတွေ့ရ ဘူးဆိုတော့ . . ."

"အေးကွာ . . . ငါတို့လည်း အဲဒါကိုပဲ အခဲမကြေဖြစ်နေတာ"

"ဒါမှမဟုတ် နောက်က မင်းတို့လိုက်လာတယ်ဆိုတာသိလို့ များ တမင်ရှောင်ထွက်သွားတာလား"

"ငါတို့လည်း အဲလိုထင်တာပဲ"

"သက်နှန်းလှန်းထားတာတွေ့တယ်ဆိုတော့ ဘုန်းကြီးများ ဖြစ် နေမလား"

"အဲလိုတော့ ဟုတ်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သင်္ကန်းသာ လှန်းထားတာ။ ဝါးတဲက လူနေဝါးတဲအစစ်ပဲ။ ကျောင်း သခမ်းနဲ့တူတာ ဘာမှမတွေ့ဘူး။ ငါတို့ သေချာကြည့်လာခဲ့တာ"

ထင်ကျော် ငြိမ်သွားပါ၏။ ပြီးတော့ သူ့ထင်မြင်မှုကို ပြောပြ သည်။

"မင်း ထင်သလို ကနောင်များဖြစ်နေမလားမသိဘူး"

"မသိပါဘူးကွာ။ နောက်တစ်ခေါက်တော့ ထပ်သွားကြည့်ရ မှာပဲ"

ထိုစဉ်မှာပဲ သူတို့အိမ်လေး၏ တောင်ဘက်အရပ်ဆီမှ ခွေးအူ သံများကို ကြားရသည်။ တစ်ကောင်၏စတင်မှုက ကြားရာအရပ်မှ ခွေး အားလုံးကို တပ်လှန့်လိုက်သလို ဖြစ်သွားစေပါသည်။

စည်သူနှင့် ထင်ကျော် တစ်ယောက်ကိုတစ်ယောက် ကြည့် ကာ . . .

"တစ်ရွာလုံး ထိတ်လန့်နေပါတယ်ဆိုမှ ပိုဆိုးကုန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကြောက်ရင် ပိုခြောက်တတ်တာ လောကဓမ္မတာပဲကွ။ အမှန်က သူတို့နဲ့ တစ်ပြားသားမှ ဆိုင်တာမဟုတ်ဘူး။ (၁၃) ယောက်နဲ့ပဲ ပတ်သက်တာ။ အဲဒါကို ဟိုက မကြောက်ရဘဲ မဆိုင်တဲ့လူတွေက ဝင်ကြောက်နေတယ်"

ဒီစကားကိုတော့ ထင်ကျော်က ဝင်ငြင်း၏။

"မဟုတ်ဘူး . . . ရွာသားတွေထက်ကို အခု သူတို့ပိုကြောက်နေကြပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျန်တဲ့ (၆) ယောက်ထဲက ဖိုးမောင်ဆိုတဲ့လူရဲ့ အခြေအနေကို ငါ ကောင်းကောင်းသိထားလို့ပဲ"

"ဖိုးမောင် . . ."

ရင်းနှီးထားသော နာမည်မို့ စည်သူနှုတ်မှ လွှတ်ခနဲထွက်သွားသည်။

"ဟုတ်တယ် . . . ငါ့ဆီ ဆေးခန်းလာပြတာ (၂) ရက်ရှိနေပြီ"

"ဘာ . . . ဘာဖြစ်လို့လဲ"

အလျင်စလို ထွက်သွားသော စည်သူ့အမေးကို . . .

"နာမည်တပ်လို့မရတဲ့ ရောဂါဆိုပါတော့ကွာ။ စားမဝင်၊ အိပ်မပျော်ဖြစ်ပြီး အလိုလို ကြောက်နေတဲ့ရောဂါ။ ဒီနေ့မနက် ပိုဆိုးတယ်။ စကားတောင် မေးလို့မရဘူး။ ငူငူငိုင်ငိုင်နဲ့ ထူးခြားတာက နှစ်ရက်အတွင်း ကိုယ်အလေးချိန် သိသိသာသာ ကျဆင်းသွားတယ်။ ငါ စမ်းသပ်ကြည့်တာတော့ ဘာရောဂါမှ မတွေ့ဘူး။ ဒါပေမဲ့ သူ့ကြည့်ရတာ ရောဂါကြီးကြီးမားမား တစ်ခုကို ကြိတ်မှိတ်ခံနေရသလိုပဲ"

စည်သူ တကယ်ပင် အံ့သြသွားမိပါသည်။ တိုက်တိုက်ဆိုင်ဆိုင် သူ့အစ်ကို ဖိုးထောင်သေတာပင် မကြာသေး။ ယခု ညီဖြစ်သူကပါ . . .



"မင်းဆီကို တစ်ယောက်တည်းလာတာလား"

"မဟုတ်ဘူး။ အဖော်တစ်ယောက်ပါတယ်။ နည်းနည်းလည်း သွားဆန်းတယ်ကွ။ ဆေးခန်းလာပြတဲ့ လူနာက ဖိုးမောင်တစ်ယောက်တည်းပေမဲ့ ပြန်တော့ သုံးယောက်စာ ဆေးဝယ်သွားတယ်။ ဘယ်လိုကြောင့်ရယ် မသိဘူး"

စဉ်းစားရပြန်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## XXIII

စင်္ကြံတွင် လမ်းလျှောက်နေရာမှ အပေါ်ထပ်မှ အသံအချို့ကြ... ၍ နားစွင့်လိုက်သည်။ အစ်ကိုကြီးအခန်းဆီမှ ထွက်လာခြင်းပါ။ ပ... လူးလွန့်လှုပ်ရှားသံတွေကို ကြားရ၏။ တအောင့်ကြာတော့ အခန်းတံ... ဖွင့်သံ ထွက်လာသည်။ ပြီးတော့ အပေါ်ထပ်ဧည့်ခန်းဆီမှ လမ်းလျှော... သံ။

အစ်ကိုကြီးလည်း သူ့လို အိပ်မရဘူး ထင်ပါသည်။ တစ်... လုံးက ညသန်းခေါင်တွင် တိတ်ဆိတ်လျက်ရှိနေသည်။ ခြံထဲက အ... သမားတွေကိုယ်စီ ကိုယ်စီအိပ်စက်နေကြပြီ။ သူတို့သာ . . .

မှိုင်းညိုအပေါ်ထပ်ကို တက်သွားလိုက်သည်။ လှေကားဆုံး... ထင်ထားသလိုပါပင်။ အစ်ကိုကြီး သိုက်ညိုမှာ ကြိမ်ကုလားထိုင်... တစ်လုံးပေါ်တွင် မျက်စိပျက်၊ မျက်နှာပျက်ဖြင့် ငူငူကြီးထိုင်နေသည်... ရှေ့စားပွဲပေါ်မှာက အရက်တစ်လုံးနှင့် ဖန်ခွက်တစ်ခွက်။

ဖန်ခွက်တွင်းမှာ အရက်တစ်ဝက်သာသာလောက် လောင်းထ... ထားသည်။

"အစ်ကိုကြီး . . . အိပ်မပျော်ဘူးလား"



သူ့ကိုမြင်တော့ ဦးသိုက်ညို ခေါင်းကို လေးပင်စွာယမ်းကာ ရှေ့မှ အရက်ခွက်ကို တစ်ကျိုက်တည်း မော့ချပစ်လိုက်၏။

"အိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးလာတာ"

အစ်ကိုဖြစ်သူ၏ စကားကြောင့် မှိုင်းညိုထိတ်လန့်သွားပြီး . .

"ဘာတွေမက်လို့လဲ"

"ဒီလိုပါပဲ . . ."

ခပ်ပေါ့ပေါ့အဖြေပေး၍ အရက်ကို နောက်တစ်ခွက်ထပ်သောက်သည်။ ပြီး ကုလားထိုင်ကို ကျောမှီကာ ရှေ့စားပွဲပေါ် ခြေထောက်တင်၍ . . .

"မင်းကရော . . ."

"ကျွန်တော်လည်း အိပ်မရလို့ လမ်းထလျှောက်ရင်း အပေါ်မှာ အစ်ကိုကြီးအသံ ကြားတာနဲ့တက်လာတာ"

"အောင်တိုး သောက်တဲ့ဆေး မသောက်ဘူးလား"

"သောက်တာပဲ။ ဒါပေမဲ့ ဘယ်လိုမှ အိပ်ချင်စိတ် မဖြစ်ဘူး။ အိပ်လည်းပျော်မှာ မဟုတ်ပါဘူးဗျာ။ အိပ်မရတဲ့ ညတွေများလို့ အိပ်ရမှာတောင် ကြောက်နေပြီ။ အစ်ကိုကြီးရော ဆေးမသောက်ဘူးလား"

"သောက်တယ် . . . တစ်မှေးပါပဲကွာ။ အိပ်မက်မက်ပြီး လန့်နိုးလာတာနဲ့ ဘယ်လိုမှ ဆက်အိပ်လို့မရတော့ဘူး"

ညီအစ်ကိုနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ကြည့်ပြီး စကားတို့ရပ်သွားသည်။ ဦးသိုက်ညိုက သက်ပြင်းတစ်ခုကို ချကာ . . .

"အေးကွာ . . . ငါတို့မှာမှ ဘာလို့လာဖြစ်ရတယ် မသိဘူး"

မှိုင်းညို တုံ့မပြန်ဖြစ်။ လောကဟူသည်က ရယူလိုလျှင် ပေးဆပ်ရတာ ဓမ္မတာပင်မဟုတ်ပါလား။ သူတို့က မပေးဆပ်ဘဲ ရယူခဲ့သည်။ ယခုတော့ ပေးဆပ်ဖို့အလှည့် ရောက်လို့လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းငိုက်စိုက်ကျနေသော ညီဖြစ်သူကို လှမ်းကြည့်ကာ . . .

"သောက်မှာမလား . . . ခွက်သွားယူလေ"

မှိုင်းညို ထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ နံရံကပ်မှန်ဘီရို တွင်းမှ ဖန်ခွက်တစ်လုံးကို ထုတ်ကာ စားပွဲတွင်ဝင်ထိုင်၏။ ဦးသိုက်ညို က ဖန်ခွက်တွင်းသို့ အရက်လောင်းထည့်ပေးပါသည်။ အချိန်ဆိုင်းမနေ တော့ဘဲ မှိုင်းညို မော့ချလိုက်သည်။

လည်ချောင်းတစ်လျှောက် ပူလောင်ပြင်းရှသော အရည်တွေ စီး ဆင်းသွားသည်။ ပြီးတော့ နောက်တစ်ခွက်၊ နှစ်ခွက် ဆင့်သောက်ပြီး ချိန်မှာ ခန္ဓာကိုယ်က ရှိန်းတိန်းတိန်းဖြစ်လာသည်။ ဆောက်တည်ရာမရ နေသောစိတ်တွေလည်း အနည်းငယ် တည်ငြိမ်လာသည်ထင်မိ၏။

တကယ်က တည်ငြိမ်လာခြင်းမဟုတ်။ ကိုယ့်ကိုယ်ကိုယ် လှည့် စားပစ်လိုက်တာပါ။ အရက်သောက်တော့ သွေးဆူလာသည်။ သွေးဆူ တော့ တုံ့ပြန်ရဲလာ၏။ ဒါပဲဖြစ်သည်။ တည်ငြိမ်စွာ တုံ့ပြန်တတ်အောင် မှ သူတို့ သင်ကြားထားခြင်း မရှိခဲ့တာလေ။

"ငါတို့ ဘယ်နှယောက်ကျန်လဲ"

"(၆) ယောက်"

"ဘယ်သူတွေလဲ"

"အစ်ကိုကြီးရယ်၊ ကျွန်တော်ရယ်၊ ဝေလ၊ အောင်တိုး၊ စောဖြူ နဲ့ ဖိုးမောင်တို့ပါ"

ဦးသိုက်ညို ငြိမ်သက်သွားပါသည်။ ရှေ့မှ အရက်ကို နောက် တစ်ခွက် ထပ်ငှဲ့သောက်သည်။ ပြီးတော့ . . .

"ဒီ (၆) ယောက်ထဲမှာ အခုအလှည့်က ဘယ်သူ့အလှည့်လို့ မင်းထင်လဲ"

"ဗျာ . . ."



မှိုင်းညို ကြောင်သွားပေမဲ့ အစ်ကိုဖြစ်သူကတော့ နောက်တစ် ခွန်း ထပ်မမေးပါ။ ထို့ကြောင့် သူထင်နေတာကို ပြောလိုက်သည်။

"ဖိုးမောင် . . ."

ဦးသိုက်ညို ပခုံးတွန့်ကာ . . .

"ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့ကွာ။ အဓိကက ငါတို့မဟုတ်ဖို့ အရေး ကြီးတာပဲ။ မဟုတ်ဘူးလား"

သူ့ကို တစ်ချက်လှမ်းကြည့်ကာ ဦးသိုက်ညိုက စကားဆက် သည်။

"တကယ်တော့ ဒီသီအိုရီက ရှင်းရှင်းလေးကွ။ မြေသုံးနေရာ ရှိတဲ့အတွက် ဘယ်လိုပဲဖြစ်ဖြစ် (၆) ယောက်မှာ နောက်ဆုံးကျန်တဲ့ (၃) ယောက်လွတ်မယ်။ အဲဒီ (၃) ယောက်သည် ငါတို့ပဲဖြစ်ရမယ်။ ဒါ ပဲ"

"ဒါပေမဲ့ ကျွန်တော်တို့ (၁၃) ယောက်လုံး အတူတူလုပ်ခဲ့တာ လေ"

"မှန်တယ်။ (၁၃) ယောက်လုံးလုပ်ခဲ့ပေမဲ့ သင်္ချိုင်းက လက်ခံ တာသည် အခုဆို (၃)ယောက်တည်း။ အဲဒီ (၃) ယောက် ပြီးသွားရင် ကျန်တဲ့လူတွေက အလိုလို လွတ်သွားလိမ့်မယ်။ အဲတော့ နောက်ဆုံး ကျန်တဲ့လူတွေဖြစ်အောင် လုပ်ရမယ်"

"ဘယ်လိုလုပ်မှာလဲ"

"ငါ့ကို ထပ်မေးပြန်ပြီ။ ကမ္ဘာမီးလောင် သားကောင်ချနင်းဆို တဲ့စကားကို မင်း မကြားဖူးဘူးလား။ ကမ္ဘာမီးလောင်မှတော့ ဘယ်လို သားကောင်မျိုးပဲဖြစ်နေဖြစ်နေ ချနင်းရမှာပဲ။ လွတ်မြောက်မှုတိုင်းမှာ ပိုက် ဆင့်တဲ့စတေးမှုဆိုတာ ရှိတယ်ကွ . . . ငါ့ညီရ"



www.burmeseclassic.com

www.burmeseclassic.com

မှိုင်းညို ငြိမ်သွားခဲ့ချေပြီ။ အစ်ကိုဖြစ်သူ၏ ဆိုလိုရင်းကိုလည်း သဘောပေါက်သွားခဲ့ပြီ။ မတတ်နိုင်တော့။ လူဟူသည်က ကိုယ့်ကိုယ်ကိုယ် အချစ်တတ်ဆုံး သတ္တဝါတစ်မျိုးပင် မဟုတ်ပါလား။ ကိုယ်နှင့်ယှဉ်လာလျှင် . . .

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဖိုးမောင်ကိုတော့ ငါတို့စာရင်းထဲ ထည့်စရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်က သူ့ကိစ္စနဲ့သူ သွားမယ့်လူ"

ဒါကိုလည်း နားလည်ပါသည်။ ကျန်သော (၆) ယောက်မှာ ဖိုးမောင်သည် အခြေအနေမကောင်း။ သူ့အစ်ကို ဖိုးထောင်သေပြီး နောက်နေ့ကစပြီး ငူငူငိုင်ငိုင်ဖြစ်ကာ အိပ်မပျော် စားမဝင်တော့။ တစ်ယောက်တည်းလည်း စကားတွေ ပြောနေတတ်သည်။

ထိုကဲ့သို့ ရောဂါဝင်ခြင်းသည် ဖိုးမောင်တစ်ယောက်တည်းပေလား၊ မဟုတ်။ ဖိုးမောင်အတွက် ဆရာဝန်ပေးလိုက်သောဆေးကို ခိုးသောက်နေသူအချို့လည်း ရှိပါသည်။ သူတို့က . . .

• • •

သိုက်ညိုနှင့် မှိုင်းညိုတို့လို စိတ်တွေ ယောက်ယက်ခတ်ကာ အိပ်မပျော်သူတစ်ဦးလည်း ရှိနေပါ၏။ သူကတော့ ခြံထောင့်သစ်ပင်ကြီး တစ်ပင်အောက်တွင် တစ်ယောက်တည်းထိုင်ကာ အရက်ဖြူကို ပုလင်းလိုက်မော့နေသည်။

တစ်ချိန်ကတော့ သူသည် ခက်ထန်မာကျောလွန်းသူတစ်ယောက်ဖြစ်၏။ သခင်နှစ်ပါး၏ လက်စွဲတော် ကျွန်ယုံကောင်းတစ်ဦး



သခင်လက်ညှိုးညွှန်ရာ ဓားစိုက်ပစ်ခဲ့သူ။

"ဝေလ"

သခင်နှစ်ပါးမှလွဲလျှင် တစ်ရွာလုံး သူ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရသည်။

ယခုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ဗိုးထောင်သေတာ (၆) ရက်မြောက် လာခဲ့သည်။ အစဉ်အလာအရ ရက်မလည်ခင် တစ်ယောက်သေရပေမည်။

“မနက်ဖြန်သည် ဘယ်သူ့အလှည့်လဲ”

# XXIV

“. . . ဒီနေ့လည်း ဘာမှမထူးခြားပါလား ကိုကြီးမောင်”

စည်သူ့စကားကို ကိုကြီးမောင်က မှင်သေသေဖြင့်သာ တုံ့ပြန် ... သူတို့နှစ်ဦး ချောင်းအထက်ပိုင်းဆီမှ ဝါးတဲလေးကို လာရောက် ...တာ (၄) ရက်တိတိ ရှိခဲ့ပြီ။ ယနေ့အထိ ထိုဝါးတဲလေးတွင် ...လူယောင် မမြင်ရသေး။

လူမနေတော့သည့် ဝါးတဲဟောင်းတစ်လုံးများလား၊ ထိုကဲ့သို့ ... ပြောရန်ခက်သည်။ အကြောင်းကား ဝါးတဲလေးတွင်းမှာ လူ့အသုံး ...ာင်ပစ္စည်းအချို့ ရှိနေသည်။ ဒါပေမဲ့ ထိုပစ္စည်းများမှာ ရက်တွေ ... တစ်ရက်ပြီးတစ်ရက် ကူးလာသည်။ ရွေ့လျားမှုမရှိ၊ နေရာမပြောင်း၊ ...က်။

တဲရှေ့တွင် လှန်းထားသော သင်္ကန်းမှာလည်း လေတွင် တဖျပ် ... နေ့ဘက်တွင် လူမနေဘဲ ညဘက်မှ ပြန်လာကြလားဟူသော စိတ် ... နှစ်ညတိုင်တိုင် လာစောင့်ကြည့်မိသေးသည်။ ထိုနှစ်ညလုံးတွင် ... ဝါးတဲသို့ရောက်လာသော လူရိပ်လူယောင်မတွေ့ရပါ။ ကြာတော့ ... စိတ်မရှည်ချင်တော့။ ကိုကြီးမောင်ကတော့ ဘာကြောင့်မှန်းမသိ ...သန်ကာ နေသည်။

www.burmeseclassic.com

ယခုလည်း ဝါးတဲ၏ အနောက်ဘက် တောင်ကမ်းပါးယံထ…
ဆီမှ ဝါးရုံတောတစ်ခုတွင်ထိုင်ကာ မမှိန်မသုန် ကြည့်ရှုနေသည်။ စည်း…
ကတော့ အသက်မဲ့နေသည့် ထိုဝါးတဲကို နေ့စဉ်ရက်ဆက် ကြည့်မ…
ချင်တော့။ ထို့ကြောင့် နောက်သို့လှန်ကာ မြေကြီးပေါ် လှဲချနေလို…
သည်။

မျက်လုံးမှိတ်တော့ ခေါင်းတွင်းမှာ စဉ်းစားစရာတွေ ပေါ်…
သည်။ ယနေ့သည် ဖိုးထောင်သေပြီး၍ (၇) ရက်မြောက်သောနေ့၊ အ…
အလာအရလောကကြီးထဲမှ တစ်ယောက်ထွက်ခွာပေးရမည်။ ယခုသ…
ဘယ်သူ့အလှည့်လဲ။ ထင်ကျော်၏ ပြောပြချက်အရ ဖိုးမောင် တော်…
အခြေအနေဆိုးနေသည်ဆို၏။ ဖိုးမောင်အလှည့်လား။

ဒါမှမဟုတ် . . .

ဖိုးမောင် လာပြတိုင်း ဆေးသုံးယောက်စာ ဝယ်သွားသည်…
လည်း ဆိုထား…၏။ ဖိုးမောင်ကဲ့သို့ပင် ရောဂါခံစားနေရသူများ ရှိ…
ပါသည်။ သူတို့များလား . . .

နောက်ပြီး အောင်တိုးအိတ်ကပ်တွင် ထည့်ပေးလိုက်သော…
ထိုစာကို ဘယ်သူရေးတာလဲ။ အောင်တိုးအား သတိလစ်လောက်အော…
ထိုးကြိတ်ရိုက်နှက်သူများကရော ဘယ်သူတွေလဲ။

မေးခွန်းပေါင်းများစွာ။ ထိုစဉ်မှာပဲ . . .

"ကျီ . . ."

ငှက်တစ်ကောင်၏ စူးရဲသောတွန်ကြူးသံအောက်မှာ ငှက်တ…
အုပ် ထပျံသွားသည်။ မျက်လုံးဖွင့်ကြည့်တော့ အောက်ဘက်ထောင့်…
မှာ မည်းမည်းသဏ္ဌာန်များကို မြင်ရ၏။ ဆတ်ခနဲ ထထိုင်တော့ ကို…
မောင်က မျက်ရိပ်ပြသည်။ သူတို့ရှေ့ တော်တော်ဝေးဝေးတွင် ငှက်တ…
အုပ် ယောက်ယက်ခတ်နေပါ၏။



ဒါသည် တောကောင်တစ်ကောင် (သို့) လူတစ်ယောက် ရောက်
…မှုကြောင့် သစ်ကိုင်းထက်နားနေသော ငှက်တွေ ထပျံကုန်ကြတာပါ။
…ကြောင်းမဲ့တော့မဟုတ်။ ခန့်မှန်းကြည့်ရသလောက် စမ်းချောင်းဘက်
…မှ ဖြစ်လောက်သည်။

သူတို့နှစ်ဦးသား ငြိမ်သက်သွားကြလေသည်။ တောကောင်ဆို
…ောင် ကိစ္စမရှိ။ လူဆိုလျှင်တော့ (၄) ရက်တိတိ အပင်ပန်းခံထားမှုတွေ
…ဆုံးသတ်တော့မည်။ ကိုကြီးမောင်က အသက်ပင် မရှူတော့သယောင်
…တဲရှေ့ဆီကို မမှတ်မသုန် စိုက်ကြည့်နေသည်။

ထိုစဉ်မှာပဲ ရိပ်ခနဲသဏ္ဌာန်တစ်ခု မြင်ကွင်းမှာ ပေါ်လာပြီး ချက်
…င်းပဲ ပြန်ပျောက်သွားသည်။ ကိုကြီးမောင် ဖင်ချထိုင်နေရာမှ ငုတ်တုတ်
…ြောင်းထိုင်သည်။

လူတစ်ယောက်။

သေချာသည်။ လုံးဝ လွဲမှားစရာမရှိ။ ဘယ်သူလဲ။ ဝါးတဲဆီ
…ဦးတည်လာနေသူသည် မည်သူဖြစ်မလဲ။ သစ်ပင်များနှင့် ကွယ်သွား
…ည်မို့ သေသေချာချာ မမြင်လိုက်ရ။ စည်သူ ရင်ခုန်လာပေပြီ။ ကိုကြီး
…ောင်ကို လှမ်းကြည့်တော့ စီးမိုးထားသော မြင်ကွင်းတစ်ခုမှလွဲ၍ ဘာမှ
…ု မပေါ်တော့ပါ။

ထိုခဏလေးမှာပဲ သစ်ပင်များအောက် ကွယ်ပျောက်သွားသူ
…ည် တဲရှေ့တွင် ဘွားခနဲပေါ်လာ၏။

"ဟာ . . . စောဖြူ . . ."

ကိုကြီးမောင် ဖင်ထိုင်ကျသွားတော့သည်။

ᨏ ᨏ ᨏ



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ည သန်းခေါင်တွင် . . .

ခြောက်သွေ့တောင်ကုန်း၌ မီးထတောက်သွားသည်

ကိုတော့ မည်သူမှ မသိလိုက် . . .



## XXV

"ခွပ် . . . ခွပ် . . . ခွပ် . . ."

မြင်းခွာသံများ စည်းချက်ညီညီ တစ်ချက်ချင်း ထွက်ပေါ်လာသည်။ သစ်ပင်မှ ငှက်မည်းတစ်အုပ် ခေါင်းငုံ့အစာစားနေရာမှ ခေါင်းထောင်ကြည့်၏။ မြင်းစီးလာသော လူနှစ်ယောက်ကို မြင်တော့ ထပျံသွားကြသည်။

မြင်းပေါ်မှ လူနှစ်ဦးကတော့ ဘာကိုမျှ ဂရုမစိုက်သည့်အလား တည်ငြိမ်စွာ မောင်းဝင်လာပါသည်။ ဇရပ်ရှေ့ကို ရောက်တော့ . . .

နှစ်ဦးလုံး မြင်းပေါ်ကဆင်းသည်။ တစ်ဦးက မြင်းနောက်မြီးတွင် ကန့်လန့်ဖြတ်တင်ထားသော ပိတ်ဖြူပတ်အလောင်းကို ထမ်းကာ ဇရပ်တွင်း လျှောက်ဝင်လာ၏။ အတွင်းကိုရောက်တော့ ဇရပ်ကြမ်းခင်းပေါ် အလောင်းကိုချပြီး . . .

"အစ်ကိုကြီးရေ . . . ကျွန်တော်တို့တော့ ကိုယ်တိုင်ကျင်းတူးပြီး မြှုပ်ရမယ်ထင်တယ်။ ပဋ္ဌာန်ကြီးကို မတွေ့ဘူး"

"ရှိပါ့ဗျာ . . . ထူးဆန်းလွန်းလို့ ကြည့်နေတာ"

အသံနှင့်အတူ ဇရပ်ခေါင်မိုးစွန်းပေါ်မှ ခုန်ဆင်းလာသူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

"ပဋ္ဌာန်ကြီး"

"မှန်သပ။ ဒီနေ့မနက်တော့ မိုးရွာမယ်ထင်တယ်ဗျို့။ သိုက်ည မှိုင်းညို့ ညီအစ်ကိုနှစ်ယောက် ကျုပ်သချိုင်းကို လာဖူးတယ်ဆိုပြီး ကျ တော့ တစ်သက်လုံး ဂုဏ်ယူနေရတော့မှာပဲ"

ရီထွေထွေပြောလိုက်ပေမဲ့ ဇက်ဇက်ကြဲ ညီအစ်ကိုနှစ်ဦးမှာ အ မှုမတုံ့ပြန်ချေ။

"ဦးသိုက်ညိုကိုယ်တိုင် လာချတဲ့အလောင်းဆိုတော့ နယ်န ရရတော့ ဟုတ်မယ်မထင်ဘူး။ မှန်းစမ်း . . . ဘယ်သူလဲ ကြည့်ရ အော

ဖုံးအုပ်ထားသော ပိတ်ဖြူကို လက်လှမ်းတော့ မှိုင်းညို့က ခနဲ လှမ်းဆွဲသည်။ ဒါပေမဲ့ . . .

"ကြည့်ပါစေ . . ."

ဦးသိုက်ညို့ နှုတ်ထွက်စကားကြောင့် ညီဖြစ်သူက ဖမ်းဆွဲထ သော လက်ကို ရုတ်သည်။ ပဋ္ဌာန်ကြီးမှာ အလောင်း၏မျက်နှာဆီမှ အ ထားသော ပိတ်ဖြူကို လှန်ကြည့်လိုက်ရာဝယ် . . .

"အလို . . . အောင်တိုးပါလား။ မျက်နှာတစ်ခုလုံးလည်း နှမ်းလို့။ ဘယ်လိုဖြစ်တာလဲ"

"ပိုးထိတာ"

"ဟင် . . ."

"ဟုတ်တယ် . . . ညက အောင်တိုး ပိုးထိသွားလို့ ဒီနေ့မန သင်္ချိုင်းလာပို့ပေးတာ"

ပဋ္ဌာန်ကြီးက မသိမသာ နှုတ်ခမ်းကိုမဲ့သည်။

"ကဲ . . . ပဋ္ဌာန်ကြီး မင်းအလုပ် မင်းလုပ်ပေတော့။ ရော့ . . . ဒီမှာ မင်းအတွက်"

မှိုင်းညို့က အင်္ကျီအတွင်းဘက်ထဲမှ ငွေစအချို့ကို ထုတ်



ဋ္ဌာန်ကြီးဆီ ပစ်ပေးသည်။ ငွေထုတ်မှာ 'ဘုန်း'ခနဲ အုတ်ကြမ်းခင်းပေါ ကျသွား၏။ ပဋ္ဌာန်ကြီးက ငွေထုတ်ကို တစ်ချက်မျှပင် လှည့်မကြည့်ဘဲ အလောင်း၏ ခေါင်းရင်းဘက်မှာ ဝင်ထိုင်သည်။

ပြီး ခါးကြားမှ အရက်ပုလင်းကိုထုတ်ကာ တစ်ငုံငုံ၍ . . .

"ဟုတ်ပြီလေ . . . ကျုပ် ကျင်းတူးပြီး မြုပ်လိုက်ပါ့မယ်"

စိတ်မပါသလို ပြော၍ ဇရပ်တိုင်ကိုမှီကာ အရက်သောက်နေ ိုက်သည်။ သိုက်ညိုတို့နှစ်ဦးမှာတော့ ပဋ္ဌာန်ကြီးကိုကြည့်ပြီး လက် ားနေပေလိမ့်မည်။ ပဋ္ဌာန်ကြီးကလည်း သူတို့ညီအစ်ကိုနှစ်ဦးကို က်မျှပင် မလုပ်ပါ။ သေမထူး နေမထူးဆိုပေမဲ့ အရင်လို ထင်တိုင်း ၍ မရပါ။

ယခုကိစ္စသည် ပဋ္ဌာန်ကြီးနဲ့ ဘာမှသက်ဆိုင်သည် မဟုတ်ပါ ား။ ပြီးတော့ သူတို့စိတ်တွေ ရှုပ်ထွေးနောက်ကျိလွန်းလှပြီ။

"ခင်ဗျားတို့ မပြန်ကြသေးဘူးလား"

သူ့ကိုကြည့်ကာ ရပ်နေသော ညီအစ်ကိုနှစ်ဦးကို နားမလည် မေးလိုက်တော့ . . .

"မင်း . . . အလောင်းမြုပ်တာကို စောင့်နေတာ"

မှိုင်းညို့က ခပ်မာမာဆို၏။

"အာ . . . ကျုပ်က အခု မလုပ်သေးဘူး။ တစ်ရေးလောက် ိပ်ဦးမှာ။ နိုးမှ သူ့ကို သင်္ဂြိုဟ်မှာ"

အလောင်းကို လက်ညှိုးထိုးပြောသော ပဋ္ဌာန်ကြီး၏ စကား . . .

"အခု သင်္ဂြိုဟ်လိုက်"

ဦးသိုက်ညို၏ အမိန့်သံက ကျယ်လောင်စွာ ထွက်သွားသည်။

"အဲဒါ ခက်တာပဲဗျ။ ကျုပ်က အလုပ်ချိန်နဲ့ အနားယူချိန်ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ကန့်စီ ခွဲထားတယ်။ အခုက အလုပ်ချိန် မဟုတ်သေးဘူး။ အ
ယူချိန်၊ အလုပ်ချိန်ရောက်ဖို့ နည်းနည်းစောနေသေးတယ်။ အဲတော့
ခင်ဗျားတို့ ပြန်လိုက်ပါ။ အလုပ်ချိန်ရောက်ရင် ကျုပ်ထပြီး သူ့ကို သ
လိုက်မယ်"

ဦးသိုက်ညိုကျောမှဆောင်စားမှာ 'ချွမ်'ခနဲမြည်ရင်း အပြင်ရော
လာသည်။ ပြီးတော့ ဓားသွားက ပဒ္ဒါန်ကြီးလည်ကုပ်ပေါ် တင်သွား

ပဒ္ဒါန်ကြီးမှာ ပခုံးကို တစ်ချက်တွန့်၍ . . .

"ကောင်းပြီလေ . . . အခုလုပ်တာပေါ့"

ဘာပဲပြောပြော၊ မြေတစ်နေရာစာလျော့သွားသလို ဦးသိုက်
လက်စွဲတော်တစ်ယောက်လည်း ပျောက်ကွယ်သွားရသည်။ ဘယ်
လက်ချက်ဆိုသည်ကတော့ . . .

နောက်တစ်နေ့မှာပဲ ဦးသိုက်ညို တပည့်အချို့ ထပ်မံပျော
ကွယ်သွားပါသည်။ အကြောင်းရင်းမှာကား . . .

• • •

မောင်းသူမဲ့သော နွားလှည်းလေးတစ်စီး ဒွေးပင်ရွာထိပ်မှ
ရွာတွင်းသို့ တရွေ့ရွေ့ ဝင်ရောက်လာပါသည်။ မောင်းသူမပါပေမဲ့
နှစ်ကောင်က အားလုံးကို သိနေသည့်အလား အလိုရှိရာအရပ်ကို ဦးတ
သွားနေသည်။

လမ်းတွင်ဆုံသူများက ထိုနွားလှည်းကို တအံ့တဩ ဝိုင်းကြ
ကြသည်။ တချို့လည်း မောင်းသူမပါသည်မို့ လမ်းပေါ်အထူးအဆ
ထွက်ကြည့်ပါသည်။ သိနေသူများကတော့ . . .

"ဟာ . . . ဒါ ဦးသိုက်ညိုအိမ်က နွားလှည်းပဲ။ ဘယ်လို



ပြီး . . ."

"ဦးသိုက်ညိုတို့တော့ ဘာဖြစ်ပြန်ပြီ မသိဘူးဟေ့။ လှည်းပဲပြန်
ရောက်လာတယ်။ လူမတွေ့တော့ဘူး"

"ဦးသိုက်ညို ပါသွားလို့လား"

မိန်းမတစ်ဦး၏အမေးကို . . .

"မနက်ကတော့ လှည်းပေါ်မှာ မတွေ့လိုက်ဘူး။ သူ့တပည့်
တွေပဲတွေ့တယ်"

"ဟုတ်လား . . . ဘာသတင်းတွေ ကြားရဦးမလဲမသိဘူး"

တစ်ယောက်တစ်ပေါက် ဆူညံနေစဉ်မှာပဲ နွားလှည်းမှာ ဦးသိုက်
ညို ခြံဝန်းကြီးရှိရာအရပ်ကို ချိုးကွေ့သွားသည်။ နွားများ ကိုယ့်အိမ်ကိုယ်
မှတ်မိနေလို့သာ တော်သေး၏။ မောင်းသူမပါပေမဲ့ အခက်အခဲမရှိ ရွာ
ပြန်ရောက်လာသည်။

ခြံတွင်းဝင်လာသော နွားလှည်းကိုကြည့်ပြီး မှိုင်းညို မျက်မှောင်
ကြုတ်သွားသည်။ မောင်းသူမပါဘဲ ဘယ်လိုပြန်ရောက်လာပါသနည်း။
နွားနှစ်ကောင်ကတော့ ကိုယ့်အိမ်ကိုယ်မြင်ပြီး သွက်သွက်လှမ်းချလာ
သည်။

မနက်ကတင် တစ်ဖက်ရွာ ကြွေးသွားတောင်းရန် လှည်းပေါ်
လူလေးယောက်တင်ပြီး သူကိုယ်တိုင် လွှတ်လိုက်တာပါ။ သူတို့တွေ ဘယ်
မှာဆင်းနေခဲ့လို့ လှည်းက ဒီအတိုင်း ပြန်ရောက်လာတာနည်း။

"ဟေ့ကောင်တွေ . . . လှည်းကို တားထားစမ်း"

မှိုင်းညိုစကားကြောင့် ခြံတွင်းမှာ လူအချို့ လှည်းဆီ ပြေးသွား
ကာ ရှေ့မှ ပိတ်ရပ်လိုက်ကြသည်။ နှစ်ယောက်က နဖားကြိုးကို ဆွဲ
ထိန်းထားသည်။ လှည်းဆီ အလျင်အမြန်သွားကာ ကြည့်မိ . . .

လူပါမလာတာကလွဲပြီး ထူးခြားမှုမရှိပါ။ ဒါပေမဲ့ လှည်းဦးအောင်



www.burmeseclassic.com

www.burmeseclassic.com

ညှပ်ထားသော စာတစ်စောင်။ မှိုင်းညို ဖြုတ်ယူကြည့်လိုက်ရာ . . .

ဦးသိုက်ညို

*ခင်ဗျားအပြစ်တွေကို အမြန်ဆုံး ဝန်ခံပါ။ မဟုတ်ရင် ခင်ဗျား လူတွေ တစ်ယောက်ပြီးတစ်ယောက် မရဏာလမ်းကို လိုက်ရလိမ့်မယ်။ အားလုံးရဲ့အဆုံးသတ်မှာ ခင်ဗျားအလှည့်ပဲ။*

*(ငါချစ်ရင် မိုးကို လှေကားထောင်ပေးမယ်။ ပင်လယ်ကို တံတား ခင်းပေးမယ်။ ငါမုန်းရင်တော့ ငရဲကိုတောင် ပြာကျအောင် မီးရှို့ပစ်မယ်)*

*ကနောင်*

"တောက် . . ."

မှိုင်းညို၏ တောက်ခတ်သံဆုံးတော့ . . .

"ငါ့ဆီယူခဲ့စမ်း"

အိမ်ဝမှ ဩဇာသံတစ်ရပ် ထွက်လာသည်။ ဦးသိုက်ညိုကို တွေ့တော့ ခြံထဲမှ တပည့်အပေါင်းတို့ ဦးညွတ်အရိုအသေပေးကြသည်။ မှိုင်းညို အစ်ကိုဖြစ်သူထံ အလျင်အမြန် လျှောက်သွားလိုက်၏။ အနီးရောက်စဉ် ကိုယ်ကိုကိုင်းကာ လက်တွင်းမှစာကို တရိုတသေပေးသည်။

စာဆုံးသွားစဉ်၌ အံကိုတင်းတင်းကြိတ်ရင်း မာထန်သောအမိန့် တစ်ရပ် ထွက်လာတော့သည်။

"လူ အမြန်စုစမ်း"

ထို့နောက်မှာတော့ ခြံဝန်းကြီးတစ်ခုလုံး လှုပ်ရှားသွားတော့သည်။ ခေါင်းလောင်းသံတွေ နေရာအနှံ့ဆီမှ ထွက်လာသည်။ ခေါင်းလောင်းသံကြားတော့ အသီးသီးသော ရဲဘော်ရဲဘက်များ နေရာအနှံ့ဆီမှ အိမ်ရှေ့ရောက်လာတော့၏။ ခဏအတွင်းပင် အိမ်ကြီးရှေ့၌ လူစုလူဝေး တစ်ရပ်ဖြစ်သွားသည်။

သခင်နှစ်ပါး၏မျက်နှာကိုကြည့်ပြီး အကုန်လုံး စိုးထိတ်နေကြ၏။ ဒါပေမဲ့ ကျွန်ယုံကောင်းများ ပီသကြပါသည်။ မည်မျှထိအောင် စိတ်ဓာတ်တွေ ရိုက်သွင်းပေးထားသည်မသိ၊ အားလုံး၏ပုံစံက ဦးသိုက်ညို ရှင်ဆိုရှင်၊ သေဆိုသေ။ ပြီးတော့ ဦးသိုက်ညို အမိန့်တည်ရာ အကုန်ဖြစ်စေမည့် လူစားများ။

တပည့်အားလုံး၏ရှေ့တွင်ရပ်ရင်း ဦးသိုက်ညို အမိန့်ချသည်။ အစီကက ပျောက်ဆုံးသွားသော အပေါင်းဖော်များကို မတွေ့တွေ့အောင် ရှာကြရန်၊ ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားဟူသမျှကို ပြတ်သားစွာ ရှင်းလင်းရန်၊ ပြီးတော့ ရန်ငြိုးဖွဲ့တိုက်ခိုက်နေသူ လူတစ်စုကို အမြန်ဆုံး ရှာဖွေဖော်ထုတ်၍ တူညီစွာ တုံ့ပြန်ရန်။

ပြင်းထန်သော အမိန့်သံအောက်မှာ အာလုံးသည် သွေးဆူလှုပ်ရှားကုန်ကြပြီ။ ဒါပေမဲ့ ထိုလူများနှင့် လုံးလုံးမသက်ဆိုင်သော တပည့် တစ်ဦးလည်း ဦးသိုက်ညိုခြံထဲတွင် ရှိနေပါသည်။

သူက . . .

• • •

"ဟော့ကောင် . . . ဖိုးမောင်၊ ဆရာကြီး အမိန့်ပေးပြီးသွားပြီ။ မင်း ငါတို့နဲ့ ရိုးမထဲကို လိုက်ရမယ်"

"ဘာလုပ်ဖို့လဲ"

"ပျောက်သွားတဲ့လူတွေကို လိုက်ရှာဖို့"

"ငါ မလိုက်နိုင်ဘူး"

"ဘာကွ . . ."

www.burmeseclassic.com

www.burmeseclassic.com

ဖိုးမောင်စကားကြောင့် လာခေါ်သူမှာ ကြောင်သွားသည်။
ပတ်ဝန်းကျင်ကို ကျော့မလုံသလို ကြည့်ကာ . . .

"မင်း ဘာစကားပြောတာလဲ၊ သေချင်လို့လား။ အခုက ဆ
ကြီးကိုယ်တိုင် အမိန့်ပေးတာ"

ဖိုးမောင်က မျက်ကွင်းဟောက်ပက်ကို အတင်းပြူးကာ
ထပ်ကပ် ရယ်သည်။

"သေချင်လို့လား . . . ဟုတ်လား။ ဟား . . . ဟား . . .
မှာပါကွာ၊ ဘယ်သူမှ သတ်စရာမလိုပါဘူး၊ အလိုလိုသေမှာပါ။ ဟား
ဟား . . . ဟား . . ."

"ဟေ့ကောင် . . . မင်း ဘာတွေပြောနေတာလဲ"

ဖိုးမောင်ပုံစံကို ကြည့်ကာ ခပ်အုပ်အုပ်ဆိုသည်။ သို့သော်
မရတော့ပါ။ ဘာကို သဘောကျမှန်းမသိ။ အတောမသတ်စွာ ဖိုး
ရယ်နေသည်။ ပြီးတော့ ရယ်ရင်းနဲ့ မျက်ရည်တွေကျလာသည်။ ဖိုး
ကိုကြည့်ရတာ မူမှန်မဟုတ်တော့။

ပါးထင်၊ နားထင်များ ကျကာ မျက်ကွင်းဟောက်ပက်။ မျက်
က ကလယ်ကလယ်။ နောက်ပြီး သောက်ထားသော ဆေးရှိန်များနဲ့
က ရီဝေဝေ။ အစာမစားသဖြင့် ခန္ဓာကိုယ်က ချွတ်ခြုံကျကာ နှုတ်
တွေ ဖြူဖျော့လို့ . . .

"ငါ မလိုက်နိုင်ဘူးလို့ ဆရာကြီးကို ပြောလိုက်"

"ဟာ . . . အဲလိုသွားပြောလို့ ဘယ်ဖြစ်မလဲ"

"ဖြစ်တယ် . . . ငါမလိုက်နိုင်ဘူး၊ ငါ့မှာ အလုပ်ရှိသေးတာ

"ဘာအလုပ်လဲ . . ."

"ကြိုးကျစ်ရဦးမယ်"

"ဟင် . . ."

လာခေါ်သူမှာ ကြောင်သွားသည်။ ယခုမှ ဖိုးမောင်မှာ တစ်



ခုအား သတိရသလို တဲတွင်း ပြေးဝင်သွားပါ၏။ ဒယိမ်းဒယိုင်ဖြင့်
ထွက်လာတော့ လက်ထဲမှာ ကျစ်လက်စကြိုးတစ်ထုံး ပါလာသည်။
နေရာတွင်ထိုင်ကာ ဘာမှမသိတော့သည့်အလား ကြိုးကျစ်နေတော့
။

ကြိုးကျစ်နေရင်းနဲ့ ဖိုးမောင် မျက်ရည်တွေ ကျလာသည်။ တစ်
ထိုပြီးတစ်ပေါက် . . .

ပြီးတော့ သူ့နှုတ်မှ ငိုသံနှောသော စကားတွေ ထွက်လာ၏။

"ကျွန်တော် လုပ်နေပါတယ် . . . အစ်ကိုရဲ့။ အစ်ကို့ဆီ ကျွန်
တ် ရောက်အောင်လာမှာပါ။ ခဏလေးနော် . . . သိပ်မကြာတော့ဘူး၊
လား။ ဒီမှာ ကြိုးကျစ်လို့ ပြီးတော့မယ်။ ပြီးတာနဲ့ အစ်ကို့ဆီ လာခဲ့
ယ်နော်။ ဘယ်မှ သွားမနေနဲ့ဦး။ ကျွန်တော်ရောက်မှ တို့တွေညီအစ်ကို
ယောက် အမေ့ဆီ သွားကြမယ်နော်"

ဖိုးမောင်မှာ ဘာတွေမှန်းမသိ ပြောရင်းနဲ့ မျက်ရည်တွေ စီးကျ
သည်။ သို့ပေမဲ့ လက်ထဲက ကြိုးစကိုတော့ မရပ်။ ကြိုးသုံးစကို
ချောင်းစီထိုးကာ ကျစ်နေဆဲ။

"ဟင် . . . ဘာလဲ၊ အစ်ကို ဘာပြောတာလဲ။ ခြော် . . .
စ်ချပါ . . . အစ်ကိုရဲ့။ ကျွန်တော် တောင်းပန်လာမှာပါ။ စိတ်ချ . .
ကို့အတွက်ပါ တောင်းပန်လာခဲ့မယ်။ တောင်းပန်ရင်တော့ သူတို့တွေ
လွှတ်ပေးမှာပါ။ အဲလိုဆို အစ်ကို ပူမှာမဟုတ်တော့ဘူး"

ဖိုးမောင်ကိုကြည့်ကာ လူတစ်ယောက် ခေါင်းယမ်းထွက်ခွာသွား
သည်။



www.burmeseclassic.com

www.burmeseclassic.com

# XXVI

လခြမ်းကွေးကွေးလေးက ညသဏ္ဍာန် မစို့မပို့ ထင်ရှားပေးထား ပါသည်။ ဘာလိုလိုနဲ့ လမိုက်ညတို့ ကျော်လွန်ပြီး လဆန်းရက်သို့ ရောက်လာခဲ့ပြီ။ လရောင်ရှိလို့သာ တော်သေး၏။ မဟုတ်ပါက ညမှောင် ညတာ တောထဲ လမ်းလျှောက်ထွက်ဖို့မလွယ်။

လမ်းလျှောက်ထွက်ခြင်း မဟုတ်ပေမဲ့ စည်သူနှင့် ကိုကြီးမောင် မှာ တစ်နေရာသို့ ဦးတည်သွားနေသည်။ လရောင်မှိန်မှိန်ကို အားပြု သူတို့သွားနေသော နေရာက မှိုင်းညိုအုတ်ဖို၊ ပထမ ဒွေးပင်ကိုသွားရ ဖြစ်ပေမဲ့ အုတ်ဖိုသို့သွားရောက်လိုသော ကိုကြီးမောင်ဆန္ဒကြောင့် ဦးတည် ချက် ပြောင်းလဲလိုက်ရခြင်းဖြစ်ပါ၏။

မနေ့က အောင်တိုး ပိုးထိ၍သေသွားသည်ဟု သတင်းရခဲ့သည်။ ထိုသတင်း ထွက်လာပြီးနောက်မှာ တစ်ရွာလုံး ပွက်ပွက်ညံသွားသည် ဆို၏။ အောင်တိုး ပိုးထိသေဆုံးသွားခြင်းအပေါ် မသင်္ကာသူများရှိသလို အချို့ကလည်း ပိုးထိခြင်းမဟုတ်ဘဲ ဦးသိုက်ညိုလက်ချက်ဟု တထစ် ယုံကြည်ထားသူများလည်း ရှိသည်။



ဒါပေမဲ့ သက်သေမရှိသည့်အပြင် ဦးသိုက်ညိုကို ကြောက်နေရ သော လူအပေါင်းပေမို့ ထိုကိစ္စကို အကျယ်တဝင့် မလုပ်ရဲ။ ပြီးတော့ သနေ့မနက်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ဦးသိုက်ညိုလူများ ပြန်ပေးဆွဲ ခံရသည် ဆိုပါ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ဦးသိုက်ညိုမှာ တရားခံအား အသည်းအသန် ရှာဖွေနေသည်ဆို၏။

ဦးသိုက်ညိုတပည့်အပေါင်းတို့ တစ်ရွာဝင်တစ်ရွာထွက် စုံစမ်း သော တချို့လည်း ရိုးမတွင်း တောနင်းရှာကြသည်ပြောသည်။

ထို့ကြောင့် ပြောင်းလဲရှုပ်ထွေးနေသော အခြေအနေများကို သိ ရှိရန် သူနှင့် ကိုကြီးမောင် ဒွေးပင်ကို ဆင်းခဲ့ခြင်းပါ။ နောက်ပြီး သူတို့ ဆီမှာလည်း အံ့သြဖွယ်သတင်းတစ်ပုဒ် ရှိနေသည်။ ထိုသတင်းကိုကြား ပါက ထင်ကျော် သေချာပေါက် အံ့သြသွားလိမ့်မည်။ သိုက်ညိုနှင့် မှိုင်းညို တို့ဆီရောက်ပါက ချက်ချင်း လိုက်ပို့နိုင်းပါလိမ့်မည်။

စောဖြူကို တွေ့ပြီဆိုသော သတင်း။

တွေ့တော့ တွေ့ခဲ့ပါသည်။ ဒါပေမဲ့ သူတို့ပင် အချိန်ပိုင်းမျှ တွေ့ခဲ့ခြင်းပါ။ ဝါးတဲလေးသို့ ရောက်လာသော စောဖြူသည် ထိုနေ့ည နေပိုင်းမှာပင် လှန်းထားသော သင်္ကန်းတစ်စုံကို ပိုက်ပြီး ပြန်သွားခဲ့သည်။ စည်သူတို့နှစ်ဦး နောက်မှလိုက်ကြည့်ပေမဲ့ စမ်းချောင်းလေးအလွန်၌ စောဖြူ ကို မျက်ခြည်ပြတ်သွားခဲ့၏။

ထို့နောက်ပိုင်း စောဖြူကို ထပ်မတွေ့ရတော့။ ဒါပေမဲ့ ထင်ကျော် ကိုတော့ အသေအချာ ပြောပြထားရပါမည်။ အကြောင်းကား ရှိ၏။ ဒီလိုနှင့် လရောင်ကို အားပြုလျှောက်လှမ်းလာသော စည်သူနှင့် ကိုကြီး မောင်မှာ အုတ်ဖိုအနီးတစ်ဝိုက်သို့ ချင်းနင်းဝင်ရောက်လာပါတော့သည်။

အုတ်ဖိုကြီးက သူမတူအောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ ၏။ မီးရောင်လဲ့လဲ့ မမြင်ရသလို အရင်လို ဆူပူသံများကိုလည်း မကြား



www.burmeseclassic.com

www.burmeseclassic.com

ရ။ အလုပ်သမားတန်းလျား နှစ်ခုလုံးပင် မှောင်မဲလျက်ရှိနေသည်။ အိပ်ပျော်နေကြတာလား။ အချိန်တော့ စောနေသေးသည်။ အိပ်တာမဖြစ်နိုင်သေး။ ဒါဆို . . .

နေလှန်းအုတ်များ၊ ထင်းချောင်းများ၊ တစ်လုံးမှ မထုတ်ယူရသေးသော ကျက်ပြီးသား အုတ်ဖိုကြီးတစ်ဖို၊ ထိုအရာတွေကတော့ ပုံစံမပျက် ရှိနေပါသည်။ ကိုကြီးမောင်က အရင်လမ်းကြောင်းအတိုင်း အလုပ်သမားတန်းလျားဆီ တိုးကပ်သွား၏။ တန်းလျားနှစ်ခုလုံး လူတစ်ဦးမှမရှိဘဲ တံခါးပိတ်ထားသည်ကို တွေ့ရသည်။ မှိုင်းညို့သစ်လုံးတဲမှာလည်း လူသူကင်းမဲ့ကာ တံခါးပိတ်လျက်။

သေချာပေပြီ။ အလုပ်သမားများအားလုံး ဤအုတ်ဖိုကြီးကို စွန့်ခွာသွားခဲ့ပြီ။ လရောင်မှိန်မှိန်အောက်တွင် မြင်ရသောမြင်ကွင်းက သူ့စိမ်းဆန်လျက်ရှိနေပါ၏။ ဘယ်သူမှမရှိသော်လည်း စိတ်ထဲမှာ ကျောမလုံသလို ခံစားနေရသည်။ ဘာကြောင့်မှန်းမသိ၊ တစ်ချက်တစ်ချက် ကြက်သီးများပင် ထချင်သလို၊

စိတ်တစ်မျိုးပြောင်းသွားလို့လားမသိ။ ပတ်ဝန်းကျင်က ယခုမှပင် စိမ်းငွေ့ငွေ့။ ထို့ကြောင့် အဖော်ညှိသည့်သဘော ကိုကြီးမောင်ကို စကားမေးလိုက်သည်။

"လူတွေ ဘယ်ရောက်ကုန်ကြလဲ မသိဘူးနော်"

"ဦးသိုက်ညိုခြံထဲ ရောက်နေပြီပေါ့ကွာ။ ဒီမှာ မနေရဲကြတော့ဘူးထင်တယ်"

မေးမှပင် ပိုဆိုးတော့၏။ အခုမှ အဟောင်းတွေ အသစ်ဖြစ်လာသည်။ ဤအုတ်ဖိုတွင် ဖိုးထောင်နှင့် အပေါင်းပါနှစ်ဦး သေဆုံးဖူးထားသည်။ တန်းလျားရှိ အလုပ်သမားများ နေရာပြောင်းပြေးရခြင်းသည် သူတို့နှဲ့များ ပတ်သက်နေလို့လား။



ယခု စည်သူပင်လျှင် နေရတာတစ်မျိုး။ အဖော်ပါနေပေမဲ့ စိတ် တစ်စုံတစ်ရာကို ထိတ်လန့်နေသည်။ လရောင်ဝါဝါ၊ ကျက်ပြီးသား တ်ဖိုကြီးတစ်ဖို၊ တန်းလျားနှစ်လုံး၊ မြောက်လေနဲ့ရောပြီး တစ်ချက် စ်ချက် ယိမ်းထိုးပြနေသော သစ်ပင်များ။

ဟိုမှသည်မှ မကြာမကြာ ကြားနေရသော ခြိုးခြိုးချွတ်ချွတ်မြည် ၊ နားထဲမှာ ဖိုးထောင်မသေခင် အော်နေသော ကယ်ပါ၊ ယူပါ အသံ ကိုပင် တစ်ချက်တစ်ချက် ကြားနေရသလို။

"သွားရအောင်ဗျာ"

"အေးလေ . . . သွားတာပေါ့။ ဘယ်သူမှ မရှိတော့တာပဲ"

ပြန်လှည့်လာတော့ အုတ်ဖိုကြီးအနီးအရောက်တွင် . . .

"ဒီကောင်ကြီး ကျက်နေတာ တော်တော်ကြာပြီကွ။ ဘာလို့မဖော် သေးတာလဲ မသိဘူး"

မှတ်မိပါ၏။ ပထမတစ်ခါရောက်စဉ်က စည်သူ ကျောမှီမိခဲ့ ော အုတ်ပုံကြီး။ အတွင်းမီး ရှိသေးသည်ကြောင့် ကျောပင်ပူခဲ့ရသေး ည်။ ယခုလည်း . . .

လမ်းလျှောက်နေရင်းမှ အမှတ်မထင် အုတ်ပုံနံရံသို့ ထိကိုင်မိ က်ရာ . . .

"ဟာ . . ."

လက်ဖျားတွေ စူးခနဲပူတက်သွားရာ လူက နောက်သို့ခုန်ဆုတ် က်သားဖြစ်သွား၏။ ကိုကြီးမောင် ကပျာကယာလှည့်လာပြီး . . .

"ဘာဖြစ်တာလဲ . . ."

"ပူ . . . ပူနေတယ် . . . အုတ်သားတွေ ပူနေတယ်"

"ဟင် . . ."

ကိုကြီးမောင် မျက်လုံးပြူးဖြင့် အုတ်ပုံကြီးကို ကြည့်သည်။ ည်သူမှာတော့ မီးခဲကိုင်မိလိုက်သလို။ စည်သူ့ကိုကြည့်ကာ ကိုကြီးမောင်



www.burmeseclassic.com

www.burmeseclassic.com

မျက်မှောင်ကြုတ်သွားသည်။ ပြီး အုတ်သားတစ်ခဲအား မယုံသင်္ကာ
ကြည့်လိုက်ရာဝယ် . . .

"ဟာ . . . တကယ်ပူတယ်ဟ"

အထိတ်တလန့် နောက်ကို ခုန်ထွက်သည်။ ပြီး လက်
တဆတ်ဆတ်ခါကာ အုတ်ပုံကြီးအား ကြောက်စရာ သတ္တဝါတစ်ကောင်
လို မော့ကြည့်မိစဉ် . . .

"ခွပ် . . . ခွပ် . . . ခွပ် . . ."

အရှေ့ဆီမှ ခပ်သွက်သွက်ထွက်လာသော မြင်းခွာသံ၊ စည်သူ
နှင့် ကိုကြီးမောင် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ နောက်ဘက်
အလျင်အမြန် ပြေးသည်။ ချုံကွယ်တစ်ခုနောက်သို့ ခုန်ဝင်ပြီးသွား
မှာ သူတို့နှစ်ဦး ကျောချင်းကပ်လိုက်တော့၏။

ဘယ်သူလဲ။

ညကြီးအချိန်မတော် ဘယ်သူရောက်လာတာလဲ။ မြင်းခွာသံ
တစ်စထက်တစ်စ နီးကပ်လာသည်။ ပြီးတော့ ထိတ်လန့်အံ့ဩဖွယ် အုတ်
ပုံကြီးရှေ့ ရောက်စဉ်မှာ ရပ်သွား၏။ ကြည့်မိတော့ . . .

"ဟာ . . . ဖိုးမောင် . . ."

ဟုတ်ပါ၏။ ညကြီး အချိန်မတော် မြင်းတစ်စီးနှင့် ရောက်
သူမှာ ဖိုးထောင်ညီ ဖိုးမောင်။ လက်ထဲတွင်ကိုင်လာသည်က ကြိုး
ခွေ။ ဒီအချိန်ရောက်မှ လူမရှိတော့သော အုတ်ဖိုသို့ ဘာလာလုပ်
သနည်း။ ကြည့်နေစဉ်မှာပဲ အုတ်ဖိုရှေ့ရောက်စဉ် ဖိုးမောင် မြင်းပေါ်
ဆင်းသည်။ ပြီး ကြိုးခွေကိုကိုင်ကာ အုတ်ပုံရှေ့တွင် အကြာကြီး ရပ်
ပါသည်။

စည်သူနှင့် ကိုကြီးမောင်မှာတော့ ဖိုးမောင်လုပ်ကိုင်ပုံကို
တောင်မခတ်စတမ်း၊ အကြာကြီးရပ်နေရာမှ ဒူးထောက်ထိုင်ချကာ အုတ်
ပုံကြီးကို ကုန်းကန်တော့ပါတော့၏။



"ဟင် . . ."

စည်သူ ကြောင်သွားသည်။ ဖိုးမောင်ကတော့ ဘာကိုမှ မသိ
သည့်အလား ဘယ်နှကြိမ်မြောက်မှန်းမသိ ဦးချကန်တော့နေပါ
သည်။ ပြီး ကန်တော့ခြင်းကို ရပ်ကာ အုတ်ပုံကိုကြည့်ပြီး တစ်ယောက်
တည်း စကားတွေပြောနေသည်။ ဘာတွေပြောမှန်းတော့ သူတို့မကြားရ။
ရောက အနည်းငယ်လှမ်းသည်။

တအောင့်အကြာမှာတော့ စကားပြောတာကိုရပ်ပြီး ထပ်ကန်
တော့ပြန်သည်။ ဒီတစ်ခါတွင်လည်း အုတ်ပုံကိုဦးချသည့် အကြိမ်များ
အားရအောင် ဦးချပြီးစဉ်မှာ မတ်တတ်ထရပ်၏။ ပြီး မြင်းပေါ်တက်
တစ်လှမ်းချင်းလှမ်းလာပါသည်။ စည်သူနှင့်ကိုကြီးမောင် မျက်လုံး
သွားရပြီ။

အကြောင်းကား . . .

မြင်းပေါ်တက်၍ ဖိုးမောင် ဦးတည်လာနေသောနေရာက သူ
နှစ်ယောက်ပုန်းအောင်းနေသော ချုံပုတ်ဆီ။ ဒါပေမဲ့ ထင်သလိုမဖြစ်
အုတ်ပုံလွန်သွားတော့ မြင်းမှာ ဘယ်ဘက်ချိုးသွားပါသည်။ ထို
ရပ်မှာ သစ်ပင်ကြီးတစ်ပင် ရှိနေ၏။ ဘာပင်မှန်းတော့မသိ။ အုတ်ပုံ
မနီးလွန်း မဝေးလွန်းသောအရပ်မှာ။

ထိုသစ်ပင်ကြီးအောက်ရောက်တော့ မြင်းကို ရပ်လိုက်သည်။
ပေါ်ကိုမော့၍ လက်ထဲက ကြိုးတစ်စကို ပစ်တင်ပါသည်။ ပြန်ကျ
သော ကြိုးစကိုဖမ်းကာ လက်ထဲမှ ကြိုးစနှင့် ပေါင်းချည်သည်။

စည်သူတို့မှာတော့ ဖိုးမောင်လုပ်ကိုင်ပုံကို စိတ်ဝင်စားစွာ ကြည့်
ပါ၏။ ဖိုးမောင် ဘာတွေလုပ်နေတာနည်း။ ထိုစဉ်မှာပဲ . . .

"ဟဲ့ . . . မြင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

အစ်တစ်တစ်ထွက်လာသော ဖိုးမောင်အသံ။ မောင်းနှင်မှုကြောင့် မြင်းက ရှေ့ဆက်သွားသည်။ ဒါပေမဲ့ မြင်းကျောပေါ်တွင် ဖိုးမောင်ပါ မသွားတော့ပါ။

"ဟာ . . ."

"ဘုရားရေ . . ."

သစ်ကိုင်းနှင့် တွဲချည်ထားသော ကြိုးကွင်းပေါ်တွင် ဖိုးမော လည်ပင်းချိတ်ဆွဲ၍ ကျန်နေခဲ့ပြီ။

"အစ် . . . အင့် . . . အ . . ."

ခြေနှစ်ချောင်းမှာ လေဟာနယ်တွင် ရုန်းကန်လှုပ်ရှားနေသည် လက်နှစ်ဖက်က ကြိုးကွင်းကိုကိုင်ကာ တဆတ်ဆတ်တုန်လို့။ စည်သ ဆတ်ခနဲ ကုန်းထတော့ ကိုကြီးမောင်က ဖမ်းဆွဲကာ . . .

"ဒီမှာကောင်လေး . . . လူတစ်ယောက်ရဲ့ကံကြမ္မာကို ပြောင်း လဲဖို့ ဘုရားရှင်က ငါတို့ကို စွမ်းအားတွေ မပေးထားဘူး"

ရပါသည်။ ကိုယ့်ရှေ့တွင် လူတစ်ယောက် အသက်ဆုံးရှုံးရမည့် အရေးကိုတော့ လက်ပိုက်ကြည့်မနေနိုင်။ ဖိုးမောင်ကို လှမ်းကြည့်တော့ လှုပ်ရှားမှုတွေ နှေးကွေးလာပြီ။ စည်သူ အချိန်မဆိုင်းတော့။

ကိုကြီးမောင် ခါးကြားမှ ဓားကိုဆွဲထုတ်ကာ ကြိုးကွင်းဆီ လှ ပစ်လိုက်သည်။ ဓားလေးက လေဟာနယ်ကို ဖြတ်ကာ ကြိုးတစ်စ လီးဖြတ်သွား၏။

"ထောက် . . ."

ကြိုးပြတ်ကျသံနှင့်အတူ ဖိုးမောင်ခန္ဓာကိုယ် မြေပေါ် ပြုတ် သွားတော့သည်။ ထိုအချိန်နှင့်ပင် မြေမှာလိမ့်ကာ အုတ်ပုံဆီ ထိ သွားမိတော့ . . .



ရှိ . . . အား . . . "

မီးနဲ့ထိသော အသားတစ်စလို ဖိုးမောင်လက်ချောင်းတွေ အငွေ့ ထွက်သွား၏။ ကပ်မိသော ကျောတစ်ခြမ်းမှာလည်း အဝတ်တွေပြတ်ထွက် ပြီး အငွေ့တထောင်းထောင်း ထသွားသည်။ အရှင်လတ်လတ် မီးရှို့ခံ ထိုက်ရသလို ဖိုးမောင်မှာ အသက်ထွက်မတတ် ထိတ်လန့်နာကျင်သွား ချေပြီ။

"အား . . . အား . . . ပူတယ် . . ."

ထိုအခိုက်မှာပဲ အုတ်ပုံကြားဆီမှ မီးခိုးငွေ့တွေ ထွက်လာကာ ပတ်ဝန်းကျင်ကို ဖုံးလွှမ်းပစ်လိုက်သည်။ ကြောက်ရွံ့ရုန်းကန်နေသော ဖိုးမောင်လက်ချောင်းတို့က နီးစပ်ရာ အုတ်တစ်ချပ်ကို ဆွဲထုတ်ခွာယူပစ် လိုက်ရာဝယ် . . .

"ဟာ . . . ဟာ . . ."

အောက်ခြေမှ လွတ်သွားသော အုတ်တစ်နေရာကြောင့် အပေါ် ပိုင်းဆီမှ အုတ်တွေ တစ်လုံးပြီးတစ်လုံး ပြိုခါင်းလာသည်။ ပြီးတော့ –

"ဒုတ် . . . နွပ် . . . အား . . ."

ဖိုးမောင် မျက်နှာနှင့် နေရာအနှံ့ဆီ အရှိန်ပြင်းပြင်း ကျဆင်း လာသော အုတ်များက အဆက်မပြတ်။

"အား . . . အမယ်လေး . . . ပူတယ် . . ."

ကျလာသမျှ အုတ်ချပ်တိုင်းမှာလည်း အသားနှင့်ထိစဉ်မှာ 'ရှဲ' ခနဲမြည်၍ လောင်ကျွမ်းပစ်မြဲ။ ဖိုးမောင်တစ်ကိုယ်လုံး မီးမြှိုက်ခံရသလို အညိုအမည်းစွဲကာ အရေခွံလန်နေပြီ။ အရေလန်၍ ပေါ်လာသောအသား ပေါ်သို့ နောက်ထပ်ကျဆင်းလာသော အုတ်ချပ်တွေက နေရာမလပ်။

သွေးရူးသွေးတန်း အော်သံ၊ အုတ်ပုံပြိုသံ၊ ပြီးတော့ လောင် မြိုက်ဝါးမျိုသံ စတာတွေက စက္ကန့်ပိုင်းအတွင်း လူတစ်ယောက်ရဲ့ ကံကြမ္မာကို ပြောင်းလဲပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မြေပြိုခြင်းတော့မဟုတ်။ အုတ်ပုံပြို၍ လူတစ်ယောက် အသ[က်]
ဆုံးသွားချေပြီ။ အပေါ်မှ ကျဆင်းလာသော အုတ်ပုံတွေက ဖိုးမောင်[...]
ထမရအောင် ဖိနှိပ်ပစ်လိုက်တော့သည်။ ထိုစဉ်မှာပဲ အငွေ့တထော[...]
ထောင်းထကာ တရှဲရှဲ အော်မြည်နေသော အုတ်ခဲကြီးတစ်လုံး။

ထိုအုတ်ခဲကြီးက အပေါ်မှနေ၍ တစ်လိမ့်ဆီလိမ့်ကာ အပြ[...]
ထန်ဆုံးအရှိန်နှင့် ကျဆင်းလာသည်။ အုတ်ပုံပိကာ ငရဲတမျှ ပူလော[...]
နေမှုကြောင့် အသည်းအသန် အော်ဟစ်နေသော ဖိုးမောင်မှာ မျက်[...]
ဖွင့်ကြည့်မိသည့်ခဏ . . .

ရဲရဲနီနေသော အုတ်ခဲကြီးတစ်လုံးက သူ့မျက်နှာတည့်တည့်[...]
အရှိန်ဟုန်ပြင်းစွာဖြင့် . . .

"အား . . ."

သခင်၏ အော်သံကျယ်ကြီးကြောင့် မြင်းမှာ အထိတ်တလ[န့်]
ထ 'ဟည်း'သည်။ ပြီး အကြောက်အကန် ထွက်ပြေးတော့ . . .

ကိုကြီးမောင်မှာ လျှပ်တစ်ပြက် ပြေးလိုက်ပါသည်။ ဖိုးမော[င်]
ဆီ အာရုံရောက်နေသော စည်သူလည်း ဦးတည်ချက်ပြောင်းလိုက်ရ[...]
မြင်းက ပတ်ဝန်းကျင်ကို ထိတ်လန့်ပြီး ဦးတည်ရာ ပြေးလေပြီ။ ခြေ[...]
ကိုရပ်ကာ အကွာအဝေးကို တွက်ချက်ပြီးနောက် . . .

ကိုကြီးမောင်က အောက်ဘက်မှ ပမ်းလိုက်သည်။ တွက်[...]
သည့်အတိုင်း မြင်းရှေ့ကို ကြိုရောက်သွားတော့ . . .

ရှေ့မှဖြတ်အပြေးတွင် ဇက်ကြိုးဆွဲ ခုန်တက်လိုက်၏။ ရှ[...]
တရက် ကျောပေါ်ရောက်လာသော လူတစ်ယောက်ကြောင့် မြင်း[...]
ကြောက်လန့်ပြီး မတ်တတ်ထရပ်သည်။ ရှေ့ခြေကိုမြှောက်ကာ တစ်[...]
လည်ပြီး ပြန်ကျလာတော့ စည်သူ ခုန်တက်ပြီးသား ဖြစ်သွားလေပြီ[...]

ထို့နောက်မှာ . . .



ကျား . . .

အော်ဟစ်မာန်သွင်းတော့ မြင်းမှာ ကဆုန်ပေါက်သွား၏။

လှည့်ကြည့်စရာမလို။ ဖိုးမောင် အသက်ဆုံးလေပြီ။

ဒါဆို ခြောက်သွေ့တောင်ကုန်းမှာကား . . .

• • •

မြင်းကို ကျွမ်းကျင်စွာ ထိန်းကွပ်ရင်း ခြောက်သွေ့တောင်ကုန်း
[သို့] ဦးတည်နေသည်။ မြင်းခွာသံများက လမ်းတစ်လျှောက်မှာ ဆူည[ံ]
[ပြ]င်းထန်လို့။ သူတို့နှစ်ဦးလုံး ဆန္ဒစောနေကြ၏။ ပြီးတော့ အနည်းငယ်
[...]ည်း ကျောချမ်းသလို ဖြစ်မိသည်။

ဖိုးမောင် သေပွဲဝင်သွားပုံက ကြောက်မက်ဖွယ်။ မျက်လုံးထဲ
[...] မထွက်။ ဒါပေမဲ့ နောက်ထပ် ပြင်းထန်သော နေရာတစ်ခုကို ကြည့်ရှု
[...]တော့ သူတို့ အားထည့်ထားသည်။ သီအိုရီအရ (၁၃)ယောက်ထဲမှ
[...]စ်ယောက်သေလျှင် ခြောက်သွေ့တောင်ကုန်းက မီးရောင်ပြပါသည်။
[...]ထတောက်သည်။

ယခု ဖိုးမောင် သေလေပြီ။

ခြောက်သွေ့တောင်ကုန်းက အသို့နည်း။ ထိုအရာကို ကြည့်ရှု
[...] စည်သူနှင့်ကိုကြီးမောင် အပြေးနှင်နေခြင်းပါ။ သူတို့ လက်လွတ်မခံ
[...]င်တော့ . . . ။

မြင်းကပဲ အသွားသွက်တာလား၊ သူတို့ပဲ လမ်းရွေးမှန်လို့လား
[...]သိ။ မကြာခင်အချိန်အတွင်းမှာပဲ ခြောက်သွေ့တောင်ကုန်းကို လှမ်း
[...]င်နိုင်သည့် နေရာတစ်ခုသို့ ရောက်လာသည်။ အနိမ့်ပိုင်းကိုဆင်း[...]
သူတို့ရင်တွင်းမှာ တလုပ်လုပ်။ မကြာခင် ရောက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

တောအုပ်ကိုဖြတ်တော့ လူက အလိုလို ကြက်သီးများ ထ
၏။ အပေါ်ဘက်ဆီမှာ မြူတွေပဲဆိုင်းလာသလို၊ သူတို့ကိုပဲ လက်ယ
ခေါ်နေသလို။

ထိုအခိုက်မှာပဲ . . .

"ဒုတ် . . ."

"ဟာ . . ."

ကျောက်တုံးလား၊ သစ်တုံးလား။ ဒါမှမဟုတ် မမြင်ရ
အတားအဆီးတစ်ခုလား၊ တစ်ခုခုနှင့် မြင်းခွာနှစ်ချောင်း တိုက်မိသ
နားတွင်းသို့ ခပ်အုပ်အုပ် ရောက်လာ၏။

ထိုအခါမှာတော့ . . .

မြင်းရော ၊ လူရော ရှေ့သို့ ဦးစိုက်ထိုးကျသွားလေတော့သ

မြင်းမှာ နှစ်ပတ်လောက် အရှိန်ဖြင့် ဦးလည်ကျသွား၏။ သူ
ကတော့ . . .



# XXVII

ခြောက်သွေ့တောင်ကုန်းဆီမှ ချိုလွင်သော အသံလေးတစ်ရပ် ထွက်လာသည်။

"ကနောင်ရေ . . . ကနောင် . . ."

သေချာကြည့်မိတော့ လွန်စွာလှပချောမောသော မိန်းမပျိုလေး တစ်ဦး။ ရိုးရာဝတ်စုံကို အပြည့်အစုံဆင်မြန်းရင်း တစာစာအော်ခေါ်နေသည်။ ထိုင်မသိမ်းလေးကို မကာ ပြေးလွှားလျက် အရပ်မျက်နှာအနှံ့ကို ရှာဖွေခေါ်ငင်နေ၏။

"ကနောင် . . . ဘယ်မှာလဲ . . . ယိုးမယ်ရှာနေတယ်လေ"

"ဟင် . . ."

ကနောင်နှင့်ယိုးမယ်။ လုံးဝ ရင်းနှီးကျွမ်းဝင်ထားသော နာမည်နှစ်ရပ်။ လူကိုတော့ တစ်ခါမှ မဖြစ်ဖူးခဲ့။ ယခုမှပင် . . .

"သူတို့ . . . သူတို့ ဒီနေရာမှာ"

ကြောင်ငေးနေစဉ်မှာပဲ မလှမ်းမကမ်း မှောင်ရိပ်ဆီမှ လှုပ်ရှားမှု တစ်ခုကို မြင်လိုက်ရသည်။ သေချာကြည့်မိတော့ ယောကျ်ားတစ်ဦး။ သူနှင့် သက်တူရွယ်တူလောက်ပင် ရှိပါဦးမည်။ အလုံးအရပ်ပြည့် ယောကျ်ားပီသဟန်ရှိ၏။ ထိုတစ်ယောက်သည် အမှောင်ရိပ်ထဲ အကွယ်ယူပြီး တစ်နေရာမှ တစ်နေရာ ကူးလူးပြေးလွှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကနောင် . . . ဘယ်မှာလဲကွာ . . . ယိုးမယ်ကို ထွက်တွေ့ဦး

ယိုးမယ်ဆိုသူ မိန်းကလေးက ချုံလွင်ထွာခေါ်ရင်း မှောင်ရိပ်များဆီ လှေ့လာတော့ တစ်နေရာအရောက်တွင် ရှာဖွေနေသူသဏ္ဌာန်ကို ရိုက်ခနဲ တွေ့သွား၏။ ထိုအခါမှာတော့ မြင်တွေ့သော သစ်ပင်ကွယ်ဆီ ပြေးသွားသည်။

မြင်သွားပြီမို့ ရှောင်ပုန်းနေသူမှာ မတတ်သာတော့ဘဲ ထွက်တွေ့လိုက်ရပါသည်။ သူ၏ကျီစယ်မှုကို မိန်းကလေးခြေရာခံမိသွားခဲ့ပြီ မဟုတ်ပါလား။ ရှောင်ပုန်းကျီစယ်သူကို တွေ့တော့ မိန်းကလေးမှာ နှုတ်ခမ်းကို ကိုက်ရင်း လက်သီးဖြင့် ဖွဖွထုသည်။

ဒါဟာ ကနောင်နှင့် ယိုးမယ်တို့ရဲ့ ချစ်ဇာတ်လမ်းတစ်ပုဒ်လား ဤနေရာက သူတို့ အစဉ်သဖြင့် တွေ့နေကျနေရာလား။

ရင်ဘတ်ပေါ်ကျလာသော ယိုးမယ်၏ လက်သီးဆုပ်နှစ်ချက်ကို ကျေနပ်စွာခံယူရင်း တတိယမြောက်အချက်မှာတော့ ကနောင်ရင်ဘတ်ကို ဖိပြီး နာကျင်ဟန် အမူအရာလုပ်ပြလိုက်သည်။ ထိုအခါမှာ ထုလက်လက်သီးကိုရပ်ပြီး ယိုးမယ် အံ့ဩသွား၏။

စိုးရိမ်ဟန်အရိပ်အခြည် ယိုးမယ်မျက်နှာမှာ ပေါ်သွားတော့ ကနောင် လျှာထုတ်ပြောင်ပြကာ နောက်လှည့်ပြေးလေသည်။ ယိုးမယ်မှာတော့ အလိမ်ခံလိုက်ရကာ ရှက်အမ်းအမ်းအမူအရာဖြင့် ကနောင့်နောက်မှ ပြေးလိုက်ပါ၏။

တောင်ကုန်းလေးတစ်ဝိုက်တွင် ချစ်သူနှစ်ဦး၏ ရယ်မောသံများ ကျီစယ်သံများပျံ့လွင့်သာယာကာနေသည်။ ချစ်သူတို့ရဲ့ ပျော်ရွှင်ဖွယ်ဘ ကိုလည်း မြင်ရသောမြင်ကွင်းအရ နားလည်ခံစားလိုက်မိသည်။ ထိုစဉ်မှာပင် . . .

"အား . . ."



ဟု အသံရှည်ဆွဲကာ တောင်ကုန်းအခြေဆီမှ ထွက်လာသော အော်သံကြီးတစ်ရပ်။ ကြည့်မိတော့ . . .

"ဟင် . . ."

တစ်ကိုယ်လုံး မီးလောင်ကျွမ်းကာ တွန့်လိမ်ကောက်ကွေးနေသော လူတစ်ယောက်။ ထိုလူက ကနောင်နှင့် ယိုးမယ်ကိုကြည့်ပြီး ဦးချတန်တော့နေသည်။ ထိုအခိုက်အတန့်မှာပင် မချိမဆန့် ဝေဒနာခံစားနေရသော အော်သံကြီးများ တောင်ကုန်းပတ်ပတ်လည်မှ ထွက်လာ၏။

ကြည့်မိတော့ အားလုံးပေါင်း (၉) ယောက်တိတိ။ အကုန်လုံးလိုလိုပင် မီးလောင်ကျွမ်းကာ ကနောင်နှင့် ယိုးမယ်ကို တောင်းပန်တိုးလျှိုး ဦးချကန်တော့နေကြသည်။ ပြီးတော့ မချိမဆန့်ဝေဒနာတွေဖြင့် ခြေလက်တို့ တွန့်လိမ်ကောက်ကွေး၊ ခန္ဓာကိုယ်က ကုန်းလိုက် ကွလိုက်၊ မှောက်ချည်၊ လှန်ချည်။

ကြည့်နေစဉ်မှာပဲ သူတို့ခန္ဓာကိုယ်မှ မီးတောက်များက ပတ်ဝန်းကျင်ကို ကူးစက်သွားသည်။ တစ်မဟုတ်ချင်းပင် တောင်ကုန်းအောက်ခြေပတ်ပတ်လည်မှာ မီးဝိုင်းသွား၏။ နောက်ပြီး ထိုမီးတောက်များက တောင်ကုန်းအထက်ပိုင်းဆီ တစ်စထက်တစ်စ တက်လာသည်။

မြက်ပင်များ၊ သစ်ပင်သစ်ကိုင်း၊ ချုံနွယ်များမှတစ်ဆင့် မီးတောက်များက ပတ်ဝန်းကျင်မှာ မီးခိုးငွေ့တွေ ဖုံးလွှမ်းလာသည်။ မီးများ၏ ပတ်ဝိုင်းပိတ်ကာမှုကြောင့် ကနောင်နှင့်ယိုးမယ် ပြေးပေါက်မရှိတော့။ လျင်မြန်စွာပင် တောင်ကုန်းတစ်ခုလုံးကို ဝါးမျိုကာ အလယ်တွင်ရပ်နေသော သူတို့နှစ်ဦးဆီသို့။

ချစ်သူနှစ်ဦးက တစ်ယောက်ကိုတစ်ယောက် ကြည့်နေသည်။ ကြောက်ရွံ့ဟန်မပြ။ တုန်လှုပ်ဟန်မပြ။

ကနောင်ကမ်းပေးသော လက်ကို ယိုးမယ်ဆုပ်ကိုင်တာ နှစ်ဦး လုံး၏ မျက်နှာတွေက ရဲရင့်လို့၊ မီးတောက်မီးလျှံတွေကြားမှာ တွေကြားမှာ သွေးပျက်မှုမရှိ။



www.burmeseclassic.com

ထိုစဉ်မှာပဲ ယိုးမယ်၏ ထဘီအနားစကို မီးစတင်စွဲလောင်သည်
ငြိမ်းသတ်ဖို့ ဆေးစွ။ တစ်ချက်မှပင် လှည့်မကြည့်။ တစ်ဦးကိုတစ်ဦးသာ
ကြည့်နေသည်။ တစ်ယောက်လက်ကို တစ်ယောက်သာ တင်းတင်းဆုပ်
ကိုင်ထားသည်။ မျက်နှာပုံပန်းတွေက ချစ်သူလက်သာ ဆွဲကိုင်ထား
လျှင် အရာရာ ရင်ဆိုင်ရဲနေသလိုမျိုး။

ကနောင် ဘောင်းဘီစကို မီးတောက်တွေက တဖြည်းဖြည်း ဝါး
လာသည်။ ပြီးတော့ အင်္ကျီ၊ ထို့နောက်မှာ ဦးခေါင်းထက်မှ ခေါင်းပေါင်း
စ။ ယိုးမယ်ကရော . . .

ယိုးမယ်တစ်ကိုယ်လုံးတွင်လည်း မီးကူးနေပြီ။ အံကို တင်းတင်း
ကြိတ်ကာ ပူလောင်မှုကို နှစ်ဦးသား ရင်ဆိုင်နေသည်။ နောက်မဆုတ်
တမ်း၊ လက်တွဲမဖြုတ်တမ်း။

ထိုအခိုက်မှာ ဘယ်ကမှန်းမသိသော ရယ်မောသံတွေထွက်လာ
၏။ ချစ်သူနှစ်ဦး၏ နောက်ဆုံးထွက်သက်ကို ကြည့်ပြီး လှောင်ပြောင်
သလို ကျေနပ်နေသလို။

နှစ်ဦးလုံး၏ မျက်ဝန်းမှာ မျက်ရည်စတွေကို တွေ့ရသည်။ ခံပြ
ဝမ်းနည်းမှုတွေကို တွေ့ရသည်။ နောက်ဘဝထိ လက်တွဲပေါင်းသင်းရ
ဆိုထားသော သစ္စာစကားတွေကို တွေ့ရသည်။

ထို့နောက် . . .

ထို့နောက်မှာတော့ . . .

မီးတောက်များ၏ ဝါးမျိုမှုကို ခန္ဓာကိုယ်နှစ်ခု တွန်းလှန်ခြင်း
သွားရရှာတော့၏။ ချစ်သူနှစ်ဦး တစ်ပြိုင်တည်းမှာပင် လဲပြိုသွားခဲ့ပြီ

ဒါပေမဲ့ တစ်ဦးလက်တစ်ဦးတော့ ဆုပ်ကိုင်ထားဆဲ . . .။



# XXVIII

"ညီမလေး . . ."

အော်သံကြားတော့ စည်သူ ဖျတ်ခနဲ မျက်လုံးပွင့်သွားသည်။ နံဘေးကို လှည့်ကြည့်တော့ ကိုကြီးမောင်မှာ ဒူးထောက်လျက် လက်သီးကို ကျစ်ကျစ်ဆုပ်ထား၏။ မျက်လုံးအိမ်မှာ မျက်ရည်များ စီးကျလို့။ စည်သူ အလျင်အမြန် ကုန်းထတော့ . . .

"ဟင် . . ."

အရှေ့ဆီမှ ခြောက်သွေ့တောင်ကုန်းမှာ လရောင်မှိန်မှိန်အောက်တွင် မြူခိုးတွေဝေလို့။ ခုနကပင် ဤတောင်ကုန်းပေါ်၌ ကနောင်နှင့် ယိုးမယ်ကို တွေ့ရသေးသည်။ သစ်ပင်၊ ဝါးပင်များကလည်း မူလအတိုင်း ရှင်သန်စိမ်းလန်းလျက်။ အခုက ဘယ်လို . . .

စိတ်နှစ်ခု ဒွိဟဖြစ်သွားပြီးစဉ်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းစစ်မိသည်။ ငါတို့ ဘာဖြစ်သွားတာလဲ။ ဖိုးမောင် သေပြီးနောက်မှာ ခြောက်သွေ့တောင်ကုန်းကို မြင်းတစ်စီးနှင့် ထွက်လာခဲ့၏။ ရောက်လု[illegible]ခင်မှာ ခလုတ်တိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ မြင်းရော၊ လူတို့ရော [illegible] သွားသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

မြင်းကတော့ မရှိတော့။ ခြောက်သွေ့တောင်ကုန်းကတော့ သူတို့ရှေ့ကို ရောက်နေပြီ။ ဒါဆို ခုန ကြုံတွေ့ခဲ့ရသည့်အရာများက ဘာတွေလဲ။ အိပ်မက်လား၊ တကယ်လား။

"ကိုကြီးမောင် . . . ဘယ်သူ့ကို ခေါ်လိုက်တာလဲ"

"ငါ့ညီမလေး . . . ငါ့ညီမလေး၊ ယိုးမယ် မီးလောင်ခံနေရတယ်"

"ဗျာ . . ."

စည်သူ မျက်လုံးပြူးသွားသည်။

"ရှင်ယိုးမယ်ကို ပြောတာလား"

"ဟုတ်တယ် . . . ကနောင်နဲ့ယိုးမယ် မီးလောင်ခံနေရတယ်။ ဒီတောင်ကုန်းပေါ်မှာ . . ."

စည်သူ အထိတ်တလန့် ကြည့်လိုက်ပေမဲ့ ကားစွင့်ခြောက်သွေ့နေသော သစ်ခြောက်ပင်ကြီးမှတစ်ပါး တောင်ကုန်းပေါ်တွင် ဘယ်သူမှ ရှိမနေပါ။

"ဘယ်လိုမြင်လိုက်တာလဲ"

အံကို တစ်ချက်ကြိတ်၏။ ပြီးတော့ . . .

"ငါ အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ မြင်ရတာ"

"ဟာ . . . ကျွန်တော်လည်း မက်တယ် ကိုကြီးမောင်"

ကပ္ပာကယာ မှတ်မိသော တချို့တစ်ဝက်ကိုပြောပြတော့ တိုက်ဆိုင်စွာပင် ကိုကြီးမောင်နှင့် တူနေသည်။ ကိုကြီးမောင်ကတော့ အိပ်မက်ဟု တထစ်ချ မှတ်ယူထားသည်။ စည်သူကတော့ အိပ်မက်ဟုလည်း မဆိုသာ၊ တကယ်လည်းမဟုတ်၊ သတိလစ်သွားစဉ် အာရုံမှာ လာပေါ်သလို။

သူတို့နှစ်ဦး ခြောက်သွေ့တောင်ကုန်းမှထွက်သော မီးတောက်ကို ကြည့်ရန် အပြင်းနှင်ခဲ့ကြ၏။ ဒါပေမဲ့ ကြည့်ခွင့်မသာခဲ့ပါ။ သို့သော်လည်း နောက်တစ်နည်းနဲ့ မြင်ခွင့်ရခဲ့ပါသည်။



မီးလျှံကိုပင် မဟုတ်။ ကနောင်နှင့် ယိုးမယ်ကိုရော၊ တောင်ထုန်းပတ်ပတ်လည်တွင် မီးလောင်ခံနေရသည့် လူ (၉) ယောက်ကိုရော ထူးဆန်းစွာ တွေ့မြင်ခွင့်ရခဲ့၏။ ထိုလူ (၉)ယောက်ကိုလည်း မီးတောက်တွေကြားမှ ရှင်းလင်းစွာ မြင်တွေ့ခဲ့သည်။

တခြားလူများမဟုတ်။

မကြာခင်က အုတ်ပုံပိ သေဆုံးသွားသည့် ဖိုးမောင်၊ သူ့အစ်ကို မိုးထောင်နှင့် အောင်တိုး၊ ပြီးတော့ ဝမ်းပျက်သေဆုံးခဲ့သည့် ထွန်းခိုင်နှင့် နောက်ငါးယောက်။ ထို (၉) ယောက်မှာ ကနောင်နှင့် ယိုးမယ်ကို ဦးချတောင်းပန်နေခဲ့သည်။

အသို့နည်း။

ဘာအဓိပ္ပာယ်နည်း။

(၁၃) ယောက်မှာ (၉)ယောက်တော့ တွေ့နေရပြီ။ နောက် (၄) ယောက်ကရော . . .

ကျန်နေသူ (၄) ယောက်။

ပထမတစ်ယောက်က စောဖြူ။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ဖိုးမောင် သေသွားခဲ့သည်။ ဒါဆိုလျှင် သချိုင်းတွင် မြေတစ်နေရာစာသာ ကျန်တော့၏။ ထိုကျန်သော မြေနေရာက ဘယ် သူ့အတွက်လဲ။ လူက (၄) ယောက်။

သူလား၊ သူတို့အသိုင်းအဝိုင်းမှ စောစီးစွာ ထွက်ခွာသွားသော စောဖြူလား။ ဒါမှမဟုတ် သူ၏ ဆရာသခင်နှစ်ပါးဖြစ်သော မှိုင်းညိုနှင့် သိုက်ညိုလား။ ထိုလေးယောက်ထဲမှ တစ်ယောက်ယောက်ကတော့ ကျန်သော မြေနေရာကို သွားရမည်။

သူ မသေချင်သေး။ ကမ္ဘာမြေကြီးပေါ်တွင် ရပ်၍ အသက်အများ ကြီး ရှည်ချင်သေးသည်။ ဒါပေမဲ့ အောင်တိုးသေဆုံးသွားမှုကို သူ လုံး မသကာ။ သူရော၊ အောင်တိုးလမ်းစဉ်ကို လိုက်ရမည်လား။ စောဖြူကို ဖယ်လိုက်လျှင် သုံးယောက်သာကျန်၏။ ထိုသုံးယောက်တွင် သူ အငယ်ဆုံး။ ပြီးတော့ သူသည် သခင်မဟုတ်။ ကျွန်။

ဒီလိုဆိုလျှင် သူ့အတွက် လုံခြုံမှုရှိပါမည်လား၊ မပြောနိုင် (၆) ရက်မြောက်ပြီးချိန်ထိ တစ်စုံတစ်ရာ ထူးခြားမှုမပြလျှင်တော့ အသိုက်အဝန်းမှ ထွက်ခွာသွားတော့မည်။

ဟုတ်၏။ ထိုအတိုင်းလုပ်ရန် ဝေလ ဆုံးဖြတ်လိုက်ပါသည်။

ᨒ ᨒ ᨒ





ဖိုးမောင်သေတာ ယနေ့ပါဆို သုံးရက်မြောက်ပေပြီ။ မနေ့က ဖိုးမောင်ကို သချိုင်းပို့တော့ မြေပုံလေးတစ်ပုံက သူ့ကို လှောင်ပြောင် သရော်ပြုံး ပြုံးပြနေသည်။ လေးနေရာတွင် သုံးနေရာပြည့်၍ တစ်ယောက် စာသာ ကျန်ပါတော့သည်။

ယခုတစ်ခါသည် ဘယ်သူလဲ။

စောဖြူကို ဖယ်လိုက်လျှင် သုံးယောက်သာ ကျန်သည်။ သူ ရယ်၊ ဝေလရယ်၊ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကတော့ စိုးရိမ်မနေနဲ့ဟု အားပေးစကားပြောသည်။ သူ့တာဝန်ထားပါဟုလည်း ကတိပေးထား ၏။ ဒါပေမဲ့ မှိုင်းညို စိတ်မချနိုင်။ အကြောင်းက သူ့ကိုယ်သူပင် တာဝန် ယူရဲ။

အိပ်မပျော်သည့် ရက်တို့ များနေပြီ။ အစာလည်း မစားချင်။ စိတ်ဖိစီးမှုများပြီး တစ်ခေါင်းလုံး တင်းကြပ်ရှုပ်ထွေးကာနေပြီ။ ငယ်ထိပ် င် ပေါက်ထွက်မတတ်။ ပထမပိုင်းတွင် စိတ်ထိန်းနိုင်သေးပေမဲ့ ယခု စိတ်ထိန်းဖို့ ခဲရင်းနေပြီ။ စိတ်တွေ ယောက်ယက်ခတ်ကာ လူက ဂနာ ငြိမ်တော့။

အခုအလှည့်သည် သူ့အလှည့်များ ဖြစ်နေမလား။

အစ်ကိုကြီးကိုပင် အားကိုးရတော့သည်။

ᨒ ᨒ ᨒ



www.burmeseclassic.com

www.burmeseclassic.com

## သိုက်ညို

လေးရက်မြောက်မနက်ခင်းက ပြတင်းတံခါးကို ဖြတ်ကာ ... အခန်းထဲသို့တိုင် ချင်းနင်းဝင်ရောက်လာသည်။ ဦးသိုက်ညို မျက်လုံး... ဖွင့်လိုက်သည်။ သူ တစ်ညလုံး အိပ်မပျော်ခဲ့။ ဒါပေမဲ့ ကုလားထိုင်တွ... ထိုင်ကာ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်နိုင်းထားသည်။

မဆိုး။ အလေ့အကျင့်ရှိလေတော့ စိတ်ဖိစီးမှုများနေပေမဲ့ တစ်... တစ်ရာ လွတ်ထွက်မသွားရန် ထိန်းကျောင်းထားနိုင်သည်။ တအော... ကြာပါက တပည့်တစ်ဦး သူ့ဆီကို နွားနို့နှင့် ကြက်ဥ လာပို့လိမ့်မည်... ဦးသိုက်ညို အစားကိုတော့ အပျက်မခံ။ ဘယ်လောက်ပင် ရောဂါ... ထားပေမဲ့ စားချင်စိတ် ရှိရှိ၊ မရှိရှိ အစားကို ဝင်အောင်စားသည်။

ထို့ကြောင့်လည်း ဤမျှအထိ တောင့်ခံနိုင်ခြင်းပါ။

ယနေ့သည် ဖိုးမောင်သေပြီး၍ လေးရက်မြောက်သော... နောက်သုံးရက်သာ ကျန်တော့သည်။ ထိုသုံးရက်သည် အဆုံးအဖြ... လိုနေတာက မြေတစ်နေရာစာ။ ထိုတစ်နေရာစာ ပြည့်သွားလျှင် သူ့... နေ့ပေါင်း၊ လပေါင်းများစွာ ကြီးစိုးခြောက်လှန့်နေသော အရိပ်မည်း... မှ လွန်မြောက်တော့မည်။



ဆက်တိုက်လူသေမှုတွေ အဆုံးသတ်တော့မည်။

ကြောက်ရွံ့ခြင်းမှ လွတ်ကင်းတော့မည်။

ထိုနေ့ရောက်ရန် သိပ်မလိုတော့။ ယနေ့မှစ၍ လေးရက်မြောက် ...ဦမှာ သူ အတိုင်းမသိ ပျော်ရွှင်နေပေတော့မည်။

အဓိကက ကျန်သော မြေတစ်နေရာသည် သူ့အတွက်မဟုတ် ...် သာလိုသည်။ ထိုအတွက်ကိုတော့ ဟိုးယခင်တည်းက စဉ်းစားထား ...။

တွေဝေရန် မရှိပါ။

ဝမ်းနည်းဖို့မလိုပါ။

လွတ်မြောက်မှုတိုင်းအတွက် လိုအပ်သော စတေးမှုဆိုတာ ရှိ ...ပင် မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ သူတို့သုံးဦးလုံးအတွက် ဝမ်းသာဖွယ်သတင်းက နောက်တစ်နေ့ နေ့လယ်ပိုင်းမှာပင် ရောက်လို့လာခဲ့သည်။

ပြန်ပေးဆွဲခံရသော ဦးသိုက်ညိုတပည့်များကို ရှာဖွေရန် တရားခံကို စုံစမ်းရန် စေလွှတ်ထားသူများထဲမှ တစ်ဦး၏ အတိအကျ သတင်းပေးမှုဖြစ်သည်။

ထိုသတင်းမှာ အခြားမဟုတ်။

'စောဖြူ' ကို ရှာတွေ့ပြီဟူသော သတင်း။

ထိုသတင်းရပြီးနောက် သိုက်ညို၊ မှိုင်းညို၊ ဝေလတို့ သုံးယောက်လုံး ဝမ်းသာအားရဖြင့် ရိုးမတွင်း တက်သွားခဲ့ပါသည်။ သူတို့သုံးယောက်ပါ ပဲ ကံကောင်းတာလား၊ စောဖြူပဲ ကံဆိုးတာလားမသိ။

လိုအပ်သော မြေတစ်နေရာစာအတွက် စောဖြူကို ပစ်မှတ်ထားလိုက်ပြီ။



တကယ့်တကယ်ရောက်သွားတော့ စောဖြူကို မတွေ့တော့ပါ။ တဲတစ်လုံးမှလွဲ၍ လူကို မမြင်ရတော့။ မျက်မြင်ကိုယ်တွေ့ဖြစ်သူက စောဖြူ' ဟု အတိအကျ အာမခံသည်ကြောင့် သူတို့တွေ ဝါးတဲအနီး တစ်ပိုက်မှာ ခြေရာဖျောက် စောင့်ကြည့်ခဲ့သေးသည်။

ဒါပေမဲ့ မိုးချုပ်သည်အထိ စောဖြူပြန်မလာ။

ရှားရှားပါးပါးအခွင့်အရေးကို လက်လွှတ်မခံနိုင်သည်မို့ အစောင့် ထားပြီး သူတို့ ပြန်ခဲ့ကြသည်။

(၆) ရက်မြောက်တစ်နေ့လုံးလည်း ဝါးတဲသို့ စောဖြူ ပြန်မလာ

ဒါပေမဲ့ ကာယကံရှင် သုံးဦးကတော့ အတွေးကိုယ်စီ ရှိနေခဲ့

တစ်ဦးက စိုးရိမ်စိတ်တွေ တစ်လှေကြီးဝင်နေပြီ၊ နောက်တစ်ဦး အစ်ကိုဖြစ်သူ၏ အဆုံးအဖြတ်ကို မျက်စိမှိတ်ယုံထား၏။

ဦးသိုက်ညိုမှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# XXIX

သူတို့ကိုမြင်တော့ သစ်ပင်အောက်ထိုင်နေသူ မတ်တတ်ထ ဦးညွှတ်အရိုအသေပေးသည်။ သစ်ပင်ထက်ဆီမှ တစ်ယောက်က ဆင်းလာ၏။

"ဘယ်လိုလဲ . . . ညက ဟိုကောင်ပြန်လာလား"

"မလာပါဘူး . . . ဆရာကြီး"

ဦးသိုက်ညိုက ခပ်လှမ်းလှမ်းဆီမှ သစ်ပင်ချုံနွယ်တို့နှင့် နေသော ဝါးတဲလေးဆီ တစ်ချက်လှမ်းကြည့်ပြီး ခေါင်းယမ်းသည်။

"ဟုတ်ပြီ . . . မင်းတို့ပြန်တော့"

တစ်ညလုံး စောင့်ကြည့်ထားရသော လူနှစ်ယောက်မှာ တာ တစ်ခု ပြီးဆုံးသွားသလို နောက်တစ်ကြိမ် ဦးညွှတ်၍ သူတို့အနီးအ မှ ထွက်သွားပါသည်။ ကျန်နေခဲ့သူက သိုက်ညို၊ မှိုင်းညို၊ ပြီးတေ သူတို့ရဲ့ ကျွန်ယုံတော်ကြီး ဝေလ။ နောက်လိုက်အချို့။

ယနေ့သည် ဖိုးမောင်သေပြီး (၇) ရက်မြောက်သောနေ့။ မြန် အယူဖြင့် ပြောရလျှင် ရက်လည်နေ့။ ဒီထက်ရှင်းအောင်ပြောပါက



နေသူလေးယောက်၏ နောက်ဆုံးနေ့။ စောဖြူကိုတွေ့မှသာ ရတော့မည်။ မဟုတ်ပါက . . .

သုံးဦးသား တစ်ဦးနှင့်တစ်ဦး စကားမဆိုဖြစ်ပါ။ စောဖြူနေထိုင်သည်ဟူသော ဝါးတဲကိုသာ စိတ်ရှည်ရှည်ထား၍ စောင့်နေမိကြသည်။

"စောဖြူပြန်လာပါစေ . . . စောဖြူ အမြန်ပြန်လာပါစေ . . ."

ဝေလ၏ဆုတောင်းစကား။ စောဖြူပြန်လာမှသာ သူ့ အန္တရာယ်ကင်းပေမည်။ မဟုတ်ပါက အောင်တိုးလမ်းစဉ် လိုက်ရတော့မည်ထင်၏။ မနေ့ကထိ စောဖြူပြန်မလာသည့်နောက်မှာ အစောကတည်းက ဆုံးဖြတ်ထားသည့်အတိုင်း ဤပတ်ဝန်းကျင်မှ ထွက်ခွာရန် ကြိုးစားခဲ့သည်။ ဒါပေမဲ့ ဝေလအကြံ မအောင်မြင်ခဲ့။

သူ့အကြံကို သိနေသည့်အလား ဦးသိုက်ညိုက ဤအရပ်သို့ တစ်ပါတည်း ခေါ်လာပါသည်။ ဝေလမည်သို့ လုပ်ရမည်နည်း။ သူ့အတွက် စောဖြူပြန်လာဖို့ ဆုတောင်းရုံသာ ရှိတော့သည်။ ဒါပေမဲ့လည်း ဆုတောင်းသည် ဆုတောင်းမှုသာ ဖြစ်ပါသည်။

နေစောင်းသည်အထိ စောဖြူ ပြန်မလာခဲ့ပါ။ ဒီလိုဆိုတော့ . .

"မိုးမချုပ်ပါစေနဲ့ . . . မိုးမချုပ်ပါစေနဲ့။ နေလုံးကြီး ရိုးမပေါ်မှာပဲ တန့်နေပါစေ"

ဆုတောင်းပြောင်းပေမဲ့ သူ၏ကံကြမ္မာကတော့ ပြောင်းမလာခဲ့။ နေလုံးမှာ တစ်စထက်တစ်စ ရိုးမအောက်သို့ ငုပ်ဆင်းပြီး အလင်းပါးလျသွားခဲ့ပြီ။ ထိုအချိန်၌ ရွာမှ လူနှစ်ယောက် တက်လာသည်။ ပြီးတော့ သူတို့အဖွဲ့နှင့် တာဝန်ချင်း ပြောင်းလိုက်သည်။

ဒီတော့ ရွာပြန်ရန်သာ ရှိပါတော့၏။

အပြန်လမ်းတစ်လျှောက်တွင် ဆုမတောင်းရဲတော့ပါ။ အကြောင်းက သူ့ကို အလယ်တွင်ထား၍ သိုက်ညို၊ မှိုင်းညို ညီအစ်ကို နှစ်ဦးက မြင်းကိုယ်စီဖြင့် ညှပ်ပိတ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဝေလ၏နဖူးပြင်၌ ချွေးပေါက်ကြီးငယ်တွေ ခိုတွဲကျဆင်းခဲ့ပါပြီ။ တစ်ချိန်က ဆရာသခင်နှစ်ဦးအတွက် သေမင်းနှုတ်ခမ်းဝကို ခြေတစ်ဖက်နင်း၍ အလုပ်ပေါင်းများစွာ သူလုပ်ပေးခဲ့သည်။ ရန်ဘက်ပေါင်းများစွာကို ဆရာသခင် နှစ်ဦးအောက် ဒူးထောက်စေခဲ့သည်။ ယခုတော့ . . .

ရင်ထဲမှာ ကြောက်ရွံ့ခြင်းထက် နာကျင်ခြင်းက ပိုနေခဲ့ပြီ။

သူ . . .

ဝမ်းနည်းမိပါသည်။



## XXX

"ဒင် . . . ဒင် . . . ဒင် . . ."

အိမ်မကြီးဆီမှ နာရီသံ ဆယ်ချက်က တစ်ခြံလုံးကို ပျံ့နှံ့သွားသည်။ နာရီသံဆုံးတော့ ပြတင်းတံခါးမှ ဝေလ ခုန်ထွက်လိုက်၏။ သူ ဘယ်လိုမှ နေမရတော့။ သေမင်းကို ထိုင်စောင့်တာထက်စာလျှင် ထွက်ပြီးရင်ဆိုင်တာက ပိုကောင်းမည်ထင်၏။ ဒါမှမဟုတ် ထွက်ပြေးတိမ်းရှောင်တာက လက်ရှိအနေအထားထက် ပိုသင့်တော်ပေလိမ့်မည်။

ရင်ဆိုင်ဖို့က တကယ်တမ်း မလွယ်ကူ။ သူ့ဆရာအကြောင်း သူသိ၏။ လက်ရုံးရည် ဘယ်လောက်ရှိသည်ဆိုတာကိုလည်း နားလည်သည်။ ပြီးတော့ တစ်ခြံလုံးနှင့်တစ်ယောက်။ ထွက်ပြေးတိမ်းရှောင်ရန်ကရော၊ ထိုကိစ္စသည်လည်း မလွယ်။

အကြောင်းက ခြံထဲတွင် အစောင့်တွေ ထူထပ်စွာ ချထား၏။ ဒါပေမဲ့ နောက်ဆုံး ဘယ်လိုမှ မရလျှင်တော့ ထိုလမ်းကိုသာ ရွေးရပါမည်။ ယခုလည်း ဝေလ လူရိပ်လူခြည်ကိုကြည့်ရင်း ခြံပေါက်ဝဆီ ဦးတည်သွားနေသည်။ ဤခြံဝန်းကြီးတစ်ခုလုံး၌ ဝင်ပေါက်၊ ထွက်ပေါက်သည် တစ်ခုတည်းသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

စည်းရိုးကို ခုန်ကျော်ထွက်ရန်ကလည်း အစောင့်တွေ ထူထ[ပ်]နေသည်။

အိမ်မကြီးအနီးကိုရောက်တော့ မှောင်ရိပ်တွင်ရပ်ရင်း အကဲခတ်မိသည်။ ဝင်ပေါက်တံခါးမကြီးနှင့်တကွ ပြတင်းများအားလုံးကို ပိတ်ထား၏။ အထဲတွင် ဦးသိုက်ညိုတို့ညီအစ်ကိုနှစ်ဦး ရှိနေလိမ့်မည်။ သူ့ကို သတ်ရန်လည်း တိုင်ပင်ကောင်း တိုင်ပင်နေနိုင်ပါသည်။

သူတို့သုံးဦးအတွက် အချိန်သည် နှစ်နာရီဝန်းကျင်သာ ကျန်တော့သည် မဟုတ်ပါလား။

ဝေလ စိတ်ကိုတင်း၍ မှောင်ရိပ်မှ ထွက်လိုက်၏။ အိမ်မကြီးရှေ့မှ ဖြတ်ကာ ခြံဝဆီဦးတည်သည်။ ခြံဝင်းတံခါးကြီးမှာ ဖွင့်ထား[သ]သည်။ ယခင်နေ့များတွင် ညရောက်သည်နှင့် ဝင်းတံခါးပိတ်တတ်သော်လည်း ယခု ဖွင့်ထား၏။ ဘာကြောင့်ရယ်မသိ။

ဒါပေမဲ့ ဝင်ပေါက် တစ်ဖက်တစ်ချက်ဆီမှာ အစောင့်နှစ်ဦးစော[င့်]ရှိနေသည်။ ဝေလကိုမြင်တော့ . . .

"ကိုဝေလ . . . ဘယ်လဲ"

"အပြင်သွားမလို့"

"ဒီည ခြံထဲကနေ ဘယ်သူမှ အပြင်မထွက်ရဘူးလို့ ဆရာကြီးအမိန့်ထုတ်ထားပါတယ်"

"ဘာကွ . . . ငါ အခု အပြင်သွားမှာ ဆရာကြီးခိုင်းလို့"

အစောင့်နှစ်ဦး ဇဝေဇဝါဖြစ်သွားသည်။ ထိုစဉ်မှာပဲ နောက်ထ[ပ်] အစောင့်အချို့ ထပ်ရောက်လာကာ တစ်ယောက်က . . .

"အဲဒါဆို ကျွန်တော် ဆရာကြီးကို သွားမေးကြည့်လိုက်ပါဦးမယ်"

အိမ်ကြီးဆီသို့ တစ်ယောက် ခပ်သွက်သွက်ထွက်သွားသည်။ ဝေလ လက်သီးကို တင်းတင်းဆုပ်မိလိုက်သည်။ သူ့ကို ဖိန့်ဖိန့်တု[န်]



အောင်ကြောက်ခဲ့သူများက ယခု အကျဉ်းသားတစ်ယောက်လို ဆက်ဆံနေပေပြီ။

ခြံဝတွင် ကျန်ခဲ့သူ စုစုပေါင်းလေးယောက်။

ဒီလောက်က ဂရုစိုက်ဖွယ်မရှိ။

သူတို့ ဟိုဘက်မှာ လွတ်မြောက်မှုကို မြင်နေရပြီ။

• • •

ဦးသိုက်ညို နာရီကို မော့ကြည့်လိုက်၏။

အချိန်ကျပေပြီ။

မလုပ်ချင်ပေမဲ့ မတတ်နိုင်တော့။ ဝေလကို မလုပ်ချင်၍ စောဖြူကို သုံးရက်တိတိ သွားစောင့်ခဲ့သည်။ သူ့ကံပါပင်။

နံရံမှ ဓားကိုဆွဲထုတ်တော့ . . .

"ချလွှမ် . . ."

ခုံတွင် ထိုင်နေသောမှိုင်းညို မျက်လုံးပြူးသွား၏။

"အစ်ကိုကြီး . . . ဘယ်လဲ"

"ဝေလဆီ . . ."

ဦးသိုက်ညိုမျက်ဝန်းတို့ ရက်စက်မှုများနှင့် ဝင်းဝင်းတောက်ခဲ့ပြီ။ ဓားလွှတ်ကိုကိုင်ကာ အိမ်ဝဆီ တစ်လှမ်းချင်းလျှောက်ပြီး ပိတ်ထားသော တံခါးမကြီးအား 'ဂုန်း' ခနဲ တွန်းဖွင့်ရာ . . .

မြင်ကွင်းတွင် ပေါ်လာသည်ကား . . .

အရှိန်ပြင်းပြင်း ပွင့်သွားသော တံခါးကြီးနှစ်ချပ်ကို ကြည့်ပြီး ကြောက်နေသော တပည့်တစ်ဦး။ ထိုအချိန်ပိုင်းလေးအတွင်းမှာ . . .

"ကျား . . ."



www.burmeseclassic.com

www.burmeseclassic.com

ခြံတွင်းသို့မောင်းဝင်လာသော မြင်းတစ်စီးက အားလုံးရဲ့အာရုံကို ပြောင်းပစ်လိုက်ပါသည်။ မြင်းပေါ်မှပင် အလျင်စလိုထွက်လာသော သတင်းတစ်ပုဒ် . . . ။

"စောဖြူကို တွေ့ပြီ . . . ဆရာကြီး၊ စောဖြူ ပြန်ရောက်နေပြီ"

"ဘာ . . ."

"ဘယ်လို . . ."

ကြားရသူအပေါင်း မျက်လုံးပြူးသွားသည့်နောက်မှာ . . .

စားကိုင်ထားသော ဦးသိုက်ညို၊ တားမြစ်သူများကို တိုက်ခိုက်ထွက်ပြေးလုလု ဝေလ၊ ကြောင်ငေးရပ်တုံ့နေသူ မှိုင်းညို။

ထိုသုံးယောက်၏ မျက်လုံးများ အစုန်၊ အဆန် ကူးလူးသွားပြီးသကာလ၊ ဝမ်းသာလှိုက်လှဲမှုတွေနဲ့ အားလုံးကို သင်ပုန်းချေပစ်လိုက်တော့သည်။

မကြာခင်မှာပဲ မြင်းငါးစီး မောင်းထွက်သွားလေသည်။

သူတို့၏ ဦးတည်ရာက ရိုးမတောင်တန်း၏ တစ်နေရာဆီသို့။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

သေမင်းပူးနေသည့် မြင်းခွာသံများ။



# အပိုင်း (၄)



www.burmeseclassic.com

www.burmeseclassic.com

# XXXI

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

"ဖြောင်း . . . ဖြောင်း . . . ခွပ် . . . ခွပ် . . ."

နောက်မှလိုက်လာသော မြင်းခွာသံတွေကို ကြားနေရပြီ။ မြင်းဖြူလေးတင်ပါးကို တဖြန်းဖြန်းရိုက်ရင်း အားသွန်ပြေးခိုင်းနေမိပါသည်။ မြင်းလေးက သခင်၏ အလိုတော်အတိုင်း တက်ကုန်ရှက်ကုန် ဖွင့်လို့။ သိုးမယ်ကတော့ နောက်မှပါလာသော မြင်းခွာသံများကို နားထောင်ရင်း ကျွန်တော့်လက်မောင်းကို အားကိုးတကြီး မှီတွယ်ထားလေသည်။ သူမ ထိတ်လန့်နေပေပြီ။

ဒါပေမဲ့ လူနှစ်ဦးကို တင်ဆောင်ထားသော မြင်းငယ်လေးမှာ လေ့ကျင့်ရည်ဝနေသော မြင်းကောင်း၊ မြင်းသန်ကြီးများကို ရေရှည် အန်မတုနိုင်။ မကြာခင်မှာပဲ နောက်ကလိုက်လာသော လူအုပ်ကြီးက ကျွန်တော်တို့နှစ်ဦးကို မီလာပါတော့သည်။ ပြီးတော့ ရှေ့ကို ပန်းတက်ကာ ပြေးလမ်းကို ပိတ်ရပ်လိုက်၏။

သွားလေပြီ။ ဇက်ကြိုးဆွဲရပ်တဲ့ရုံမှတစ်ပါး အခြားမရှိတော့။ မလွတ်တော့သည်မို့ မြင်းကို ရပ်လိုက်ရသည်။ မြင်းကိုယ်စီနှင့် လူအုပ်မှာတော့ ကျွန်တော်တို့နှစ်ဦးကို ဝိုင်းထားလိုက်လေပြီ။ ဇက်ကြိုးထိုးဆွဲရင်း တစ်ပတ်လှည့်ကြည့်မိတော့ အားလုံးပေါင်း (၁၃) ယောက်တိတိ။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်ကို လေ့လာတော့ ခဏချင်းပင် တွေ့လိုက်သည်။ တစ်ခါမှတော့ မမြင်ဖူး။ ဒါပေမဲ့ ဟန်ပန်နှင့် အရှိန်အဝါကို ကြည့်ရုံဖြင့် ဦးသိုက်ညိုဆိုတာ သိနေ၏။ ဒွေးပင်ရွာ၏ ဘုရင်တစ်ပါး၊ ဦးကင်းတွင် အဖြူစစ်ရှိသော မြင်းညိုကြီးကိုစီးကာ မီးဝင်းဝင်းတောက် မျက်လုံးတွေနှင့် ကျွန်တော့်ကို ပြာကျမတတ် စိုက်ကြည့်နေသည်။

ဝတ်ရုံရှည်ကြီးဝတ်ကာ ဆံပင်ကို ကျောပေါ်ဖြန့်ခင်းထားသည်။ အရှိန်ဝါတစ်ခုပင် သူ့ကိုယ်မှ ထွက်နေသယောင်။ ညာဘက်ခြမ်းမှာ ဦးသိုက်ညိုနှင့် ရုပ်ဆင်သူတစ်ယောက်။ ဘယ်ဘက်မှာတော့ ဂင်တိုတို ဗလတောင့်တောင့် အင်္ကျီရင်ကွဲဖြင့် လူမိုက်တစ်ယောက်ရှိနေသည်။ ကျန် သူများကို လေ့လာတော့ အားလုံးက လူမိုက်ရုပ်တွေချည်းပင်။

ယိုးမယ်က ကျွန်တော့်ရင်ခွင်ကို ကျောကပ်ပြီး ငြိမ်သက်လျက် ရှိနေပါသည်။ ထိုစဉ်မှာပဲ မြင်းပေါ်မှ လူတစ်ယောက်ဆင်းလာပြီး ကျွန်တော်တို့ဆီ လျှောက်လာသည်။ အနီးရောက်တော့ ယိုးမယ်ကိုဆွဲချ လက်လှမ်းခိုက် . . .

လှမ်းလာသောလက်ကို ဖြောင်းခနဲပုတ်ကာ ကျွန်တော် ဆောင့်ကန်လိုက်သည်။ ပြီး မြင်းပေါ်မှခုန်ဆင်း၍ ထိုလူ့ကို ဘယ်ညာလက်ဝါးစောင်းနှစ်ချက် ကျွေးလိုက်ပါသည်။ ခွေလဲသွားတော့ နောက်နှစ်ယောက် ထပ်ဆင်းလာ၏။

အသင့်အနေအထားရှိနေပေမဲ့ ဓားထိထားသော ပေါင်က တဆတ်ဆတ် တုန်လာသည်။ အလေးမထားနိုင်တော့ပါ။ လဲမကျသည် တော့ အတတ်နိုင်ဆုံး ရင်ဆိုင်ရတော့မည်။

"ကနောင် . . ."

ယိုးမယ်၏ သတိပေးသံကိုကြားတော့ ရင်ထဲမှ အားတစ်ခုနှင့် အတူ . . .

အရဲစွန့်ဝင်လာသူအား ခြေတစ်ချက် ပစ်သွင်းလိုက်၏။ နံကြား ကို ကွက်တိထိကာ တစ်ချက်တည်း မှောက်သွားသည်။ နောက်တစ်



ယောက်ကိုတော့ မြန်မြန်လှဲမသိပ်နိုင်တော့။ တတိယမြောက် ပြိုင်ဘက် တိုက်ခိုက်မှုတွင် ကျွမ်းကျင်ထားလေသည်။ ဒါပေမဲ့ . . .

ပွဲသိမ်းဖို့ မတတ်နိုင်ခင်မှာ နောက်နှစ်ယောက် ထပ်ဆင်းလာ သည်။ ပွဲက မလှတော့။ သုံးယောက် တစ်ယောက်။ ထိုစဉ်မှာပဲ ဦးသိုက်ညိုဘေးမှ လူမိုက် မြင်းပေါ်ကဆင်းကာ ယိုးမယ်ဆီ လျှောက် သည်။ ကာကွယ်ရန် ပြေးထွက်တော့ သုံးယောက်တစ်ယောက်တိုက် စတော့၏။

ဤတစ်ကြိမ်တွင်တော့ ခံရသူမှာ ကျွန်တော်။

ဘယ်ဘက်ပေါင်မှ ဓားဒဏ်ရာ၊ အသက်လုပြေးလာရသော ကပ်ပွဲ၊ ခရီးပန်းမှု၊ အားအင်ကုန်ခမ်းမှုတွေနှင့် ကျွန်တော် မည်မျှတောင့် နိုင်မည်နည်း။ ခဏတွင်ပင် ကျွန်တော့်အလှည့် ရောက်လို့လာခဲ့ပါ သည်။ လက်သီးချက်တွေ၊ ခြေကန်ချက်တွေက ခန္ဓာကိုယ်အနှံ့ကို လာ သည်။

ပြန်လည်ခုခံပေမဲ့ အချည်းနှီး။

"ကနောင်ရေ . . . ကယ်ပါဦး"

လှမ်းကြည့်တော့ ယိုးမယ်ကို ဆံပင်မှ ဆွဲခေါ်သွားသော မြင်းတစ်စု။

"ဟာ . . . ယိုးမယ်"

ပြေးထွက်တော့ . . .

"ဖြောင်း . . ."

နောက်သို့ အရုပ်ကြိုးပြတ် ပစ်ကျသွားသည်။ ထို့နောက်မှာ ယောက်က တစ်ဖက်တစ်ချက်ဆီမှ ဖမ်းချုပ်လိုက်ပါသည်။ ပြီးတော့ တစ်ယောက်က ကျွန်တော့်မျက်နှာဆီ လက်သီးတွေ အဆက်မပြတ် သွင်းသည်။

"တော်ကြပါတော့ . . . ကနောင့်ကို မလုပ်ကြပါနဲ့။ တော့ရှင်"



www.burmeseclassic.com

www.burmeseclassic.com

ယိုးမယ်၏ ဒိုယိုတောင်းပန်းသံ၊ ဒူးထောက်ကျနေရာမှ ယိုးမယ် ဆီ အားယူလှမ်းကြည့်မိစဉ် . . .

"အမယ်လေး . . . ရက်စက်လိုက်ကြတာ။ မလုပ်ကြပါနဲ့ . . . ကနောင့်ကို လွှတ်ပေးကြပါ"

ဦးသိုက်ညို၏ဘေးတွင် ယိုးမယ် ရပ်နေသည်။ အကော ပကာတိမဟုတ်။ နောက်မှနေ၍ လူမိုက်က ယိုးမယ်ဆံပင်ကို ဆောင့် ထားသည်။ ရုန်းလို့မရ။ ဦးသိုက်ညိုကတော့ ကျွန်တော်၏ နာကျင် တွေကို အားရဖွယ် ရပ်ကြည့်နေပါသည်။

ထိုစဉ်မှာပဲ ယိုးမယ်က ထင်မှတ်မထားသော အရာတစ်ခု ပြုလုပ်လိုက်သည်။ ဖမ်းချုပ်ထားသူ၏ခြေကို ဆောင့်နင်းကာ ကိုယ် တစ်ပတ်လှည့်ကန်သည်။ တစ်ခါမှ မကန်ဖူးပေမဲ့ ထိရောက်သွားခဲ့ ဆံပင်ဆွဲထားသူ လူမိုက် ထင်မှတ်မထားသော ယိုးမယ်အပြုအမူကြော အငိုက်မိသွားသည်။

လက်လွှတ်ပေးတော့ ကနောင့်ဆီ လှည့်ပြေးသည်။ ဒါပေမဲ့ ရှေ ခြည်းရောက်လာသော နောက်ထပ်ချုပ်ကိုင်မှုတစ်ခု၊ သူမဆံပင်အုံ့တ လုံး ကျွတ်ထွက်သွားသလို ခံစားလိုက်ရသည်။ ဦးရေပြားတို့ စပ်ဖျင်း မျက်နှာမှာ နောက်ဘက် ချက်ချင်းလည်သွားစဉ် . . .

အနီးကပ်တွေ့လိုက်သည်က ဦးသိုက်ညို၏ မာန်ဟုန်ပြင်းပြ မျက်နှာ။ အဆီဖြင့်ဝင်းပြောင်ကာ မျက်လုံးတွင် အရောင်လက်နေသည် ဦးခေါင်းမှ နာကျင်မှု၊ ကနောင့်အတွက် ခံပြင်းဒေါသထွက်မှုတွေနဲ့ ပြန်နိုင်တာတစ်ခုကို သူမ ချက်ချင်းတုံ့ပြန်လိုက်သည်။

"ထွီ . . ."

ထွေးလိုက်သော တံတွေးစတွေ ဦးသိုက်ညို နဖူးတည့်တည့် သွားစဉ်တော့ . . .

"ဟာ . . . ဒီခွေးမ . . ."



ပထမချုပ်ကိုင်သူမှာ ဒေါသတကြီး သူမပခုံးကို ခါယမ်းသည်။ ကြောင့် နောက်တစ်ကြိမ် ရွံမုန်းနာကျည်းစွာ ထွေးလိုက်သော တံတွေး နေရာလွဲသွား၏။ ဦးသိုက်ညိုက နဖူးမှတံတွေးကို လက်ဖြင့်သုတ် နှုတ်ခမ်းပြတ်ထွက်မတတ် အံကိုကြိတ်သည်။ ပြီး သူမ၏ပါးပြင် ရည်ရွယ်ကာ လက်တစ်ဖက် မြှောက်တက်သွားတော့ . . .

ယိုးမယ် ပါးကို ရှေ့တိုးပေးကာ . . .

"ရိုက် . . . ရိုက်စမ်း . . . လူယုတ်မာကြီး။ ငါ့ပါးကို ရိုက်လိုက် မ်း"

လက်ဝါးချက်မှာ ရောက်မလာ၊ ဒါပေမဲ့ . . .

"နင့်ကြောင့် ငါ့ချစ်သူ အခုလို အနှိပ်စက်ခံရတာ။ နင်တို့အား းကို တစ်သက်မကြေဘူးမှတ်"

လက်ဝါးမှာ လေထဲတွင် မြှောက်နေဆဲ . . .

"ဒီမှာ . . . ဦးသိုက်ညို၊ တလောကလုံးကိုပဲ ရှင်ပိုင်နေပါစေ။ စည်းစိမ်အာဏာကိုမက်တဲ့ မိန်းမမျိုးထဲမှာ ကျွန်မ မပါဘူး။ ကျွန်မ ချစ်သူရှိတယ်။ သူ့ကိုပဲ လက်ထပ်မယ်၊ သူနဲ့ပဲ ပေါင်းသင်းမယ်။ လိုလူမျိုးနဲ့ကတော့ ကမ္ဘာဆုံးသွားပါစေ။ ယောင်မှားပြီး ခေါင်းညိတ် ရင်တောင် ညိတ်မိတဲ့ခေါင်းကို ကိုယ်တိုင်ပြန်ဖြတ်ပစ်မယ်"

"ဟာကွာ . . . ဖြန်း . . ."

ပါးပြင်တစ်ခုလုံး အစိပ်စိပ် အမြွှာမြွှာကွဲသွားသလို ခံစားလိုက် သည်။ ယိုးမယ် အံကိုကြိတ်ကာ လည်သွားသော ခေါင်းကို ပြန်တည့် တ်ရင်း . . .

"ရိုက်စမ်း . . . ထပ်ရိုက်စမ်း . . ."

ကြည့်နေရင်းနှင့် ဦးသိုက်ညိုမျက်နှာမှာ အရောင်တဖြည်းဖြည်း ပြောင်းလာပါသည်။ ဒေါသရှိန်းရှိန်းထွက်နေရာမှ ကောက်ကျစ်ယုတ်မာ န်တွေ တစ်စထက်တစ်စ ပေါ်လာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"သိပ်ချစ်ကြတယ် . . . ဟုတ်လား။ မင်းတို့နှစ်ယောက်
သိပ်ချစ်ကြတယ်ပေါ့။ အေး . . . ချစ်ရမယ်၊ ချစ်ကိုချစ်ရမယ်။ ဓာတ်
ယူခဲ့စမ်းကွာ"

တပည့်များဘက်လှည့်ကာ အော်ပြောသည်။ လူတစ်ယော
မြင်းမောင်းကာ ထွက်သွား၏။ သိပ်မကြာပါ၊ ဓာတ်ဆီပုံးတစ်ခုကို ကို
ရင်း ပြန်ရောက်လာလေသည်။ ဘယ်က ရလာသည်မသိ။

"ဓာတ်ဆီရပါပြီ . . . ဆရာကြီး"

"အေး . . . ဒီကောင်မရှေ့ကနေ စပြီး ဟိုကောင့်ရှေ့ရော
အောင် လောင်းစမ်းကွာ"

ကနောင့်ကိုလှမ်းကြည့်တော့ သွေးခြင်းခြင်းနီသော မျက်နှာ
သူမအတွက် စိုးရိမ်မှုများကို တွေ့ရ၏။ ဒူးထောက်ကျကာ နှုတ်ခမ်း
သွေးတွေ တစ်စက်ပြီးတစ်စက် ကျဆင်းနေသည်။

"ကနောင်ရယ် . . . "

မျက်ရည်စက်လက်နှင့် သူမ ခေါ်မိသော်လည်း ကနောင် ကြ
နိုင်မည်မထင်ပါ။ ဦးသိုက်ညိုအမိန့်အတိုင်း ကနောင်နဲ့ သူမကြား
ဓာတ်ဆီတွေ ရွှဲသွားတော့ . . .

"မီးခြစ်ပေးစမ်း . . ."

ဦးသိုက်ညိုလက်တွင်းသို့ ယမ်းမီးခြစ်တစ်ဘူးရောက်လာ
မီးဆံတစ်ချောင်းကို ထုတ်ရင်း ထောက်ခနဲ မီးညှိသည်။ မီးတောက်
'ရှဲ'ခနဲ အသံနှင့်အတူ လက်တွင်းပါသွား၏။ ဦးသိုက်ညိုက မီးတော
ကို သူမမျက်လုံးရှေ့တွင် ဘယ်၊ ညာ ယမ်းပြရင်း . . .

"ငါချစ်ရင် မိုးကို လှေကားထောင်ပေးမယ်။ ပင်လယ်
တံတားခင်းပေးမယ်။ ငါမုန်းရင်တော့ ငရဲကိုတောင် ပြာကျအောင် မီး
ပစ်မယ်။ အခု ငါမုန်းသွားပြီး နင်တို့နှစ်ယောက်ကို ငါမုန်းသွားပြီ။
တော့ . . . "



မီးဆံကို နောက်ဘက်တောက်ထုတ်လိုက်ရာ မီးတောက်ငယ်
လေးက ဦးသိုက်ညို ပခုံးပေါ်မှကျော်ကာ လေတွင်လွင့်သွား၏။ ပြီးတော့
ဖြည်းဖြည်း အောက်သို့ စိုက်ဆင်းသွားရာ . . .

မြေပေါ်ကျသည့်ခဏ။

'ဝုန်း'ခနဲ အသံနှင့်အတူ ပတ်ဝန်းကျင်မှာ ပူလောင်လင်းချင်း
သွားပါသည်။ ချက်ချင်းပင် ကနောင်နှင့် သူမကြားမှာ မီးလျှံတွေခံသွား
။ မြင်းတွေ လန့်ဖျပ်ကာ ထခုန်သည်။ လူတွေ နောက်သို့ ခြေလှမ်း
တွတ်သည်။

ဒါပေမဲ့ ဦးသိုက်ညိုမှာ ရပ်မြဲအတိုင်း၊ ကနောင်နှင့် သူမမှာလည်း
မြဲအတိုင်း။ ထိုစဉ်မှာပဲ . . .

"ကဲ . . . သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက် ဘယ်လောက်ချစ်
ကြည့်ရအောင်"

ဦးသိုက်ညိုက သူမ လည်ကုပ်ကို နောက်မှကိုင်ကာ ရှေ့ကို
ချက်တွန်းရင်း . . .

"ဒီမီးတွေကို ဖြတ်ပြီး မင်းချစ်သူဆီ ရောက်အောင်သွား။ ဟို
က်ကိုရောက်ရင် မင်းတို့နှစ်ယောက်လုံးကို ငါ လွှတ်ပေးမယ်"

"ဟာ . . ."

"ဟင် . . ."

"အို . . ."

အကုန်လုံး ထိတ်လန့်သွားပေမဲ့ . . .

"ဟား . . . ဟား . . . ဟား . . . ငါချစ်ရင် မိုးကို လှေကား
ာင်ပေးမယ်၊ ပင်လယ်ကို တံတားခင်းပေးမယ်၊ ငါမုန်းရင်တော့ ငရဲ
တောင် ပြာကျအောင် မီးရှို့ပစ်မယ်။ ဟား . . . ဟား . . . ဟား"

www.burmeseclassic.com

www.burmeseclassic.com

# XXXII

ရှေ့မှာ မီးလျှံတွေ တလူလူလွင့်နေသည်။ တဖျစ်ဖျစ်အော်မြည်ရင်း နှစ်ပေလောက် မြင့်အောင်ပင် တောက်လောင်နေ၏။ သြော်နံ့၊ မီးခိုးနံ့တွေ သူမနှာခေါင်းတွင်း လုံးဝင်လာသည်။ မီးခိုးဟပ်ခံရသဖြင့် မျက်လုံးအိမ်မှ မျက်ရည်တွေ စီးကျနေပြီ။

ကနောင့်ကို လှမ်းကြည့်တော့ မီးလျှံရဲ့ ဟိုဘက်ခြမ်းဆီမှာ မျက်နှာကန်အော်ဟစ်လို့ . . .

"ယိုးမယ် . . . မလာနဲ့၊ ဒီကိုမလာခဲ့နဲ့"

သူမ နားကို ပိတ်လိုက်သည်။ မလာလို့ ဘယ်ဖြစ်မလဲ . . . ကနောင်ရယ်။ ယိုးမယ်မလာရင် ကနောင်နဲ့ ဝေးရမှာပေါ့။ ဦးသိုက်ညိုနဲ့ အပေါင်းအပါတစ်စုကတော့ ပျော်ပွဲရွှင်ပွဲတစ်ခုကို ကြည့်နေရသလို အလား။ တဟားဟား အော်ရယ်နေကြသည်။

"သွားလေ . . . မသွားရဲဘူးလား။ ပြောတော့ ချစ်လုပါရဲ့ဆို။ ဟား . . . ဟား . . . ဟား"

ဦးသိုက်ညိုရဲ့ ခနိုးခနဲ့ စကားများနှင့် ရယ်သံ။

"တကယ်တော့ မင်းတို့ပြောပြောနေတဲ့ အချစ်ဆိုတာ ပါးစပ်က ပြောပါကွာ။ ကိုယ့်အသက်နဲ့ယှဉ်ပြီး ဘယ်သူ့ကိုမှ မချစ်ရဲပါဘူး။ ဟား . . . ဟား . . . ဟား . . ."

ထိုမျှနှင့်ပင် မပြီးသေး။ ရယ်ပွဲဖွဲ့နေသော အပေါင်းပါတစ်ဦးဘက်လှည့်ကာ . . .



"ဟော့ကောင်တွေရေ . . . ဂန္ဓဝင်အချစ်သူရဲကောင်းကြီးနှစ်ယောက်ရဲ့ ချစ်မေတ္တာတွေကို ကြည့်ရအောင်ကွာ"

"ဟေး . . . ဟား . . . ဟား . . . ဟား . . ."

သူမနားတွေ လျှံထွက်နေပေပြီ။ ဘာကိုမှ မကြားချင်တော့။ အံကိုကြိတ်ရင်း ဖိနပ်ကြိုးလေးနှစ်ချောင်းကို ဖြုတ်လိုက်သည်။ ပြီး ဖိနပ်လေးနှစ်ဖက်ကို ဘေးတွင် စုပုံလိုက်၏။ နူးညံ့ဝင်းမွတ်သော ခြေဖဝါးလေးတွေကို မြေသားနှင့် အရင်မိတ်ဆက်ပေးလိုက်သည်။

လူယုတ်မာတစ်စုကတော့ သူမလုပ်ကိုင်ပုံကို ကြည့်ကာ လက်ခုပ်လက်ဝါးတီး ရယ်မောလို့။ ယိုးမယ်မျက်လုံးကို မှိတ်ကာ တုနှိုင်းမဲ့သော ဗုဒ္ဓမြတ်စွာဘုရားကို အာရုံပြုလိုက်သည်။ ပြီးတော့ ဖေကြီးနှင့် မေကြီးမေတို့၏မေတ္တာ။

မေတ္တာတရားကို ရင်ဝယ်ထားသောကြောင့် အလိုလိုအေးမြလာသည်။ ကနောင်နှင့် ပျော်ရွှင်ကြည်နူးခဲ့ပုံတွေ၊ ပြောဆိုခဲ့သော မေတ္တာစကားတွေ စတာတွေကို အာရုံမှာ ပြန်ဖော်တော့ အေးမြရုံမဟုတ်။ ပျော်ရွှင်မှုပင် ဖြစ်လာခဲ့၏။ ထိုအခါမှာ မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။

မီးလျှံ၏ ဟိုဘက်ဆီတွင် ချစ်သူကနောင် ရှိနေသည်။ ရောက်အောင်သွားနိုင်ပါက သူမတို့ချစ်သူနှစ်ဦး လွတ်မြောက်ခွင့် ရလိမ့်မည်။ မျက်လုံးကို ကနောင့်ဆီ ပို့ထားလိုက်၏။ သူမ၏စိတ်ဝယ် မီးလျှံတို့မရှိတော့ဘဲ ရှေ့ခြေတစ်လှမ်းစာသာ ရှိတော့ပါသည်။

"ပထမ ခြေလှမ်း . . ."

ပတ်ဝန်းကျင်မှာ တိတ်ကျသွားသည်။ လှောင်ပြောင် အထင်သေးသော ပါးစပ်တွေ ပိတ်ကုန်သည်။

"ဒုတိယ ခြေလှမ်း"

ပူလောင်မှုကို စတင်ခံစားလိုက်ရပြီ။

"တတိယခြေလှမ်း . . ."



www.burmeseclassic.com

www.burmeseclassic.com

မြေကြမ်းကြမ်းပင် မနင်းဖူးသော ယိုးမယ်ခြေဖဝါးနှစ်ဖက်မှာ . . . အံကိုကြိတ်ကာ နောက်တစ်လှမ်းလှမ်းတော့ ပါးပြင်မှ မျက်ရည်တွေ စီးကျလာသည်။

"စတုတ္ထ . . ."

အရေပြားတွေ လောင်ကျွမ်းကုန်ပြီလားမသိ။ နောက်သုံးလှမ်းမြောက်စဉ်မှာ ခြေဖဝါးတွေ ကွဲရှပူပြင်းပြီး အသည်းခိုက်ခိုက်တုန်လာတော့သည်။ ဆုပ်ထားသော လက်သီးတွေ ဖြေမရတော့။ ဖိကိုက်ထားသော နှုတ်ခမ်းက ပေါက်ပြဲနေပြီ။

"ယိုးမယ် . . . မလာပါနဲ့ . . . ယိုးမယ်ရယ်၊ မလာပါနဲ့တော့ ကိုယ့်ဆီကို မလာပါနဲ့တော့"

ကနောင်၏ငိုသံက နားထဲတွင် ပဲ့တင်ထပ်နေသည်။ အသည်းခိုက်အောင် နာကျင်ရပါတယ် . . . ကနောင်ရယ်၊ ဒါပေမဲ့ ယိုးမယ် မလာလို့ မဖြစ်ဘူး။ ဒီမီးတောက်တွေကို ကျော်ဖြတ်နိုင်မှ ကနောင်နဲ့ နီးရမှာလေ။

ဘာမှမဖြစ်ဘူး . . . ကနောင်၊ စိတ်ချ၊ ယိုးမယ် ဘာမှမဖြစ်စေရဘူး။ သူမဝတ်စုံအနားစကို မီးစွဲလောင်နေပြီ။ ဒါပေမဲ့ ယိုးမယ် ငုံ့မကြည့်။ ငြိမ်းသတ်ခြင်းမပြု။ သူမစိတ်ဝယ်ရှိနေတာ မီးမဟုတ်။ ပူလောင်မှုမဟုတ်၊ ကနောင်နဲ့ နီးစပ်နိုင်ဖို့ပါ။

ခန္ဓာတစ်ခုလုံး တဆတ်ဆတ်တုန်ရင်း တစ်လှမ်းပြီးတစ်လှမ်း

မီးလောင်ပေါက်ပြဲမှုတွေ ခြေဖဝါးဆီမှာ တစ်ခုပြီးတစ်ခု။

"ယိုးမယ် . . . ယိုးမယ် . . . မြန်မြန် . . . ပြေးလာတော့ ကိုယ့်ဆီကို မြန်မြန်ပြေးလာတော့"

ဖမ်းချုပ်ထားသောလက်များကို ရုန်းကန်လှုပ်ရှားရင်း ကနောင်၏ သက်မောဖွယ်စကား၊ နင်းဖြတ်နေသော သူမကိုကြည့်ပြီး လှိုက်မောအော်ဟစ်နေသည်။

ဖဝါးပြင်နဲ့ ခြေထောက်သားတွေ ပေါက်ပြဲ၊ သွေးတွေ တစ်စက်စက် စီးနေပြီ။ ဒါပေမဲ့ ယိုးမယ်လျှောက်နေတုန်း။



ငါလဲသွားလို့မဖြစ်ဘူး။ ငါလဲသွားရင် ကနောင်နဲ့ ဝေးရမယ်။ ငါလဲတာသည် ငါတို့နှစ်ယောက်ပေါင်းဘဝ ပြိုလဲသွားတာနဲ့ အတူတူပဲ။ သွားရမယ်၊ မရောက်ရောက်အောင် သွားရမယ်"

လူက အသက်ရှူမမှန်ချင်တော့ စွဲလောင်နေသော မီးစတွေက တဖြည်းဖြည်း ကြီးမားလာပြီ။

"ကနောင်ရေ . . ."

ငိုသံနှင့်အတူ လှမ်းလိုက်သော ခြေထောက်က ဒရွတ်တိုက်မတတ်။ နောက်ဆုံး ဘယ်လိုမှ မရပ်တည်နိုင်တော့အောင် လောင်မြိုက်ခံလိုက်ရစဉ်မှာတော့ . . .

"ယိုးမယ် . . ."

ရှိသမျှအားကုန်သုံးကာ ချုပ်ကိုင်ထားသော လက်နှစ်ဖက်ကို စောင့်ရုန်းလိုက်သည်။ တိမ်မြုပ်နေသော အားတွေက တစ်မုဟုတ်ချင်း ရုန်းကြွလာကာ ဖမ်းချုပ်သူနှစ်ယောက် နောက်လန်ကျသွား၏။ ထိုအခါမှာ မီးလျှံကြားသို့ ကျွန်တော် အားသွန်ပြေးထွက်လိုက်ပါသည်။

မီးတောက်များကို ဖြတ်နင်းပြီး ယိုးမယ်ဆီရောက်တော့ ခန္ဓာတစ်ခု ကျွန်တော့်လက်တွင် ပုံလဲကျလာသည်။ အလျင်အမြန်ကောက်ပွေ့ကာ မီးလွတ်ရာဆီ ကျွန်တော် ပြေးတော့၏။ ခြေတစ်လှမ်းလွတ်စဉ်မှာပဲ ယိုးမယ်ကို မြေတွင်ချရင်း မီးများကို ငြိမ်းသတ်လိုက်သည်။

ကျွန်တော် တကြော်ကြော် ခေါ်နေမိသည်က . . .

"ယိုးမယ် . . . ယိုးမယ် . . ."

ဒါပေမဲ့ . . .

မီးလောင်ဒဏ်ရာများနဲ့ သွေးလူးပေါက်ပြဲနေသော ခြေနှစ်ဖက်မှာ တဆတ်ဆတ်တုန်နေသည်။

"ယိုးမယ်ရယ် . . ."

အာခေါင်တွေ သွေ့ခြောက်၊ မျက်ရည်တို့ ဝိုးဝိုးပေါက်ထွက်ကျဆင်းခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ယိုးမယ်ရယ် . . . "

ချစ်လိုက်တာ။ ကိုယ့်ကို အဲလောက်တောင် ချစ်သတဲ့လား။ ကျွန်တော်နဲ့နီးရဖို့၊ ကျွန်တော်တို့နှစ်ဦး အတူလွတ်မြောက်ဖို့အတွက် ကိုယ့် အသက်ကိုယ်တောင်မငဲ့ဘဲ မီးတောကို ဖြတ်နင်းခဲ့ပါသတဲ့။ အရင်က မြေသားမာမာပင် မနင်းဖူးသော ယိုးမယ်ခြေဖဝါးနုနုမှာ မီးလျှံများကို တစ်လှမ်းချင်း နင်းလျှောက်ခဲ့ပါသတဲ့။ လေးစားဖို့ ကောင်းလိုက်တာ။

ပူလောင်မှုဒဏ်ရာတွေနဲ့ သတိရလာတော့ ကျွန်တော့်လက်ကို ကိုင်ပြီး တခုတ်တရ မေးပါသည်။

"ကနောင် . . . ဘာဖြစ်သွားသေးလဲတဲ့"

ကျွန်တော့်မှာ ကြည်နူးမှု၊ လှိုက်မောမှု၊ မချိတင်ကဲဖြစ်မှုတွေနဲ့ စကားပင် မဆိုနိုင်။ သွေးလျော့ဖြူလျော်သွားသော မျက်နှာနှင့် လက် ချောင်းသွယ်သွယ်လေးများကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း မျက်ရည်များပင် သွင်သွင်စီးကျလာရသည်။

"ကိုယ် ဘာမှမဖြစ်ပါဘူး . . . ယိုးမယ်ရယ်၊ အရေပြားနဲ့ အသားပေါ်က ဒဏ်ရာတွေထက် ယိုးမယ်လေးကိုကြည့်ပြီး နာကျင်ရတဲ့ ရင်ထဲက ဒဏ်ရာက ပိုနာရပါတယ်ကွယ်"



လွတ်မြောက်လိုမှုတွေနဲ့ သူမ မျက်လုံးလေးများဝင်းလို့။ အရည် ကြည်ဖုတွေ စီရီထသီးလာသော ခြေထောက်နှစ်ဖက်လုံးက တဆတ်ဆတ် တုန်လို့၊ အသားနီလန်၍ မီးလောင်ထားသောနေရာတွေက အငွေ့များ လွင့်ပျံလို့ . . .

ဒါပေမဲ့ သစ္စာမဲ့သော လူတစ်စုရဲ့ အစွမ်းကုန် ယုတ်မာမှုတွေကို ကျွန်တော်တို့နှစ်ဦး ထပ်မံခံစားခဲ့ရပါသည်။

လွတ်မြောက်မှုမပေးသည့်အပြင် ခေါင်းကို အဝတ်စွပ်၍ တစ်နေရာကို ခေါ်ဆောင်သွားခဲ့သည်။

ယိုးမယ်အတွက် စိုးရိမ်မှုကလွဲပြီး ကျွန်တော် ဘာမှမသိတော့။



www.burmeseclassic.com

www.burmeseclassic.com

# XXXIII

မြင်းပေါ်ရောက်နေတာကိုတော့ သူမ ခံစားမိသည်။ မျက်လုံးကို အဝတ်အုပ်ထားသည်မို့ ဘယ်ကိုသွားနေတာလဲ မသိရ။ သူမ တစ်ကိုယ်လုံး အားအင်ကုန်ခမ်းကာ သေအံ့မူးမူးပင် ဖြစ်နေခဲ့ပြီ။

ခြေထောက်နှစ်ချောင်းလုံးက အထိမခံနိုင်အောင် နာကျင်နေပြီ။ ခြေထောက်မှ ပူလောင်မှုတွေက တစ်ကိုယ်လုံးပင် ကူးစက်လောင်ကျွမ်းနေသလို၊ အသက်ရှူလည်း မဝချင်။ မြင်းခွာသံတွေကိုတော့ အတိုင်းသားကြားနေရ၏။ ကနောင် ဘယ်မှာလဲ။

သူမရဲ့ ရင်နင့်သည်းချာ ပုဂ္ဂိုလ်လေး ဘယ်မှာလဲ။ မြင်းတစ်စီးပေါ်မှာတော့ ပါလာမှာပါ။ ကနောင့်ကို သတိရတော့ ရင်ထဲမှာ နင့်နဲ့နာကျင်သွားသည်။ သူတို့တွေ သူတို့တွေ ကနောင့်ကို ရက်စက်လိုက်ကြတာ။ ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်လိုက်ကြတာ။

ကနောင်ရယ် . . .

ယိုးမယ်အတွက် ဘာလို့အဲလောက်တောင် ဒုက္ခခံရတာလဲ။ ယိုးမယ် ရင်နာလိုက်တာ။ ရင်နင့် မဆုံ့လိုက်တာ။ သွေးသံရဲရဲနှင့် ဒူးထောက်ကျနေသော ကနောင့်ပုံစံကို စက္ကန့်ဝက်မျှ မကြည့်ရက်။ ပြီးတော့ ဖူးညိုပြာယောင်နေသော မျက်ဝန်းကွင်းများအောက်မှ သူမကို လှမ်းကြည့်သော မျက်လုံး . . .

ခန္ဓာကိုယ်မှ ဒဏ်ရာများကို သတိမရတော့ပါ။

ဘာပဲပြောပြော သူမ အသက်ရှင်ရဦးမည်။ သူမနှင့် ကနောင်ရဲ့ နှစ်ဦးပေါင်းဘဝတစ်ခုအတွက် အသက်ရှင်ရဦးမည်။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ကွယ် . . .။

ချစ်သူလက်သာ ထိကိုင်ထားရရင် အသက်မရှူပေမဲ့လည်း အသက်ရှိနေပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# XXXIV

ပူလိုက်တာ။

ထိုခံစားမှုဖြစ်ပြီးနောက် မြင်းပေါ်မှ သူမ ဆွဲချခံလိုက်ရသည်။ မြေပေါ်ရောက်တော့ ခြေထောက်မှာ မထောက်နိုင်ဘဲ ပုံလျက် လဲကျသွား၏။ ထိုအခါတွင် လူတစ်ဦးရောက်လာကာ သူမ၏ လက်မောင်းမှကိုင်ပြီး ဒရွတ်တိုက် ဆွဲခေါ်သွားပါသည်။ တစ်နေရာရောက်တော့ ဆောင့်တွန်းလွှတ်လိုက်သည်။

လဲကျသွားစဉ် ထိမိလိုက်သည့် အထိအတွေ့တစ်ခု။

ဘယ်ကမ္ဘာ၊ ဘယ်အရပ်ရောက်ရောက် ရင်ထဲ အသည်းထဲတွင် မှတ်မှတ်ထင်ထင် ရှိနေမည့်လူတစ်ဦး။

"ဟယ် . . . ကနောင် . . ."

"ဟာ . . . ယိုးမယ်"

အသားချင်း ထိလိုက်သည်နှင့် နှလုံးသားက နာမည်တစ်ခုကို လွှတ်ခနဲ လှမ်းခေါ်သည်။ နှစ်ဦးသား ရုန်းကန်လူးလိမ့်ရင်း တစ်ဦးနှင့်တစ်ဦး ဖွဲ့ဖက်လိုက်ကြသည်။ အဝတ်အုပ်ထားသည်မို့ တစ်ဦးကိုတစ်ဦး မမြင်။ ဒါပေမဲ့ နှလုံးသားနှစ်ခုက ခွဲမရအောင် နားလည်နေခဲ့ပြီ။

တစ်ဦးနာမည် တစ်ဦးခေါ်ရင်း ပွေ့ဖက်ထားကြတာ အသက်နဲ့ ခန္ဓာကိုပင် မေ့နေသည့်အလား။ နှစ်ဦးလုံးက ကိုယ်ကိုယ်တိုင်ထက် ချစ်ရသူအပေါ် . . .။

ယိုးမယ်ရဲ့ ငိုရှိုက်သံတို့ နားတွင်းရောက်လာတော့ ကျွန်တော် မျက်ရည် အလိုလို ကျမိသည်။ မငိုပါနဲ့ . . . ယိုးမယ်ရယ်။ ကျေးဇူးပြုပြီး မငိုလိုက်ပါနဲ့ကွာ။

ယိုးမယ်ငိုရင် ကိုယ့်အသည်းတွေ နာလွန်းလို့ပါ။ ငိုနေလျက်မှ တစ်ဦးလက်တစ်ဦး တင်းတင်းဆုပ်ထားမိကြ၏။ ထိုလက်နှစ်ဖက် ဘယ်လောက်ကြာကြာ ခိုင်မြဲထားနိုင်မည်လဲ။

အံကို ကြိတ်တော့ ကြက်သီးတွေ ဖျန်းဖျန်းပွင့်လာသည်။

ထိုစဉ်မှာပင် ခေါင်းမှအဝတ်ကို ဆွဲချွတ်ခံလိုက်ရတော့ မျက်လုံးပွင့်ပွင့်ချင်း မြင်လိုက်ရသည်ကား . . .

"ဟာ . . ."

"ဟယ် . . ."

ကျွန်တော်တို့ နှစ်ဦး၏အရှေ့ဆီမှာ . . .

အလျှံညီးညီး တောက်လောင်နေသော . . .

"အုတ်ဖိုကြီးတစ်ဖို . . ."

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်
ချစ်သူလက်သာ ထိကိုင်ထားရရင်
အသက်မရှူပေမဲ့လည်း အသက်ရှိနေပါတယ်...



အပိုင်း (၅)



www.burmeseclassic.com

www.burmeseclassic.com

# XXXV

"ပြီးတော့ မင်းတို့ ဘာလုပ်လိုက်ကြလဲ"

ကိုကြီးမောင်အမေးကို စောဖြူက စိတ်မသက်သာဖွယ် ခေါင်း
ခါ်းရင်း . . .

"ဆရာကြီးရဲ့အမိန့်အတိုင်း သူတို့နှစ်ယောက်ကို အုတ်ဖိုထဲ
ည့်ဖုတ်ပြီး လက်စဖျောက်လိုက်တယ်"

"ဟာ . . ."

စည်သူ ကြက်သီးတို့ ဖျဉ်းခနဲ ထသွားသည်။ ရက်စက်ယုတ်မာ
း်းသော ဦးသိုက်ညိုနှင့် အပေါင်းပါတစ်စုကိုလည်း နာကျည်းရွံမုန်း
းမိ၏။ ပြီး စောဖြူကို စက်ဆုပ်ဖွယ်ကြည့်ကာ . . .

"ချစ်သူနှစ်ယောက် ပေးရမှာစိုးလို့ ထွက်ပြေးတာ အပြစ်လား
မင်းတို့အတွက် အပြစ်ဖြစ်တယ်ထားဦး၊ ဒီလောက်ထိ လုပ်စရာ
"

"ဟုတ်ပါတယ်ဗျာ . . . အဲလောက်ထိ လုပ်ဖို့မသင့်ပါဘူး
သမဲ့ ကျွန်တော်တို့က ဆရာကြီးရဲ့အမိန့်အောက်မှာ အသက်ရှင်ရတဲ့
ကောပါ။ ဆရာကြီးအမိန့်ပေးရင် ဘာမဆိုလုပ်ရတာ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ပါပဲ။ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ ငြင်းပိုင်ခွင့် မရှိဘူး"

"ကျွတ် . . ."

စည်သူ စုတ်သပ်လိုက်မိ၏။

"ကျွန်တော် တကယ်ပဲ စိတ်မကောင်းပါဘူး။ ဘာဖြစ်လို့ ဆိုတော့ အုတ်ဖိုထဲ သူတို့နှစ်ယောက်ကို သွင်းပြီးနောက်မှာ ကျွန်တော် က တံခါးပိတ်ရတဲ့လူလေ။ အုတ်ဖိုတစ်ဖိုရဲ့ မီးပြင်းအား ဘယ်လောက် ရှိလဲဆိုတာကို ခင်ဗျားတို့ သိပါလိမ့်မယ်။ ငှက်ပျောတစ်ပင်ခုတ်ပြီး ထည့်ရင်တောင် ချက်ချင်း မီးထတောက်လောက်အောင်ပြင်းတဲ့ မီး မျိုးပါ။ ဒါပေမဲ့ အဲလောက်မီးပြင်းအားထဲမှာ သူတို့နှစ်ယောက် ယောက်လက်တစ်ယောက် မြဲမြဲဆုပ်ထားကြတယ်။ လုံးဝ လွှတ် မသွားဘူး"

ယောက်ျားရင့်မာတစ်ယောက်ပေမဲ့ စည်သူ စို့နင့်သွား သည်။ အာခေါင်တွေခြောက်ကပ်ကာ အံကြိတ်မိလိုက်သလားပင် မ တတ်။

"အဲဒီညက ကျွန်တော် တစ်ညလုံး အိပ်မရခဲ့ဘူး။ ကိုယ့်ကို ကိုယ် လူသတ်တရားခံတစ်ယောက်လို ခံစားမိပြီး မျက်ရည်တောင် ကျ တယ်။ သူတို့နှစ်ယောက်ကို သနားသွားတာပါ။ နောက် ရက်နည်းနည်း ကြာတော့ အုတ်တွေကျက်သွားလို့ ထင်းထပ်မထိုးဘဲ မီးသေအောင် တယ်။ မီးအရှင်းသေတော့ အုတ်ဖိုထဲက ရှိသမျှပြာတွေအားလုံးကို ကျွန် တော် လိုက်စုတယ်ဗျာ။ ပြီးတော့ အဲဒီပြာတွေကို အိုးတစ်လုံးမှာထည့်ပြီး တောင်ကုန်းတစ်ခုမှာ သွားမြှုပ်တယ်။ ကျွန်တော်တို့ အုတ်ဖိုကနေ ပင်ရှာကိုဆင်းတဲ့ လှည်းလမ်းကြောင်းဘေးက တောင်ကုန်းပါ"

"ဟင် . . ."

"ဟာ . . ."



စည်သူနှင့် ကိုကြီးမောင် ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။

"ဒါ . . . ဒါဆို ခြောက်သွေ့တောင်ကုန်းက . . ."

"ဟုတ်ပါတယ် . . .။ ကနောင်နဲ့ ယိုးမယ်တို့ရဲ့ အရိုးပြာအိုး မြှုပ်ထားတာ အဲဒီတောင်ကုန်းမှာပါ။ ပြာအိုးမြှုပ်ပြီးတဲ့ အချိန်ကစပြီး တောင်ကုန်းမှာ သစ်ပင်တွေ သေကုန်တယ်။ တဖြည်းဖြည်း ခြောက်ပြီး ကျိုးကျလာတဲ့အထိပါပဲ။ အခုဆို ခင်ဗျားတို့မြင်တဲ့အတိုင်း တောင်ကုန်း က လွင်တီးခေါင်လို ဖြစ်နေပြီ"

စည်သူ စကားပင် မဆိုနိုင်တော့ပါ။ ကိုကြီးမောင်ကို ကြည့်မိ တော့ အံကိုကြိတ်ပြီး မျက်ရည်တွေ စီးကျနေသည်။ သူ၏ ချစ်လှစွာ သော ညီမလေးရဲ့အဖြစ်က ကြေကွဲစို့နင့်ဖွယ်ပင် မဟုတ်ပါလား။

အခုတော့ အားလုံး နားလည်သွားခဲ့ပြီ။ သစ်ပင်တွေ အကြောင်း မဲ့ သေဆုံးကုန်သောဖြစ်ရပ်၊ တောင်ကုန်းမှမြေကြီးတွေ အလိုလိုပူရခြင်း ဖြစ်သဘော၊ ထိုမြေကြီးမှာထိုးစိုက်သော အပင်ဟူသမျှ ခြောက်ကပ်စေ နိုင်သော အစွမ်းသတ္တိ၊ ဒါတွေအားလုံးကို နားလည်သွားခဲ့ပြီ။

ပြီးတော့ လူတွေ အဆက်မပြတ်သေဆုံးမှုနှင့် လူသေညတိုင်း တောင်ကုန်းမှ မီးထတောက်မှု၊ အားလုံးကို ဆက်စပ်နားလည်သွားပေမဲ့ ကိုကြီးမောင်မှာတော့ ယူကျုံးမရနိုင်အောင် ရှိတော့သည်။

"အဲဒီနောက်ပိုင်း ကျွန်တော်တို့ (၁၃) ယောက်လည်း တစ် ယောက်ပြီး တစ်ယောက် သေတော့တာပဲ။ အငြိုးဆိုတာကြီးက တော် တော်ကြောက်ဖို့ ကောင်းသားဗျာ"

စောဖြူ ဘာကိုဆိုလိုကြောင်း နားလည်လိုက်ပါသည်။ အငြိုး ငြိုးကြီးဆိုတာ ကျွန်တာမကြည့်နှင့်၊ ပြာအိုးမြှုပ်ရာအရပ် ပူပြင်းခြောက် သွေ့သွားတာပင် ကြည့်တော့။ အုတ်ဖိုတွင်း မီးတိုက်အသတ်ခံရလို့ ကနောင်တို့ရဲ့အရိုးပြာတွေ ပူရတာလား၊ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအပူထက် အဆပေါင်းများစွာ ပြင်းသော စိတ်ခံစားမှု တွေ၊ ကလဲ့စားချေလိုမှုတွေ၊ တူညီသော အပြစ်ပေးလိုစိတ်တွေ ကိန်းအောင်းပါဝင်နေခြင်းကြောင့်သာ။

"အုတ်ဖိုကလည်း တစ်လုံးမှ သုံးမရပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"အပူက အခုချိန်ထိမှ မသေသေးဘဲ။ ညဘက်ဆို ပိုပူတယ်။ တချို့ရက်တွေဆို အငွေ့ထွက်တာတောင် တွေ့ရတယ်ဗျ"

စည်သူ မျက်မှောင်ကြုတ်ကာ တစ်ခွန်းမေးလိုက်သည်။

"ဘယ်အုတ်ဖိုလဲ"

"ဖိုးမောင်ပိသေတဲ့ အုတ်ဖိုပေါ့"

ခေါင်းပင် ကြီးသွားရသည်။ လုံးဝ ထင်မထားပါ။ သူပင် ကျော မိ၍ အပူလောင်ခံရဖူး၏။ ဖိုးမောင် သေဆုံးပုံကလည်း မျက်မြင်ကိုယ် တွေ့၊ မီးအိုးအကပ်ခံရသလို အငွေ့တလူလူ၊ အော်မြည်သံတရှဲရှဲ။

ထိုအုတ်ပုံကြီးက ကနောင်တို့ မီးတိုက်အသတ်ခံရသည့် အုတ် ဖိုကြီးတဲ့။ ဘုရား . . . ဘုရား . . . အခုမှ ကြက်သီးထမိသည်။ ဒါ ကြောင့် ဖိုးမောင်အုတ်ပုံကို ထိုင်ထိုင်ကန်တော့ပြီး တောင်းပန်နေတာကိုး။

ဒါပေမဲ့ စည်သူ့စိတ်ထဲတွင် မရှင်းလင်းတာတစ်ခုက ရှိနေဦး သေးသည်။ ထို့ကြောင့် . . .

"ဒါနဲ့ . . . နေပါဦး၊ မင်းလည်း (၁၃) ယောက်ထဲမှာ ပါတာ ပဲ။ မင်းကျတော့ သူတို့လို ဘာလို့မဖြစ်တာလဲ။ (၁၃) ယောက်မှာ (၉) ယောက် သေပြီးသွားပြီ။ ကျန်တဲ့ (၃) ယောက်ကလည်း ကျန်းမာရေး အခြေအနေ တော်တော်ဆိုးနေတယ် ကြားတယ်။ မင်းကျတော့ . . ."

စကားမဆုံးလိုက်ပေမဲ့ စောဖြူက ယဲ့ယဲ့ပြုံးသည်။

"သေချိန်တန်ရင် ရှောင်လွှဲလို့ မရပါဘူးဗျာ။ ဘယ်သူမဆို သေ မှာပဲ။ ကျွန်တော့်အလှည့် မရောက်သေးလို့နေမှာပေါ့"



"ငါကတော့ အဲလိုမထင်ဘူး။ မင်းကိုကြည့်ရတာ သူတို့နဲ့ လုံးဝ မတူဘူး။ သေမှာကိုမကြောက်ဘဲ အေးအေးချမ်းချမ်း ဖြစ်နေတယ်။ ပူပင် သောကမရှိဘဲ တစ်ခုခုကို ကျေနပ်နေသလိုပဲ။ ဘာလဲ . . . ကနောင်နဲ့ သိုးမယ်တို့ရဲ့အရိုးပြာကို ကောင်းကောင်းမွန်မွန် မြေမြှုပ်ပေးခဲ့တဲ့အတွက် ကြောင့်လား"

"နောက်တစ်ခု ကျန်သေးတယ်"

စည်သူ စိတ်ဝင်စားသွားလေပြီ။ (၁၃) ယောက်တွင် သူတစ် ယောက်တည်း အေးအေးချမ်းချမ်းဖြစ်လို့နေသည် မဟုတ်ပါလား။

"အရိုးပြာမြှုပ်ပြီးတဲ့နေ့ပဲ ကျွန်တော် အုတ်ဖိုက အပြီးပိုင်ထွက် ခဲ့တယ်။ သူတို့နဲ့ ဆက်မနေချင်တော့ဘူးဗျာ။ တောထဲမှာပဲ တဲထိုးပြီး တစ်ယောက်တည်း နေတယ်။ တစ်ရက်တော့ တောထဲမှာ ကမ္မဋ္ဌာန်း တရားအားထုတ်နေတဲ့ ဘုန်းကြီးတစ်ပါးနဲ့ တွေ့ပြီး ထွက်ပေါက်ရသွား တယ်ဆိုပါတော့။

ကျွန်တော့်ရင်ထဲမှာရှိနေတဲ့ အစိုင်အခဲတွေ၊ ပူလောင်မှုတွေ၊ မိုက် ပြစ်တွေကို ဝန်ချတောင်းပန်ပြီး ဘုန်းကြီးအနီးအနားမှာ ဝေယျာဝစ္စလုပ် ရင်း နေပါရစေလို့လျှောက်တယ်။ ငါးပါးသီလ လုံအောင်ထိန်းမယ်ဆိုရင် အခွင့်ပေးမယ်လို့ ဘုန်းကြီးက မိန့်တယ်ဗျ။ ကျွန်တော့်မှာ ပျော်လိုက် တာဗျာ။ ချက်ချင်းပဲ ဆုံးဖြတ်ချက်ချပြီး ငါးပါးသီလ ခံယူခဲ့တယ်။ အဲ့ဒီ နေ့ကစပြီး အခုချိန်ထိ ကျွန်တော် သီလတစ်ပါးမှ မကျိုးပျက်ခဲ့ဘူး"

"ဩော် . . ."

ဓာတ်ရည် လည်သွားချေပြီ။ အခြားသူများနှင့် စောဖြူ မတူကွဲ ပြားမှုကိုလည်း နားလည်ခဲ့ပြီ။

"လူတစ်ယောက်မှာ စောင့်ထိန်းသင့်တဲ့ ကျင့်ဝတ်ငါးပါးလုံး လုံ နေမှပဲဗျာ။ ကျွန်တော်က ဘာကိုကြောက်ရမှာလဲ။ ဘာပူပင်သောကဆော့



www.burmeseclassic.com

www.burmeseclassic.com

ရှိရမှာလဲ။ ကျွန်တော့်ဘဝကို ကျွန်တော် ကျေနပ်နေပြီ။ လူဖြစ်ကျိုးနပ်စွာနဲ့ လောကကြီးထဲက ထွက်သွားရဲနေပြီ”

စောဖြူဆိုသော လူတစ်ယောက်ကို စည်သူ တအံ့တဩ ကြည့်နေမိတော့ . . .

“ဒါပေမဲ့ပေါ့လေ . . . ။ ကျွန်တော့်အလှည့်ရောက်ဖို့ လိုသေးရင်တော့ ဥပဒေကပေးတဲ့အပြစ်ဒဏ်ကို ကျေနပ်စွာခံယူဖို့ အသင့်ပါ”

ဒီတစ်ခါတော့ အံ့ဩရုံမဟုတ်၊ လေးစားသွားရပြီ။

နာရီကို ကြည့်လိုက်၏။

ပြီးတော့ ဘယ်သူ့ကို ဦးတည်မှန်းမသိသော စကားတစ်ခု သူ့နှုတ်မှ ထွက်သွားသည်။

“သူတို့ လာတော့မှာပါ”



# XXXVI

“သားလေးရေ . . . ဘယ်မှာလဲ”

“လာပါကွ . . . သားလေးရဲ့ မင်းကို ဘာမှမလုပ်ပါဘူး”

ဦးသိုက်ညို တောထဲတွင် တစ်လှမ်းချင်းလျှောက်ကာ ချောက်ချားဖွယ်အသံကို ပြုနေ၏။ ခါးရိုးပေါ် လက်တင်ကာ မျက်လုံးတွေက ကျီးကန်းတောင်းမှောက်။ မဝေးလှသော အရပ်တွင် ဝါးတဲလေးတစ်လုံးနှင့် လူတစ်ယောက်ရှိနေသည်။

စောဖြူ၏ ဝါးတဲဖြစ်ပြီး ရှိနေသူကတော့ စောဖြူမဟုတ်ပါ။ အကောင်းပကတိလည်းမဟုတ်။ သတိလွတ် လဲကျနေခြင်း။ ဦးသိုက်ညို့တို့ ငါးယောက်ရောက်လာတော့ စောဖြူမှာ မရှိတော့။ စောင့်ကြည့်ခိုင်းထားသော တပည့်ဖြစ်သူသာ အတိုက်ခိုက်ခံထားရသော လက္ခဏာနှင့် သတိလွတ် လဲကျနေသည်။

စောဖြူမရှိတော့ မူလပစ်မှတ်ကိုပဲ ဦးတည်လိုက်ရပါသည်။ ဝေလက သဘောပေါက်စွာ နောက်လှည့်ပြေး၏။ မှိုင်းညိုက ဓားထုတ်တားမြစ်ပေမဲ့ ပြန်လည်ခုခံကာ ထွက်ပြေးသွားသည်။ အဝေးကြီးတော့ မပြေးနိုင်ပါ။ ချက်ချင်းပင် ဝိုင်းမိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ ဝေလပုန်းအောင်းရာ သစ်ပင်တန်းလေး၏ ဟိုဘက်တွင် မိုင်းညိုတို့သုံးယောက် ရှိနေသည်။ ဒီဘက်မှာက သူတစ်ယောက်တည်း။ အချိန်မရှိတော့။ မိနစ်ပိုင်းအတွင်း အပြီးရှင်းရမည်။ သန်းခေါင်ချိန်ရောက်ရန် အနည်းငယ်သာလိုတော့သည် မဟုတ်ပါလား။

"သားလေးရေ . . . ထွက်တွေ့ပါဦးကွ၊ မင်းဆရာပါ"

ညအချိန်မို့ သူ့အသံကို ဝေလပင်မဟုတ်၊ မိုင်းညိုတို့ သုံးယောက်ပါ ကြားလိမ့်မည်။ ဒီဘက်ခြမ်းတွင် သူရှိနေသည်မို့ ဝေလ ဟိုဘက်ကိုသာ ပြေးပါမည်။ တစ်ဖက်ခြမ်းမှာက သုံးယောက်၊ ဝေလ ယှဉ်နိုင်လိမ့်မည်မဟုတ်ပါ။ အရေးနိမ့်ပြီး လှည့်ပြေးလာလျှင် သူက စောင့်ရှင်းရုံသာ။ ထို့ကြောင့် . . .

"သားရေ . . . မင်းဆရာပါကွ၊ ဘာမှမလုပ်ပါဘူး"

မကြာခင် အချိန်ပိုင်းအတွင်းမှာပဲ အရှေ့ခြမ်းဆီမှ တိုက်ခိုက်သံသဲ့သဲ့ကို ကြားရသည်။ ဦးသိုက်ညို သေချာနားစွင့်လိုက်၏။ သေချာပေပြီ။ ဓားချင်းထိခတ်သံ၊ ဒါဆိုလျှင် ဝေလနှင့် ဟိုသုံးယောက် တိုက်နေကြပြီ။ ခြေလှမ်းကို သွက်သွက်လှမ်းလိုက်သည်။

တစ်ခါတည်း ပွဲသိမ်းနိုင်ဖို့ အရေးကြီးပါသည်။ ဒါမှသာ . . .

သွက်သွက်လှမ်းနေရာမှ တစ်နေရာတွင် ခြေလှမ်းတို့ ရပ်သွား၏။ အကြောင်းကား စနကြားနေရသော တိုက်ခိုက်သံများကို မကြားရတော့။ ဘယ်လိုဖြစ်တာလဲ၊ ကိစ္စပြီးသွားပြီလား။

ခြေလှမ်းကို ရပ်ပြီး နားစွင့်တော့ တကယ်ပင် မကြားရတော့ပါ။ ကိစ္စပြီးသွားတာတော့ မဖြစ်နိုင်သေး။ ဒါဆို သူတွေးထားသလိုများ . . .

သိပ်မကြာခင်မှာပဲ အရှေ့ပိုင်းဆီမှ တောတိုးပြေးလာသံများကို ကြားလိုက်ရသည်။ သေချာပြီ၊ ဦးသိုက်ညို တွက်ကိန်းမှန်ခဲ့ပြီ။ မယှဉ်နိုင်လို့ ဒီဘက်ခြမ်းဆီ ဝေလကိုယ်လွတ်ရုန်းပြေးလာပြီ။ ဦးသိုက်ညို သစ်



ပင်ကွယ်ကာ ရပ်လိုက်၏။ ပြီးတော့ အသံကို နားစွင့်၍ ပြေးလာသည့် လမ်းကြောင်းကို ချင့်တွက်သည်။

အနီးစပ်ဆုံး လမ်းကြောင်းတစ်ခုကိုရတော့ နေရာပြောင်းစောင့်နေလိုက်ပါသည်။

တောတိုးပြေးလာသံမှာ တဖြည်းဖြည်း နီးကပ်လာသည်။ အသံအကွာအဝေးအရ သူနှင့် သိပ်မလိုတော့။ ဓားရိုးပေါ် လက်တင်ထားလိုက်၏။ သစ်ပင်ကို ကျောကပ်ရင်း ရှေ့ကိုမျှော်ကြည့်မိတော့ . . .

တွေ့ရပြီ။

လရောင်အောက်မှာ အသက်လုပြေးလာသော လှုပ်ရှားမှုတစ်ခုကို တွေ့ရပြီ။ ဦးတည်လာရာ လမ်းကြောင်းက သူ့တည့်တည့်၊ နိပ်ချေပြီ။ အပင်ပန်းခံစရာ မလိုတော့။

ခြေသံ နီးကပ်လာခိုက်မှာ လက်ယာဘက်ခြမ်းဆီမှ ခြေသံအချို့ကို ထပ်ကြားရပါ၏။ မျက်မှောင်ကြုတ်မိသွားပေမဲ့ ချက်ချင်းပဲ မေ့ပစ်လိုက်သည်။ ဝေလ နောက်မှ တပ်လှန့်လိုက်လာသူတွေ ဖြစ်နိုင်ပါသည်။

မလိုတော့။

သူ့ဓားချက်နှင့် အားလုံးပြီးတော့မည်။ သချိုင်းတွင် မြေနေရာပြည့်တော့မည်။ အဆက်မပြတ် လူသေမှုတွေ မကြာခင်အချိန်အတွင်း လုံးဝ ရပ်ဆိုင်းသွားတော့မည်။

နီးလာနေပြီ။

တစ်လှမ်းပြီးတစ်လှမ်း သူနှင့် နီးလာပေပြီ။

မလိုတော့၊ ဘယ်လောက်မှမလိုတော့။

ပြေးလာသော ခြေသံအဆုံး။

သူ့ဓားအထုတ် . . .

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com

## XXXVII

သုသာန်တွင်းသို့ မြင်းတစ်စီးနှင့် လူတစ်ယောက် ဝင်လာပါသည်။ တစ်လှမ်းချင်း မောင်းဝင်လာသော ဦးသိုက်ညိုကိုကြည့်ပြီး ပဋ္ဌာန်ကြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။ ပြီးတော့ ဇရပ်အလယ်တွင် ထိုင်ကာ ဦးသိုက်ညိုရောက်အလာကို စောင့်နေလိုက်၏။

ဇရပ်ရှေ့ကိုရောက်တော့ မြင်းပေါ်မှ ဆင်းပါသည်။ သုန်မှုန်သော မျက်နှာထားဖြင့် မြင်းကျောပေါ်မှ ကန့်လန့်ဖြတ်တင်ထားသော ခန္ဓာတစ်ခုကို ပခုံးပေါ်ပြောင်းတင်ရင်း ဇရပ်တွင်းဝင်လာသည်။ ပဋ္ဌာန်ကြီးရှေ့ကိုရောက်တော့ ထမ်းလာသော ရုပ်ခန္ဓာကို အုန်းခနဲပစ်ချကာ–

"ကျန်တဲ့မြေနေရာမှာ သူ့ကိုမြှုပ်လိုက်"

မှောက်လျက်ဖြစ်နေသည့်ကြောင့် အလောင်းကို ပဋ္ဌာန်ကြီး ဆွဲလှန်လိုက်စဉ် . . .

"ဟာ . . . မှိုင်းညို"

ထိတ်လန့်အံ့ဩဟန်တို့ ပဋ္ဌာန်ကြီးမျက်နှာမှာ ပေါ်သွားပြီး . .

"ဘယ်လိုဖြစ်တာလဲဗျာ . . . ဗိုက်မှာလည်း ဓားဒဏ်ရာကြီးနဲ့"

ဦးသိုက်ညိုကို မော့ကြည့်တော့ ဆွေးရီသော မျက်နှာထားနှင့် အဝေးကို ငေးနေသည်။

"ကျုပ်က ဝေလလို့ ထင်ထားတာ။ ဘယ်လိုကြောင့် မှိုင်းညို ဖြစ်သွားရတာလဲ။ ခင်ဗျားသတ်လိုက်တာတော့ မဟုတ်ပါဘူးနော်"



ဓားကိုဆွဲထုတ်ပြီး ပဋ္ဌာန်ကြီးလည်ကုပ်ပေါ် ထောက်တင်ကာ–

"စကားမရှည်နဲ့၊ အမြန်မြှုပ်လိုက်"

ပဋ္ဌာန်ကြီးက ပခုံးကို ဟန်ပါပါတွန့်၏။ ပြီးတော့ ရိထေ့ထေ့ အပြုံးတစ်ခုကို ပြုရင်း . . .

"ဒီတစ်ခါတော့ ကျုပ်ကို ဓားပြခြိမ်းခြောက်လို့ မရတော့ဘူး ဗျ"

ထိုစဉ်မှာပဲ ဇရပ်နောက်ပိုင်းနှင့် အုတ်ဂူအကွယ်မှ ပုလိပ်များ ထွက်လာကာ ဦးသိုက်ညိုကို သေနတ်ဖြင့် ဝိုင်းချိန်လိုက်ကြပါသည်။ ဒီတော့မှ အုတ်ဂူနောက်တွင် ပုန်းနေသော စည်သူ၊ ထင်ကျော်နှင့် ကိုကြီးမောင်တို့ ရှေ့ထွက်လိုက်သည်။ ပုလိပ်အရာရှိက . . .

"ကနောင်နဲ့ ယိုးမယ်ကို မီးတိုက်သတ်မှု၊ အောင်တိုးကို အဆိပ်ခပ်သတ်မှု၊ အခု ခင်ဗျားညီ မှိုင်းညိုကို ခင်ဗျားကိုယ်တိုင် ဓားခုတ်သတ်မှုတွေနဲ့ ခင်ဗျားကို ကျုပ်တို့ဖမ်းလိုက်ပြီ"

"ကျန်သေးတယ် . . ."

သုသာန်ဝဆီမှ ထွက်ပေါ်လာသော အော်သံကြီးတစ်ခု။ လှမ်းကြည့်တော့ . . .

"ဟာ . . . ဘကြီးချမ်းသာ . . . ဦးလေးသောင်း . . ."

ကိုကြီးမောင်နှုတ်မှ တိုးတိုးထွက်သွားသည်။

ဟုတ်ပါသည်။ ဇရပ်ကို ဦးတည်၍ လျှောက်လာနေသူတစ်စု၊ ပွေးလှကုန်းရွာသူဌေး ဦးချမ်းသာ၊ ကနောင်ဦးလေး ဦးသောင်းတန်နှင့် နောက်ပါအချို့၊ ထိုသူတို့က လူ (၇) ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာပါသည်။

အခြားမဟုတ်။ ဦးသိုက်ညိုဆီမှ ပြန်ပေးဆွဲခေါ်ထားသော တပည့် (၆) ယောက်။ နောက်တစ်ယောက်ကတော့ အနည်းငယ် ထူးဆန်း၏။ ထိုသူမှာ ဦးသောင်းတန်လက်တွင်း၌ လှုပ်မရနိုင်အောင် ပါလာသည်။

"ဝေလ . . ."



www.burmeseclassic.com

www.burmeseclassic.com

အားလုံးရှေ့ရောက်စဉ်တွင် ဦးချမ်းသာက ဖမ်းလာသော လူ (၇)ယောက်ကို ဒူးထောက်ထိုင်ခိုင်းကာ . . .

"ကျုပ်သမီး ရှင်ယိုးမယ်နဲ့ ကိုသောင်းတန်တူ ကနောင်တို့ သတင်းအစရှာမရအောင် ပျောက်သွားတဲ့ကိစ္စမှာ ကျုပ်သူ့ကို လုံးဝ မသင်္ကာခဲ့ဘူး။ အဲ့ဒါကြောင့် ကျုပ်နည်းကျုပ်ဟန်နဲ့ သူ့လူတွေ ပြန်ပေး ဆွဲပြီး စစ်မေးခဲ့တာ"

လက်ညှိုးထိုးပြောနေသော ဦးချမ်းသာကို အားလုံးက စိတ်ဝင် စားစွာ ဝိုင်းကြည့်နေကြသည်။

"အခုတော့ ကျုပ် အားလုံးသိခဲ့ပြီ။ ဒီလူ့ရဲ့ ယုတ်မာရက်စက်မှု အားလုံးကို သူ့တပည့် (၆) ယောက်နဲ့ ဝေလဆီကနေ သိခဲ့ရပြီ။ ဘာ တွေလဲဆိုတာတော့ လူကြီးမင်းတို့ကိုယ်တိုင် သက်ဆိုင်ရာမှာ စစ်မေး ပါတော့"

သမီးတစ်ယောက် ဆုံးရှုံးခဲ့ပေမဲ့ ဦးချမ်းသာ တည်ငြိမ်စွာ ရှင်း လင်းနိုင်ခဲ့သည်။ နောက်ပြီး ဒူးထောက်ကြောက်လန့်နေသော ဝေလကို တစ်ချက်လှမ်းကြည့်ကာ . . .

"သူကိုယ်တိုင်မွေးထားတဲ့၊ သူ့အပေါ် ကျေးဇူးအလွန်သိတဲ့ ဝေလကို သတ်ပစ်ဖို့ ညက သူကြိုးစားခဲ့တယ်။ ဒါပေမဲ့ လူမှားပြီး မှိုင်း ညိုကို သတ်မိသွားတယ်။ သူ့ညီအရင်းခေါက်ခေါက်ကို သူကိုယ်တိုင် သတ်ပစ်ခဲ့တာ"

"ထို . . ."

တံတွေးလှမ်းထွေးသူက ပဋ္ဌာန်ကြီး။

သုဘရာဇာလောက်ပင် လောကကြီးအတွက် အသုံးမဝင်သော လူတစ်ယောက်ပါတကား။

ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ။

သူကြီးဦးဆောင်သော ရွာသူ/သားအပေါင်းက သုသာန်ကြီး တစ်ခုလုံးကို ပတ်ဝိုင်းလိုက်သည်။

ပြေးရန် မဖြစ်နိုင်တော့ . . . ။



# အပိုင်း (၆)



www.burmeseclassic.com

www.burmeseclassic.com

နောက် (၇) ရက်ကြာပြီးစဉ်မှာ . . .
မြို့က သတင်းတစ်ပုဒ် ရောက်လာသည်။
ဖမ်းဆီးအပြစ်ပေးထားသော ဝေလနှင့် သိုက်ညို့နှစ်ဦး
အနက် ဝေလမှာ အချုပ်ထဲတွင် ကိုယ့်ကိုယ်ကိုယ်
သတ်သေသွားကြောင်း။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**နောက် (၃) ရက်ကြာတော့**

**သတင်းတစ်ပုဒ် ထပ်ရောက်လာပြန်သည်။**

**အချုပ်ထဲမှာပင် ဦးသိုက်ညိုမှာ အကြောက်လွန်ပြီး**

**ရုပ်ပျက်ဆင်းပျက် သေဆုံးသွားကြောင်း။**

**ဘာကိုမြင်တွေ့လိုက်၍**

**အကြောက်လွန် သေဆုံးသွားသည်ဆိုတာကိုတော့ . . .**



# XXXVIII

ခြောက်သွေ့တောင်ကုန်းပတ်ဝန်းကျင်၌ မေတ္တာသုတ်ရွတ်ဖတ်တွေ ပျံ့နှံ့စီးဝင်နေပါသည်။ ဘုန်းကြီးငါးပါးက ကြည်ညိုဖွယ်အဆင်းသဏ္ဍာန်ဖြင့် မေတ္တာပို့ ပွားများနေကြသည်။

ဘုန်းကြီးများရှေ့မှာက ဦးချမ်းသာနှင့် ဦးသောင်းတန်မှာ ရေစင်ခွက် ကိုယ်စီကိုင်ပြီး ရှိနေပါ၏။ ဦးချမ်းသာမျက်ဝန်း၌ မျက်ရည်ယိုစီးကာ ဦးသောင်းတန်ကတော့ မချိတင်ကဲ မျက်နှာနှင့် မေတ္တာသုတ်ဆက်ရွတ်နေသည်။

ဘုန်းကြီးငါးပါး၏ နောက်ကျောဘက်ဆီမှာက ထုံးဖြူသုတ်ထားသော လောလောလတ်လတ် အုတ်ဂူနှစ်လုံး၊ ယခုတော့ ကနောင်ယိုးမယ်တို့၏ ပြာအိုးကို ပြန်လည်တူးဖော်ပြီး ကောင်းမွန်စွာ သဂြိုဟ်ခဲ့ပါပြီ။

ရေစက်ချသူနှစ်ဦး၏ နောက်မှာက သူကြီးအပါအဝင် ရွာသူရွာသားများ၊ ပြီးတော့ ကိုကြီးမောင်၊ ထင်ကျော်နှင့် စည်သူ။

အုတ်ဂူဖြူလေးနှစ်လုံးကို ကြည့်ပြီး စည်သူ့ရင်တွင်းမှာ စကားပြောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"လေးစားပါတယ် . . . သူငယ်ချင်းတို့ရာ၊ မင်းတို့ရဲ့ ချစ်ခြင်း မေတ္တာက နက်ရှိုင်းခိုင်ခံ့လွန်းပါတယ်။ အချစ်ကို သစ္စာဖောက်နေသူ အ လုံးအတွက် မင်းတို့နှစ်ဦးက နမူနာကောင်းတစ်ခုပါပဲ။ သူတို့တွေအတွက် မင်းတို့ရဲ့နှလုံးသားကို လေးစားခွင့်ပေးလိုက်ကြပါ။ ငါ ဆုတောင်း ပါတယ်။

ဘယ်ကမ္ဘာ ဘယ်ဘဝရောက်ရောက် မင်းတို့ လက်တွဲခိုင် မြဲပါစေ။ ယိုးမယ် . . . သူငယ်ချင်း နင့်ရဲ့လက်ဟာ ပါရမီဖြည့်ဘ ကောင်းတစ်ယောက်ရဲ့လက်ဖြစ်ပါစေ"

သူငယ်ချင်း ကနောင် . . .

မင်းကတော့ 'ချစ်သူလက်ညှိုးထိုးတိုင်း ပန်းတွေဝေပေးနိုင် တစ်ဦး ဖြစ်ပါစေကွာ"



BURMESE CLASSIC .com

နောက်တစ်နေ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com

## XXXIX

ခြောက်သွေ့တောင်ကုန်းတွင် ပထမဆုံး ပန်းတစ်ပွင့် စတင်ပွင့်လာခဲ့ပါသည်။

ပြီးတော့ . . .
ပြီးတော့ . . .


ံ ံ ံ

သိုးဆောင်း
မြန်မာစံတော်ချိန် ညနေလေးနာရီ
ဆယ့်နှစ်မိနစ် ရှိပါပြီခင်ဗျာ။
၁၁-၅-၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com



ဤပုံနှင့်ပတ်သက်၍ . . .

စက္ကူတစ်ချပ်ကို သင်မှုတ်သော် သင်၏ပါးစပ်မှ လေကြောင်းသည် အရှေ့တည့်တည့်မသွားပဲ အပေါ်ဘက်၊ အောက်ဘက်နှင့်၊ ဘယ်ဘက်သို့ ထွက်သွားသည်။ ဤသို့ဖြစ်ရခြင်းမှာ လေထဲတွင် ထောင်နေသော ပေစာစက္ကူ၏ ပုံသဏ္ဌာန်ကြောင့်ဖြစ်ပါသည်။ စက္ကူ၏အနောက်ဘက်မှာ လေသည် ထိုလေကြောင်းတို့ထံ ဖိနှိပ်ခြင်းကို ခံရ၏။ ထို့ကြောင့် ဖယောင်းတိုင်မှာ မသေသွားပဲ စက္ကူဘက်သို့ ပြန်လာခြင်းဖြစ်ပါသည်။





ဤပုံနှင့်ပတ်သက်၍ . . .

ကြက်သွန်နီနှင့် ဆပ်ပြာကို အတူရောကြိတ်၍ အရည်ညှစ်ထုတ်ရပါမည်။ ၎င်းအရည်ဖြင့် စက္ကူပေါ်တွင် လိုရာအရုပ်ကို ရေးရမည်။ ထို့နောက် စက္ကူကို အပူပေးပါက ရေးဆွဲထားသော ရုပ်ပုံမှာ ထင်ရှားစွာပေါ်လာပါလိမ့်မည်။



www.burmeseclassic.com